ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (23-12-2014) (၈၀၆၃)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာ ၂၃ ရက်နေ့တွင်ကျရောက်သည့် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင် အာကီဟီတိုနှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇို အာဘေးတို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့သည်။

**(သတင်းစဉ်)**

# တိုင်းရင်းဆေးဝါးများကို အာဆီယံစံချိန်စံညွှန်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးများအား လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးသမားတော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ၁၅ နှစ်တာကာလအတွင်း နှစ်စဉ်တစ်နိုင်ငံလုံး၌ရှိနေကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးနှင့် ပတ်သက်ဆက်နွယ်နေကြသူများအနေဖြင့် ညီလာခံကြီးတွင် တစ်နှစ်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိကြပါကြောင်း။

ညီလာခံတွင် ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းခွင့်များရရှိသည့်အပြင် ဆေးပညာရပ်စာတမ်းဖတ်ပွဲ၊ နှီးနှောဖလှယ်ပွဲကိုလည်း တစ်ဆက်တစ်စပ်တည်းကျင်းပခြင်းဖြစ်ပါကြောင်း၊ ညီလာခံတွင် တိုင်းရင်းဆေးပညာရပ်များဆွေးနွေးခွင့်အပြင် ဝါရင့်ဆရာကြီးများက မျိုးဆက်သစ်များအား ပညာရပ်ဆိုင်ရာများ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သောကြောင့် မျိုးဆက်သစ်များအနေဖြင့် ပညာအမွေအနှစ်ဆက်ခံခွင့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ပါကြောင်း။

မြန်မာပြည်သူများအနေဖြင့် မြန်မာ့တိုင်းရင်းဆေးကိုယုံကြည်အားထားနေခြင်းသည် မိမိတို့ဘိုးဘွားအမွေအနှစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲပေါင်း(၂၇)ကြိမ်လုပ်ခဲ့ရကြောင်း အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်လုံးကလက်ခံနိုင်သည့် သဘောတူညီချက်ရရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ပြောကြား

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အနေဖြင့် အလုပ်သမားထုအားလုံး အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရ သုံးပွင့်ဆိုင်တွေ့ဆုံပြီး အလုပ်သမားနှင့် အလုပ်ရှင်များ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲများကို ဒီဇင်ဘာ ၂၀ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းရှိ လုပ်သားများကျွမ်းကျင်မှုသင်တန်းကျောင်း ပင်လုံခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ အလုပ်ရှင်များနှင့်လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(ILO)၊ မြန်မာ့စျေးကွက် သုတေသနနှင့် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ ယာယီမြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ ယာယီတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးသမဂ္ဂများအဖွဲ့ချုပ်၊ ယာယီမြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ အလုပ်ရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများအား သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်**

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီမှုက တစ်ပိုင်း၊ အဲဒါနဲ့ပတ်သက်လို့ စစ်တမ်းကောက်ယူပြီး အခြေခံလိုအပ်ချက်တွေအပေါ်မှာ

**တွေ့ဆုံမေးမြန်း – ရီရီမြင့်၊ ဉမ္မာသန့်**

တစ်ပိုင်း အားလုံးကိုပေါင်းစပ်ပြီး ဘယ်လောက်တော့ လုပ်ချင်တယ်၊ လုပ်သင့်တယ်။ အဲဒါကို အဆိုပြုမယ်။ အဲဒီလိုအဆိုပြုတဲ့နှုန်းထားတွေကို ပြည်သူလူထုသိအောင် ကြေညာမယ်။ သတင်းစာတွေမှာ ရက်ပေါင်း(၆၀)အတွင်းကန့်ကွက်နိုင်သေးတယ်။ ဒါ လုပ်ခနည်းတယ်၊ ဒါများတယ်။ ဒါကတော့မသင့်ပါဘူးဆိုပြီး ကန့်ကွက်ချက်တွေကို အကုန်လုံး လက်ခံမယ်၊ စဉ်းစားမယ်။ ပြီးရင်အဲဒီကန့်ကွက်ချက်တွေအပေါ် မူတည်ပြီး ပြန်ဆွေးနွေးမယ်။ ပြန်ညှိနှိုင်းမယ်။ အားလုံး အဲဒီအပေါ် မူတည်ပြီး ဆွေးနွေးညှိနှိုင်းပြီးရတဲ့ အဖြေတစ်ခုကို ဥပမာ အတည်ပြုမယ့်ပမာဏ အဲဒါကို ပြည်ထောင်စုအစိုးရအဖွဲ့ဆီတင်ပြမယ်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

- - - - - - - - -

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။



**ကြေးမုံစာတည်းရှုထောင့်** **၂၃-၁၂-၂၀၁၄၊ အင်္ဂါနေ့**

## လယ်ယာမြေဂေဟစနစ်နှင့် အော်ဂဲနစ်စိုက်ခင်းများ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြုနေသောနိုင်ငံဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြသည်။ ထို့အပြင် စိုက်ပျိုးရေးနှင့်တွဲ၍ မွေးမြူရေးကိုလည်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသည်။

စိုက်ပျိုးရေးတွင် မိရိုးဖလာအစဉ်အလာ ထွန်ယက်စိုက်ပျိုးပြီးတလင်းနယ်ထုတ်လုပ်သည်အထိ လူလုပ်အားဖြင့်ပင် ပြုလုပ်လေ့ရှိသည်။ တောင်သူများသည် ကျွဲ၊ နွားများလွှတ်ကျောင်းရန်အတွက် ရွာတိုင်းတွင် စားကျက်မြေများထားရှိပြီး ထိုစားကျက်မြေအတွင်း မှီတင်းနေထိုင်ကြပြီး ညအချိန်လယ်ကန်သင်းတစ်လျှောက် လှည့်လည်ပြီး လယ်ယာများကို စောင့်ရှောက်ပေးတတ်ကြသည်။ ညအချိန်တွင် စပါးခင်းများကို ကိုက်ဖြတ်ဖျက်ဆီးတတ်သည့် လယ်ကြွက်များကိုလည်း ဂရုစိုက်ရသေးသည်။

နေ့ဘက်ဆိုလည်း လယ်သမားများ၏ မိတ်ဆွေ ဗျိုင်းများ၊ တောစာလေးများက စပါးရွက်ဖျက်ပိုးများ၊ ဆစ်ပိုးများကို ထိုးယူစားသောက်ပေးပြီး စပါးဖျက်ပိုးများအန္တရာယ်မှ ကာကွယ်ပေးတတ်ကြသည်။ လယ်ယာမြေသုံး မြေဩဇာဆိုလျှင်လည်း သဘာဝနွားချေးများကို သုံးစွဲခြင်းသည် ရှေးထုံးစဉ်လာမိရိုးဖလာ လယ်ယာစိုက်ပျိုးရေးနည်းစနစ်ဖြစ်သည်။

မွေးမြူရေးတွင်လည်း စိုက်ပျိုးရေးလုပ်အားရှင် ကျွဲ၊ နွားများအပြင် ဝက်၊ ကြက်၊ ဘဲ စသည်ဖြင့် နိုင်သလောက်မွေးကာ မိသားစုဝမ်းစာကို ဖြည့်ဆည်းပေးရုံမှအပ စီးပွားဖြစ်မလုပ်ကြပါ။ အစစအရာရာ ပုံမှန်လည်ပတ်လျက် ရောင့်ရဲလွယ်တတ်ကြသော ကျေးလက်နေပြည်သူများဘဝမှာ ငြိမ်းချမ်းမှုအတိရှိခဲ့ကြသည်။

ယခု ထိုသို့မဟုတ်တော့ပြီ။ နည်းပညာခေတ်မှာ လယ်ယာစိုက်ပျိုးရေးသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲလာခဲ့သည်။ တစ်ဦးချင်းဝင်ငွေကအစတွက်ချက်ကာ တစ်နှစ်တာထိကြိုတင်ရှုမြင်ပြီး လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ရေးကို စဉ်းစားလာကြသည်။ အကျိုးဆက်မှာ လယ်ယာလုပ်သားများ ရှားပါးလာခဲ့သည်။ လူဦးရေတိုးပွားလာမှုနှင့်အတူ စားကျက်မြေများလည်း လျော့နည်းလာသည်။

အထွက်တိုးရေးအတွက် ဓာတ်မြေဩဇာမျိုးစုံ၊ ပိုးသတ်ဆေးမျိုးစုံ သုံးစွဲလာမှုက သဘာဝမြေဆီမြေဩဇာများကို ခန်းခြောက်လာစေသည်။ လယ်ယာမြေဂေဟစနစ်ကို ပျက်စီးစေနိုင်သည်။ နည်းပညာသုံးကာ အထွက်တိုးရေးဆောင်ရွက်ကြရာတွင် နည်းစနစ်မမှန်သော ဓာတုဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှုများကာ ဆိုးကျိုးကိုသက်ရောက်စေသည်။

တစ်ဖက်မှာလည်း လယ်ယာလုပ်ငန်းခွင်၌ ကျွဲ၊ နွား ရှားပါးလာမှု၊ ကောက်စိုက် ပျိုးနုတ် လုပ်သားရှားပါးလာမှုအခြေအနေတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်၊ စိုက်စက်၊ ခြွေလှေ့စက်များနှင့် အသုံးပြုလာမှုများ အချိန်တိုအတွင်း လုပ်ငန်းတွင်ကျယ်လာသည်။ သို့သော် ဓာတုမြေဩဇာ၊ ဓာတုပိုးသတ်ဆေးများသုံးစွဲလာမှုကိုကား ထိန်းချုပ်သင့်သည်။ မဟုတ်လျှင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေနိုင်သလို လယ်ယာမြေများတွင်လည်း မြေဆီခန်းခြောက်ကာ လုံးဝသုံးမရသည့်အဆင့်ထိ ဖြစ်သွားနိုင်ပါသည်။

ယနေ့နိုင်ငံတော်မှ စံပြစိုက်ခင်းများဖော်ထုတ်ကာ ဓာတုမြေဩဇာအစား သဘာဝမြေဩဇာသုံး အော်ဂဲနစ်စိုက်ခင်းများစိုက်ပျိုးကာ နိုင်ငံတစ်နံတစ်လျားမှ တောင်သူလယ်သမားများအား နမူနာကောင်းများပြသကာ နည်းနာပေးလျက်ရှိနေပါပြီ။ တဖြည်းဖြည်းနှင့် အော်ဂဲနစ်စိုက်ခင်းများကို နိုင်ငံအနှံ့ တိုးချဲ့စိုက်ပျိုးကာ တစ်ဖက်မှာလည်း စားကျက်မြေများ ပြန်လည်ဖော်ထုတ်လျက်သဘာဝစိုက်ခင်းများကို နှောင့်ယှက်တတ်သော လယ်ကြွက်ကြီးများ အန္တရာယ်ကို သဘာဝနှင့် ပြန်လည်ထိန်းပေးသွားနိုင်မည်။ ဤသို့ဖြင့် ယခင်ကအတိုင်း လယ်ယာမြေဂေဟစနစ်ကို ပြန်လည်ဖော်ထုတ်ကာ သဘာဝမြေဩဇာသုံး၍ အန္တရာယ်ကင်းအော်ဂဲနစ်စိုက်ခင်းများနှင့် လယ်ယာမြေကို အလှဆင်သွားကြပါစို့။ ။

---

# ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ပဲခူးမြို့ရှိဆက်သွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့၌ Pilot Project အဖြစ် ဆောင်ရွက်လျက်ရှိသော MSAN (Multi Service Access Note) အိတ်ချိန်းတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လုပ်ငန်းများလျာထားချက်အတိုင်း အချိန်မီပြီးစီးရေးနှင့် သုံးစွဲသူများ အရည်အသွေးကောင်းမွန်စွာ သုံးစွဲနိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ပဲခူးမြို့တွင် ယခင်တပ်ဆင်ထားရှိသော အိတ်ချိန်းစနစ်သည် တယ်လီဖုန်းစနစ်တစ်ခုတည်းသာ အသုံးပြုနိုင်သော ဒစ်ဂျစ်တယ်အိတ်ချိန်းစနစ်ဖြစ်ပြီး ADSL ကဲ့သို့သော အင်တာနက်စနစ်သုံးစွဲလိုပါက သီးခြားတပ်ဆင်အသုံးပြုရသည့် စနစ်တစ်ခုဖြစ်သည်။ ယခု Pilot Project အဖြစ်ဆောင်ရွက်လျက်ရှိသော အိတ်ချိန်းစနစ်သည် တယ်လီဖုန်းဆက်သွယ်သည့်စနစ်အပြင် ဒေတာဆက်သွယ်မှုစနစ်အပါအဝင် အခြားဝန်ဆောင်မှုလုပ်ငန်းများကို တပေါင်းတစည်းတည်းအလွယ်တကူ တပ်ဆင်အသုံးပြုနိုင်သော စနစ်တစ်ခု ဖြစ်သည်။

အဆိုပါစနစ်တပ်ဆင်ပြီးစီးသွားပါက ပဲခူးမြို့တွင် တယ်လီဖုန်းစနစ်အနေဖြင့် လက်ရှိသုံးစွဲသူများအား စနစ်အသစ်ဖြင့် အစားထိုးပြောင်းလဲပေးသွားမည့်အပြင် လိုင်းအသစ် ၁၄၀၀ ခန့်ကိုလည်း တိုးချဲ့တပ်ဆင်ပေးနိုင်မည်ဖြစ်ပြီး ADSL စနစ်အနေဖြင့် လက်ရှိ လိုင်း ၂၈၀ သာအသုံးပြုလျက်ရှိရာမှ လိုင်း ၁၇၀၀ ကျော်ထပ်မံ တိုးချဲ့တပ်ဆင်ပေးနိုင်မည်ဖြစ်သည်။

အသစ်တည်ဆောက်တပ်ဆင်သည့် စနစ်သည် ဖိုင်ဘာကေဘယ်အား သုံးစွဲသူနှင့်အနီးကပ်ဆုံး ကက်ဘိနက် (Cabinet) နေရာအထိ ဖြန့်ကြက်တပ်ဆင်သောစနစ်ဖြစ်သဖြင့် အရည်အသွေးပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားမြို့နယ်များ၏ အိတ်ချိန်းများကိုလည်း အဆိုပါ MSAN စနစ်အိတ်ချိန်းများဖြင့် အဆင့်လိုက် အစားထိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

---

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့


**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျရောက်သည့် ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီအို ခီရှိဒါ ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

---

**ဥတုရာသီ တောကိုမှီ၏**



---

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

| | | | |
|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၈၀၀၀ | - | ၆၆၉၀၀၀ |
| မန္တလေး ရွှေဈေး | ၆၆၈၀၀၀ | - | ၆၆၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၂၅ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၇၇၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၆. ၀ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁. ၀၈ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၀၇ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၄၄ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၄၁ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၃၈ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၈၅၉. ၃၁ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၃၅၄ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၆. ၃၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

---


**ဒေါ်နှင်းနှင်းမော် တည်ထောင်အုပ်ချုပ်သည့်**

**CAE ကိုယ်ပိုင်အထက်တန်းကျောင်း(နေပြည်တော်)**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအပ်နှံခြင်းကို ၁၅-၁-၂၀၁၅ ရက်မှ စတင်လက်ခံမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြစ်ကြီးနားလမ်းနှင့် လှိုင်ကော်လမ်းကြား၊ ဥတ္တရသီရိဆေးရုံ**(SSC)**
တောင်ဘက်၊ ဇဝနသိဒ္ဓိရပ်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၇၅၈၀၊ ၀၆၇-၄၁၇၅၈၁၊ ၀၆၇-၄၁၇၅၈၂၊
၀၆၇-၄၁၇၅၈၃၊ ၀၆၇-၄၁၇၅၈၄



**အသိပေးအကြောင်းကြားခြင်း**

မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေ ထီလုပ်ငန်းတွင် ရောင်းချရန် အပ်နှံထားသည့် နယ်မှ ဝယ်ယူခွင့်ရရှိသော ထီစာအုပ်ပိုင်ရှင်များသည် မိမိတို့နှင့်သက်ဆိုင်သော ထီစာအုပ်များနှင့် ပတ်သက်သည့် ကိစ္စအဝဝအား (၂၄.၁၂.၂၀၁၄)နောက်ဆုံးထား၍ မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင်အမှတ်(၄၀၁/၄၁၁)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ဆိုင်ဖွင့်ချိန်အတွင်း လာရောက်ဆက်သွယ်စာရင်းရှင်းပေးကြပါရန်နှင့် (၂၂.၁၂.၂၀၁၄)နေ့ထိစာရင်းရှင်းလင်းခြင်းမရှိသော ထီစာအုပ်များအား ကြော်ငြာထားသော သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများသို့ ထီစာအုပ်များအပ်နှံသွားမည်ဖြစ်ကြောင်း ရိုသေလေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ - ၇၃၀၈၇၉၅၀၊ ၀၉ - ၅၁၂၈၁၆၁၊ ၀၉ - ၄၀၁၆၀၀၃၉၇

## ပြည်တွင်းရေးရာ

❖ **ရွှေဖုံးမှ**

ပညာရပ်ကိုတန်ဖိုးထားခြင်း၊ တိုင်းရင်းဆေး၏ သဘာဝအခြေခံပစ္စည်းများသည် အာနိသင်ရှိပြီး ဘေးထွက်ဆိုးကျိုးအန္တရာယ်နည်းပါးသည်ကို သိရှိလက်ခံခြင်း၊ မိမိယုံကြည်ကိုးကွယ်ရာဘာသာနှင့် နီးစပ်သည့် ဆေးပညာရပ်ဖြစ်ခြင်းတို့သည် ပြည်သူအများ ယုံကြည်အားထားရသည့် အကြောင်းတရားပင် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအဆက်ဆက်မှ တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်အားဖြည့်ပေးရန် ပံ့ပိုးဆောင်ရွက်ခဲ့သည်ဖြစ်ပါကြောင်း။

တိုင်းရင်းဆေးပညာရှင်ကြီးများကို တိုက်တွန်းလိုသည်မှာ ပြောင်းလဲလာသည့် ခေတ်မီလူနေမှုပုံစံမျိုးစုံနှင့်အညီ ရောဂါရှာဖွေမှု၊ ဆေးဝါးအသုံးပြုမှု၊ ဆေးကုထုံးအသစ်များ အသုံးပြုမှုတွင် နေ့စဉ်နှင့်အမျှပြောင်းလဲနေပါကြောင်း၊ ယင်းပြောင်းလဲမှုကို လိုက်မီနိုင်ရန် လိုအပ်သည့်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေမှသာ နောက်ကျမကျန်ခဲ့မည်ဖြစ်သည့်အတွက် တိုင်းရင်းဆေးဆိုင်ရာ သုတေသနလုပ်ငန်းများကို မမေ့မလျော့အားထုတ်လုပ်ဆောင်ကြစေလိုပါကြောင်း၊ အလားတူ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းသည် ကြီးပွားသည့် လုပ်ငန်းတစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းကြောင့် ပေါ်ထွက်လာသည့် အမြတ်အစွန်းအနည်းငယ်ကို ပရဟိတလုပ်ငန်းများတွင်လည်း သဒ္ဓါတရားရှိသရွေ့ ပါဝင်ကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောပြည်သူများသည် ကျေးလက်တွင်နေထိုင်ကြသည့်အတွက် တိုင်းရင်းဆေးဝါးကို ပိုမိုအားကိုးကြပါကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းဆေးလုပ်ငန်းရှင်များအနေဖြင့် အနည်းငယ်မျှသော အမြတ်အစွန်း၏ ရာခိုင်နှုန်းတစ်ခုကိုရန်ပုံငွေတစ်ရပ် ထူထောင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများကို တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

တိုင်းရင်းဆေးကဏ္ဍတွင် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းတို့သည် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးရေး၏ အဓိကမဏ္ဍိုင်ကြီးများဖြစ်ပါကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဒီဂရီအဆင့်အပြင် မဟာဘွဲ့အဆင့်ထိ လေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်ကြရာတွင် တိုင်းရင်းဆေးသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ အာဆီယံနိုင်ငံအတွင်း တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ၊ ကုန်သွယ်ရေးဆိုင်ရာများနှင့် ပတ်သက်ပြီး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ ဆေးဝါးများ မှတ်ပုံတင်ခြင်းနှင့် ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာဆောင်ရွက်ခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံများနှင့်ဆောင်ရွက်ရပါကြောင်း။

အာဆီယံနိုင်ငံအတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်း၊ လူမျိုးတစ်မျိုးချင်း တိုင်းရင်းဆေးများသည် အခြေခံအားဖြင့် မတူညီကြသည့်အတွက် မိမိနိုင်ငံ၏ တိုင်းရင်းဆေးပညာ အခြေခံ သီအိုရီများကို မိမိ၏မူပိုင်အဖြစ် ထိန်းသိမ်းကြရမည်ဖြစ်သလို ယင်းအခြေခံသီအိုရီများ ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန်မှာလည်း ပညာရှင်များ၏ တာဝန်သာဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးမီ ကြာရှည်ခံနိုင်မှု၊ အာနိသင်ထက်မြက်မှုများသည် သတ်မှတ် “စံ” အတိုင်းမှတ်ကျောက်တင်ခံနိုင်အောင် ကြိုးပမ်းကြမှသာ အာဆီယံနိုင်ငံများမှ မြန်မာ့တိုင်းရင်းဆေးဝါးများကို အသိအမှတ်ပြုလာကြမည်ဖြစ်ပါကြောင်း။

ယခုညီလာခံတွင် နယလေးပါးထဲမှ အမျိုးအစားအလိုက် လူနာချဉ်းကပ်ရောဂါရှာဖွေသတ်မှတ်ပုံများကို ဝါရင့်ဆေးဆရာကြီးများက တင်ပြဆွေးနွေးကြမည်ဟုသိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်မှာ ဆက်စပ်ပတ်သက်နေကြသူများ အားလုံးအနေဖြင့် မြန်မာ့ တိုင်းရင်းဆေးပညာရပ်နှင့် ဆေးဝါးများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တိုင်းရင်းဆေးဝါးများကို အာဆီယံ စံချိန်စံညွှန်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ကြရန်နှင့် တိုင်းရင်းဆေးဆိုင်ရာဥပဒေများနှင့်အညီ စည်းကမ်းတကျဆောင်ရွက်ကြရန်နှင့် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ငန်းဖြစ်သည့်အတွက် အားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် အစည်းအဝေးခန်းအနောက်ဘက်၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးသမားတော်များ၏ ထုတ်လုပ်ထားသည့် တိုင်းရင်းဆေးဝါးများအား လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်ပွဲအပြီးတွင် (၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဆက်လက်ကျင်းပခဲ့သည်။ ညီလာခံတွင် နယလေးပါးအခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ နဝရတ်ကတိသစ္စာနှင့် ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနှလုံးသွင်းစောင့်ထိန်းပြီး စည်းလုံးညီညွတ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ အစည်းအရုံးဖြစ်စေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာကို အရည်အသွေးမီတတ်မြောက်ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်သော လေ့ကျင့်သင်ကြားရေးစနစ်ကို အခိုင်အမာတည်ဆောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်ပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံမှုစနစ်တွင် ပါဝင်ဖြည့်ဆည်းပေးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အာဆီယံတိုင်းရင်းဆေးနယ်ပယ်တွင် မြန်မာ့တိုင်းရင်းဆေး၏ အခန်းကဏ္ဍအဆင့်အတန်းမီ တက်ကြွစွာပါဝင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်ဆိုသည့် အဆိုပြုချက်(၅)ချက်ကို တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကိုပိုမိုစောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၁၅)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းဆေးသမားတော်များ၏ ထုတ်လုပ်ထားသော တိုင်းရင်းဆေးဝါးများပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ကြီးများအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်စဉ်။**



# ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွင် ရေကူးဝတ်စုံဖြင့်ယှဉ်ပြိုင်မှုကို တားမြစ်လိုက်ပြီ

**လန်ဒန် ဒီဇင်ဘာ ၂၂**

ကမ္ဘာ့အလှမယ် ပြိုင်ပွဲများတွင် ရေကူးဝတ်စုံများ ဝတ်ဆင်ကာ ယှဉ်ပြိုင်စေသည့် အစီအစဉ်ကို ပယ်ဖျက်တားမြစ်လိုက်ပြီဖြစ်ကြောင်း ပြိုင်ပွဲဥက္ကဋ္ဌ ဂျူလီယာမော်လီက ထုတ်ပြန်ကြေညာလိုက်သည်။

"ကမ္ဘာ့အလှမယ်ပြိုင်ပွဲက အလှအပတစ်ခုတည်းကို ပြိုင်တဲ့ပြိုင်ပွဲ မဟုတ်ပါဘူး။ အလှအပဟာ လိုအပ်တဲ့အသုံးဝင်မှုတစ်ခုသာဖြစ်ပါတယ်။ ရေကူးဝတ်စုံက လိုအပ်တဲ့ အသုံးဝင်မှုတစ်ခုမဟုတ်ပါဘူး။ ကမ္ဘာ့အလှမယ်တစ်ဦးဟာ အသိုင်းအဝိုင်းတစ်ခုကို အထောက်အပံ့ရစေမယ့် ပြောရေးဆိုခွင့်ရှိသူတစ်ဦးသာဖြစ်သင့်ပါတယ်။ သူဟာ သံတမန်တစ်ဦးထက် ပိုပြီး အရေးပါပါတယ်။ အလှဘုရင်မ တစ်ယောက် မဟုတ်ပါဘူး" ဟု ကမ္ဘာ့အလှမယ်ပြိုင်ပွဲ၏ အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဒါရိုက်တာ ခရစ်ဝီလ်မာက အေဘီစီ သတင်းဌာနသို့ ပြောကြားသည်။




လိင်ဆွဲဆောင်မှုရှိသည့် ရေကူးဝတ်စုံပြိုင်ပွဲအစား အခြားကမ်းခြေဝတ်စုံပြိုင်ပွဲအစား ဝတ်ဖက်ရှင်ပြိုင်ပွဲတစ်ခုကို အစားထိုး ယှဉ်ပြိုင်သွားရန် ကမ္ဘာ့အလှမယ်ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက စီစဉ်ထားကြောင်း ခရစ်ဝီလ်မာက ဆက်လက်ပြောကြားသည်။

နောင်ကျင်းပမည့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲများတွင် ယခင်ကအတိုင်း အက၊ ကိုယ်ပိုင်အရည်အချင်း၊ ပွဲတက်ဂါဝန်ဝတ်စုံပြိုင်ပွဲ၊ အလှအပ ဗီဒီယိုနှင့် အင်တာဗျူးအမျိုးမျိုးစသည့် ယှဉ်ပြိုင်မှုများ ဆက်လက်ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ **အက်စ်ဘီအက်စ်။**

# ပါကစ္စတန်အစိုးရက အကြမ်းဖက်သမားများအား သေဒဏ်စီရင်ချက်ပြန်လည်ချမှတ်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၂**

ပါကစ္စတန်အစိုးရက အကြမ်းဖက်မှုကျူးလွန်မှုအပေါ် သေဒဏ်စီရင်မှုအတွက် ဆိုင်းငံ့ထားမှုကို ဖြတ်သိမ်းလိုက်ပြီး အကြမ်းဖက်သမား ၅၀၀ ခန့်ကို သေဒဏ်ချမှတ်ရန် စီစဉ်မှုများလုပ်နေကြောင်း သိရသည်။

ဒီဇင်ဘာ ၁၆ ရက်တွင် တာလီဘန်လက်နက်ကိုင် ကိုးဦးသည် ကလေးငယ် ၁၃၃ ဦးအပါအဝင် ဆရာ ဆရာမများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။

ဒီဇင်ဘာ ၁၉ရက်မှစပြီး ယင်းအကြမ်းဖက်မှုနှင့်စပ်လျဉ်းပြီး အကြမ်းဖက်သမား ခြောက်ဦးကို သေဒဏ်ပေးခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် အဆိုပါကျောင်းသား ကျောင်းသူများအား အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် နာဝက်ရှရစ်ဖ်က အကြမ်းဖက် ကျူးလွန်မှုကြောင့် သေဒဏ်ချမှတ်မှု ခြောက်နှစ်တာဆိုင်းငံ့ထားခြင်းကို အဆုံးသတ်လိုက်ပြီဖြစ်သည်။

အကြမ်းဖက်မှုများအပေါ် အစိုးရက သေဒဏ်စီရင်ချမှတ်ခြင်းအပေါ် လူ့အခွင့်အရေးအဖွဲ့များကရှုတ်ချခဲ့သည့်အတွက် သေဒဏ်ပေးမှုများကို ဆိုင်းငံ့ထားခဲ့ရကြောင်း သိရသည်။

**စကိုင်းနယူးစ်**

# အာဂျင်တီးနားမှ မြို့တစ်မြို့ မယ်ပြိုင်ပွဲကျင်းပမှုပိတ်ပင်

**ချီဗီကွိုင်း (အာဂျင်တီးနား) ဒီဇင်ဘာ ၂၂**

အာဂျင်တီးနားနိုင်ငံမှ မြို့တစ်မြို့သည် ၎င်းနိုင်ငံအတွင်း မယ်ပြိုင်ပွဲများကို ပိတ်ပင်လိုက်သည့် ပထမဆုံးမြို့ဖြစ်လာကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဗျူနိုအေးရိစ်ဒေသ ချီဗီကွိုင်းမြို့တော်ကောင်စီက ၎င်းပြိုင်ပွဲများသည် လိင်ခွဲခြားမှုများဖြစ်ပြီး အမျိုးသမီးများ အကြမ်းဖက်မှုများပြုလုပ်ရန် အားပေးစေ့ဆော်သကဲ့သို့ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်တင်အမေရိကမှ မယ်ပြိုင်ပွဲများသည် အမျိုးသမီးများအတွက် အနုပညာရှင် (ဝါ)သရုပ်ဆောင်တစ်ဦးအဖြစ် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်ကဲ့သို့သော အနုပညာနယ်ပယ်သို့ ရောက်ရှိရန် ဝင်ပေါက်တစ်ခု ပမာဖြစ်လျက်ရှိသည်။

လက်တင်အမေရိကမှ ရုပ်မြင်သံကြားသရုပ်ဆောင်အများစုသည် မယ်ပြိုင်ပွဲများတွင် သရဖူဆောင်းလာခဲ့သူများဖြစ်ကြပြီး နာမည်ကြီး၍ ဝင်ငွေကောင်းနေသူများ ဖြစ်ကြသည်။

မြို့တော်ကောင်စီက ယခုအချိန်မှစ၍ ချီဗီကွိုင်း၏ ပွဲတော်များ၊ နှစ်ပတ်လည်အခမ်းအနားများကို လူငယ်များ၏ အောင်မြင်မှုကို အသိအမှတ်ပြုသည့် ပွဲတော်များအဖြစ်ဖြင့်သာကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ **ဘီဘီစီ။**



# ရေနံဈေးနှုန်းကျဆင်းရခြင်းမှာ အိုပက်အမှားမဟုတ်ဟုဆို

**အဘူဒါဘီ ဒီဇင်ဘာ ၂၂**

ရေနံကြွယ်ဝသည့် ပင်လယ်ကွေ့နိုင်ငံများက ရေနံထုတ်လုပ်မှုကို လျှော့ချမည်မဟုတ်ကြောင်း အခိုင်အမာဆုံးဖြတ်ချက်ချမှတ်ပြီး ရေနံဈေးနှုန်းကျဆင်းရခြင်းအတွက် အိုပက်အဖွဲ့ဝင်မဟုတ်သော ရေနံထုတ်လုပ်သူများနှင့် အမြတ်ကြီးစား ဈေးကစားသူများကို အပြစ်တင်လိုက်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရေနံဝန်ကြီး အလီအဲလ်ဒနာအိုင်မီက ဈေးကစားခြင်းနှင့် မှားယွင်းသောသတင်းများ ပျံ့နှံ့ခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းက အဘူဒါဘီမြို့၌ ပြောကြားရာတွင် ဆော်ဒီလူမျိုးတစ်ဦးက နိုင်ငံရေး ရည်မှန်းချက်များအတွက် ဈေးနှုန်းကျဆင်းရန် လျှို့ဝှက်ကြံစည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားခြင်းကို ပယ်ချခဲ့သည်။

ကူဝိတ်နှင့် ယူအေအီးနိုင်ငံတို့မှ ဝန်ကြီးများကလည်း ရေနံထုတ်လုပ်မှုဖြတ်တောက်ရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

ဆော်ဒီရေနံဝန်ကြီးက အိုပက်အဖွဲ့ဝင် မဟုတ်သောနိုင်ငံများက ရေနံထုတ်လုပ်မှု လျှော့ချခဲ့သော် ၎င်းတို့ကို ကြိုဆိုပါကြောင်း ပြောသည်။

ကူဝိတ်ရေနံဝန်ကြီး အလီအဲလ်ဒအိုဗီယာက အိုပက်အဖွဲ့သည် ရေနံထုတ်လုပ်မှုလျှော့ချရန် မလိုအပ်ကြောင်း၊ အရေးပေါ်အစည်းအဝေးကိုလည်း ခေါ်ဆိုမည်မဟုတ်ကြောင်း တနင်္ဂနွေနေ့တွင် ကျင်းပသော အဘူဒါဘီကွန်ဖရင့်၌ ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း၌ တစ်ရက်လျှင် ရေနံစည် သန်း ၃၀ ထုတ်လုပ်နေသော ၎င်းတို့၏ ရည်မှန်းချက်ကို အပြောင်းအလဲ ပြုလုပ်မည်မဟုတ်ကြောင်း အိုပက်က ဆုံးဖြတ်ခဲ့သည်။ **ဘီဘီစီ။**



# တောင်ကိုရီးယား နျူကလီးယားစက်ရုံ ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ် ကြိုတင်ပြင်ဆင်

**ဆိုးလ် ဒီဇင်ဘာ ၂၂**

တောင်ကိုရီးယား နျူကလီးယားစက်ရုံသည် မကြာသေးမီက ဟက်ကာတစ်ဦး၏ တိုက်ခိုက်မှုခံရပြီးနောက် ဆိုက်ဘာတိုက်ခိုက်မှုများ ထပ်မံမပြုလုပ်နိုင်စေရန် ပြင်ဆင်မှုများပြုလုပ်နေကြောင်း ယနေ့ ဘီဘီစီတွင် ဖော်ပြသည်။

လွန်ခဲ့သည့်သီတင်းအပတ်က ကိုရီးယားဟိုက်ဒရိုနှင့် နျူကလီးယားစွမ်းအင်ကုမ္ပဏီပိုင် နျူကလီးယားစက်ရုံ ဒီဇိုင်းနမူနာများနှင့် အရေးကြီးအချက်အလက်များကို အမည်မသိလူတစ်ယောက် (သို့) အုပ်စုတစ်စုက အွန်လိုင်းတွင် တင်ခဲ့သည်။

"အချက်အလက်အချို့ ပေါက်ကြားသွားပေမယ့် စက်ရုံရဲ့ လုံခြုံရေးကိုထိခိုက်မှုမရှိပါဘူး'ဟု ၎င်းကုမ္ပဏီက ပြောသည်။

ကိုရီးယားနိုင်ငံ၏တစ်ခုတည်းသော ဟိုက်ဒရိုနှင့်နျူကလီးယားစွမ်းအင်ကုမ္ပဏီသည် နိုင်ငံပိုင်လျှပ်စစ်စွမ်းအင်ကော်ပိုရေးရှင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

စက်ရုံ၏အသေးစိတ်အစီအစဉ်များကို 'နျူကလီးယားဓာတ်ပေါင်းဖိုအား ဆန့်ကျင်သောလူ' အမည်ဖြင့် ဟက်ကာက ဒီဇင်ဘာ ၁၉ ရက်တွင် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များတွင် ဖော်ပြခဲ့သည်။ ထိုသို့ ပေါက်ကြားခြင်းသည် ဒီဇင်ဘာ ၁၅ ရက်မှစပြီး ယခုအချိန်အထိ နောက်ဆုံးအကြိမ် ပေါက်ကြားခြင်းဖြစ်သည်ဟု တောင်ကိုရီးယားသတင်းစာတစ်စောင်က ဖော်ပြထားသည်။

ယခင် ပေါက်ကြားခဲ့သောအချက်အလက်များမှာ ဓာတ်ပေါင်းဖိုများ၏ အပူအအေးစနစ်နှင့် အအေးဓာတ်ထိန်းသိမ်းခြင်းနည်းပညာအပါအဝင် ဓာတ်သတ္တုကြွအစီရင်ခံစာနှင့် စက်ရုံလုပ်သားများ၏ ကိုယ်ရေးမှတ်တမ်းများဖြစ်သည်။ ပေါက်ကြားခဲ့သောအချက်အလက်များသည် နည်းပညာကဏ္ဍကို ထိခိုက်မှုမရှိကြောင်း ယင်းကုမ္ပဏီက ဆိုသည်။ ဓာတ်ပေါင်းဖိုများ၏ အဓိကလည်ပတ်နေသော ယန္တရားကို ဆိုက်ဘာတိုက်ခိုက်မှု မရှိသေးကြောင်း တောင်ကိုရီးယားအစိုးရက ဘီဘီစီသို့ ပြောသည်။

ကိုရီးယားဟိုက်ဒရိုနှင့်နျူကလီးယားစွမ်းအင်ကုမ္ပဏီက နျူကလီးယားဓာတ်ပေါင်းဖို ၂၃ ခု လည်ပတ်နေပြီး နိုင်ငံ့လျှပ်စစ်စွမ်းအင် ၃၀ရာခိုင်နှုန်း ဖြည့်ဆည်းပေးသည်ဟု မီဒီယာများက ဖော်ပြသည်။

ယခုဆိုက်ဘာတိုက်ခိုက်မှုသည် ဆိုနီရုပ်ရှင်လုပ်ငန်းအား ဆိုက်ဘာတိုက်ခိုက်မှုနှင့် ပတ်သတ်မှုမရှိကြောင်း သိရသည်။

ဘဏ်များ၊ အစိုးရဝက်ဘ်ဆိုက်များနှင့် ရုပ်သံလွှင့်ဌာနများကို ဆိုက်ဘာတိုက်ခိုက်မှု ကျူးလွန်ခဲ့ခြင်းအပေါ် မြောက်ကိုရီးယားနိုင်ငံအား တောင်ကိုရီးယားအစိုးရက ပြစ်တင်ဝေဖန်မှုများရှိခဲ့သည်။ **ဘီဘီစီ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟဲအိ ဆာဆာကာဝါအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၂**


မြန်မာ-ဂျပန်နှစ်နိုင်ငံသည် ကောင်းမွန်သည့်သမိုင်းကြောင်းရှိခဲ့ကြောင်း၊ ယခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်နှင့် မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များသည်လည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုသမိုင်းသစ်ကို ဖော်ဆောင်ပေးခဲ့သည့် မှတ်တမ်းများဖြစ်ကြောင်း၊ ယင်းသို့ ချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်စေရေးအတွက် ကဏ္ဍတစ်ရပ်မှ ဆောင်ရွက်ပေးခဲ့သည့် နီပွန်ဖောင်ဒေးရှင်းအားလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ဂျပန်နိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟဲအိ ဆာဆာကာဝါအား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မစ္စတာ ရိုဟဲအိ ဆာဆာကာဝါနှင့်အတူ နီပွန်ဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ရုပ်ဝတ္ထုပစ္စည်းများထက် အတွေးအခေါ်၊ အယူအဆ၊ အတွေ့အကြုံများက ပိုမိုတန်ဖိုးရှိပါကြောင်း၊ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေးအခေါ်၊ အယူအဆ၊ အသိပညာဆိုင်ရာအင်အားသစ်များရရှိစေပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် တပ်မတော်၏ သဘောထားအမှန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည့်စိတ်ဓာတ်ရှိရန်လိုကြောင်း၊ တစ်ဆက်တည်းတွင် မိမိနိုင်ငံအပေါ် ယုံကြည်မှုရှိရန်လည်းလိုကြောင်း၊ တစ်ဖက်မှာလည်း မိမိဒေသနှင့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းအချက်များနှင့် ပတ်သက်သည့် အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ ပြသရမည်ဖြစ်ကြောင်း၊ **ပြည်သူလူထုရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံပြီး ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုမရှိပါက မည်သည့်အဖွဲ့အစည်းကိုမဆို တပ်မတော်အနေဖြင့် လက်ခံကြိုဆိုရန် အသင့်ရှိကြောင်းဖြင့်** ဆွေးနွေးပြောကြားသည်။

နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်၊ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်က လှိုက်လှဲစွာလုပ်ဆောင်နေမှုများကို မိမိနှလုံးသားထဲမှ အသိအမှတ်ပြုပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံ၏ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ နီပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုစီမံကိန်းများတွင် တပ်မတော်မှပူးပေါင်းပါဝင်လုပ်ဆောင်ပေးမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စရပ်များကို မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စအဖြစ် မှတ်ယူဆောင်ရွက်ရေး၊ အခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုမပြုရေး ရပ်တည်ချက်ကိုလည်း လုံးဝထောက်ခံပါကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ တိုင်းပြည်ကာကွယ်ရေး၊ ပြည်သူ့ဘဝမြှင့်တင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သိရှိနားလည်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ယင်းသို့ တွေးခေါ်ယူဆမှုများ တူညီလာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# The Yangon Gallery တွင်ပြုလုပ်သော ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်များ စုစည်းတွေ့ဆုံပွဲ အခမ်းအနား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

The Yangon Gallery မိသားစုနှင့် အင်ပါယာတေးဂီတအဖွဲ့မှ ဂီတမှူးဇော်ဝင်းထွဋ်တို့ ပူးပေါင်းပြုလုပ်သော ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်များ စုစည်းတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် The Yangon Gallery ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။**(ဝဲပုံ)**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ The Yangon Gallery မိသားစုများနှင့် ဖိတ်ကြားထားသော ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစာပေဆုရ လူမှုထူးချွန်ဝိဇ္ဇာပညာပထမအဆင့်ရ စည်သူ့ဘွဲ့ရစာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ဒေါက်တာဘိုကလေးတင့်အောင်က အနုပညာရှင်များကိုယ်စား ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အနုပညာသည် နိုင်ငံတစ်ခု၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြပါကြောင်း၊ မြန်မာမှုနယ်ပယ်တွင် ခေတ်ကာလအဆက်ဆက် သီဆိုဖျော်ဖြေခဲ့ကြသည့် တေးဂီတများသည်လည်း မြန်မာလူမျိုးတို့၏ စိတ်ဓာတ်များကို အမျိုးမျိုးပြောင်းလဲစေသည့် ရသများကို ပေးစွမ်းနိုင်ကြောင်း၊ မြန်မာသံစဉ် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန် မွေးထုတ်ပေးရန်လည်းလိုကြောင်းနှင့် မိမိတို့သမိုင်းအစဉ်အလာကြီးမားမှုပြယုဂ်ကိုဖော်ပြသည့် ရိုးရာယဉ်ကျေးမှုနှင့် အနုပညာကို ခိုင်ခိုင်မာမာရှိစေရေး အနုပညာရှင်များအပါအဝင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် TheYangon Gallery မှ တည်ခင်းဧည့်ခံသောဂုဏ်ပြုညစာစားပွဲတွင် ဝါရင့်ဂီတပညာရှင်ကြီးများနှင့် အတူတကွ သုံးဆောင်ကြသည်။ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံနေစဉ်အတွင်း ဝါရင့်ဂန္ထဝင်ဂီတပညာရှင်ကြီးများက ဂန္ထဝင်တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကလည်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



စိုးမြင့်ကြယ် ကားမျိုးစုံငှားဆောင်ရွက်ပေးသည်။
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ပုဂံ (ရွှေစည်းခုံ၊ အာနန္ဒာ)၊ ပုပ္ပါး၊ ပခုက္ကူ
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထန့်ဆမ်းလိုဏ်ဂူ
Dec 24,26/ Jan-2
Hotel(တာရိုက်ဖြစ်၊) 120000
ကျိုက်ထီးရိုး နေ့စဉ် (ဖြီး)35000
ချောင်းသာ နေ့စဉ် (ဖြီး)40000
X'mas & New Year အတွက် ချောင်းသာ Hotel , Guest အခန်းစီစဉ်ပေးသည်။
အမှတ်(၂၆၃)၊ ကျိုက္ကဆံလမ်း၊တာမွေ၊ 01-549380,09-5093704,09-450012971

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။ Aircon စာသင်ခန်းမ
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တာထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ဂန္ထဝင်ရွှေပုဂံ Travels & Tours
ဝန်ကောက် USD 650 | မော်လဒိုက် USD 1350(မှစ၍)
စင်ကာပူ (၄ညအိပ်-၅ရက်) USD 890 | ထိုင်ဝမ် USD 2600
ဖူးခက် + ဗန်ကောက် USD 1100 | ဂျပန် USD 3200
ဘာလီ USD 1000 | ကိုရီးယား USD 2100
ဗီယက်နမ် USD 1000 | ရုရှား USD 3500
စင်ကာပူ + မလေးရှား USD 1300 | အမေရိကန် USD 4500
ဗီယက်နမ် + ကမ္ဘောဒီးယား USD 1300 | ဩစတြေးလျ USD 4500
ဝီကင်း + ရှန်ဟိုင်း USD 1200 | ဥရောပ (၇) နိုင်ငံ USD 4800
တရုတ်၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် လျော့ပေးနေပါသည်။
No.67, Baho Rd,Sanchaung, Ph: 01-500191,519292, 510218,510491 519300,519360,09-73003772,09-252281456
81 Rd,Bet 33 x 34 Street, Mandalay. Ph: 09-73013856,09-31693339


မလေးရှား + စင်ကာပူ USD 1300
မလေးရှား + စင်ကာပူ + ဗန်ကောက် USD 1550
Star Cruise (စင်ကာပူ+ဖူးခက်+ပီနန်) USD 1800 (မှစ၍)

# ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးဆိုင်ရာထိပ်သီးအစည်းအဝေးမှသည် ရွှေရောင်အနာဂတ်ဆီသို့

**"ဂျီအမ်အက်စ်ဒေသတွင် အားလုံးပါဝင်ခံစားနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်ခြင်း"ဟူသော ဆောင်ပုဒ်ဖြင့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။**

အဆိုပါ ထိပ်သီးအစည်းအဝေးကို အဖွဲ့ဝင်ခြောက်နိုင်ငံအကြား သုံးနှစ်လျှင်တစ်ကြိမ် နိုင်ငံအက္ခရာစဉ်အလိုက် ကျင်းပခဲ့ရာ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ်တွင် လာအိုနိုင်ငံ၊ စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ယခုပဉ္စမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံတို့က အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့ကြပြီး ဆဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ် ထိပ်သီးအစည်းအဝေးသို့ ကျွန်တော်သည် သတင်းသမားတစ်ဦးအနေဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပါသည်။

ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးမစတင်မီ တစ်ရက်အလို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အစည်းအဝေးကျင်းပမည့် ရှန်ဂရီလာဟိုတယ်၌ပင် ဂျီအမ်အက်စ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ လူငယ်ဖိုရမ်၊ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်သူများဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲ၊ စီးပွားရေးဖိုရမ် အစရှိသည်တို့ကို ကျင်းပခဲ့သည်။ ထို့နောက် ညပိုင်းတွင် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဓာတ်ပုံပြပွဲကိုပြုလုပ်ရာ အဆိုပါပြပွဲတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ စီးပွားရေးဆိုင်ရာမှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

**ဒီဇင်ဘာ ၂၀ ရက်နံနက်ပိုင်းတွင် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မျက်နှာစုံညီအစည်းအဝေးကိုကျင်းပခဲ့ပြီး မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြကာ တာဝန်ရှိသူတစ်ဦးက Regional Investment Framework (RIF) အကောင်အထည်ဖော်ဆောင်ရွက်သည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။**

RIF အစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍကြီး ၁၀ ခုပါရှိပြီး ယင်းတွင် အစီအစဉ်ပေါင်း ၂၁၅ ခု ပါဝင်ကြောင်း၊ ယင်းအစီအစဉ်များအနက် စီမံကိန်း ၁၂၃ ခုမှာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြစ်ပြီး ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၅၁ ဒသမ ၂၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် လျာထားကြောင်း၊ ကျန်ရှိသည့်စီမံကိန်း ၉၂ ခုအတွက် အမေရိကန်ဒေါ်လာ ၂၂၂ သန်း သုံးစွဲရန် လျာထားပြီး ယင်းတို့မှာ နည်းပညာလုပ်ငန်းကဏ္ဍများဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တရုတ်အစိုးရကလည်း မဲခေါင်ဒေသခွဲနိုင်ငံများအား ချေးငွေနှင့် ထောက်ပံ့ငွေများစွာပေးမည်ဟု တရုတ်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများသည် လာမည့် ၁၀ နှစ်အတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်နိုင်ရေး အဓိကရည်ရွယ်သော ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံသုံးစွဲရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့အပြင် အခြားသောဖိုရမ်များမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတူဆောင်ရွက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။ စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ဖိုရမ်၏ထုတ်ပြန်ချက်ကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌတာဝန်လွှဲပြောင်းခြင်းဆိုင်ရာ အထိမ်းအမှတ်အလံကို ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးသီးသန့်အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းမှ နယ်စပ်ဒေသအထူးစီးပွားရေးဇုန် (Special Border Economic Zone-SBEZ)များကို စီးပွားရေး စင်္ကြံလမ်းများတွင်ထူထောင်ရန်၊ ဒေသတွင်း ကုန်းလမ်းနှင့် ရေလမ်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ရန်၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရာတွင် လုပ်ထုံးလုပ်နည်းများ ပိုမိုလွယ်ကူရှင်းလင်းအောင် ဆောင်ရွက်ရန်၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအမြစ်များကို ဖော်ထုတ်စုစည်းအသုံးချနိုင်ရန်နှင့် နိုင်ငံတကာအဖွဲ့ အစည်းများကလည်း ပိုမိုကူညီရန်၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်ဟူသော လာမည့်ဆယ်စုနှစ်အတွင်း မဲခေါင်ဒေသခွဲနိုင်ငံများ ဆောင်ရွက်သင့်သည့် အချက်ခုနစ်ချက်ကို အဆိုပြုခဲ့ပြီး ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုထုတ်ပြန်ခဲ့ကြသည်။



The Greater Mekong Subregion Economic Cooperation Program

**အဆိုပါပူးတွဲထုတ်ပြန်ကြေညာချက်တွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၌ အားလုံးပါဝင်ဆောင်ရွက်နိုင်မှုနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် ကတိကဝတ်ပြုကြောင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာအခြေအနေနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးကို အလေးပေးဆွေးနွေးပြီး အဖွဲ့ဝင်နိုင်ငံများ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အာဆီယံစီးပွားရေးအသိုက်အဝန်း(ACE)မူလစီမံကိန်း၏ အစီအစဉ်အများအပြားနှင့်အတူ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရေးဆီသို့ဦးတည်ကာ တိုးတက်မှုဆက်လက်ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း၊ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လွတ်လပ်စွာကုန်သွယ်ရေးဇုန်ထူထောင်ခြင်း၊ မြန်မာနိုင်ငံအား မဟာမဲခေါင်ဒေသခွဲအတွင်း စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းများ ပိုမိုလုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများရရှိမှု၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာသည့် အောင်မြင်မှုများတွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အခန်းကဏ္ဍအရေးပါမှု၊ ဆဋ္ဌမအကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းကို ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန်သဘောတူညီကြောင်း အစရှိသည့် အကြောင်းခြင်းရာများ ပါဝင်သည်။**

**ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် အခြေခံအဆောက်အအုံဆိုင်ရာဆက်သွယ်ယှက်နွယ်မှု၊ သယ်ယူ ပို့ဆောင်ရေး၊ စွမ်းအင်၊ သတင်းအချက်အလက်နှင့်နည်းပညာ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ရေး၊ စီးပွားရေးစင်္ကြံဖိုရမ်၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကို ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို အဓိကထား အလေးပေးဆွေးနွေးခဲ့ကြသည်။**

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့ရာ တတိယဆယ်စုနှစ်သို့ ဝင်ရောက်ခဲ့ပြီဖြစ် သောကြောင့် ကျော်လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းရရှိခဲ့သည့် အောင်မြင်မှုများမှသည် ချမ်းသာကြွယ်ဝသည့်ဒေသခွဲဖြစ်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။

စတုတ္ထအကြိမ်အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ဂျီအမ်အက်စ်နိုင်ငံများအကြား သတင်းအချက်အလက်အမြန်ဆက်ကြောင်း တည်ဆောက်မှုနှင့် အသုံးချမှုအရှိန်တိုးမြှင့်ရေးအတွက်




ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူဦးရေရွှေ့ပြောင်းသွားလာမှုကြောင့် အိပ်ချ်အိုင်ဗွီပိုးကူးစက်နိုင်မှုလျော့ချရေးတွင် ပူးတွဲလုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်မည့် မဲခေါင်ဒေသခွဲအတွင်း ပင်မပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေး စင်္ကြံဆောင်ရွက်မှုအဆင့်-၂ ကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိဆောင်ရွက်မည့် ပင်မလယ်ယာစိုက်ပျိုးရေး ထောက်ပံ့မှုအစီအစဉ် အဆင့်-၂ ကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် မဟာဗျူဟာကို ပြန်လည်စူးစိုက်ဆောင်ရွက်ရေးနှင့် လမ်းပြမြေပုံ (၂၀၁၁-၂၀၁၅)ကိုလည်းကောင်း အတည်ပြုနိုင်ခဲ့သည်။

**ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်ကြွယ်ဝသော နိုင်ငံများဖြစ်ကြသည်။ ဒေသတွင်းနိုင်ငံအချင်းချင်း ပေါင်းစည်းဖွံ့ဖြိုးရေးကြိုးပမ်းခဲ့ကြရာ အပြန်အလှန် အကျိုးသက်ရောက်မှုများရရှိခဲ့သည်။ လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းတို့တွင် တိုးတက်မှုရလဒ်များ ဖြစ်ထွန်းခဲ့သည်။**

အဆိုပါဖြစ်ထွန်းမှုများနှင့်အညီ ဒေသခွဲနိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် မဲခေါင်ဒေသခွဲ၏ ရှေ့အနာဂတ်မျှော်မှန်းချက်များကို ပိုမိုရှင်သန်ခိုင်မာလာစေပြီး မျိုးဆက်သစ်များအတွက်လည်း ယုံကြည်စိတ်ချရသည့် အခြေခံကောင်းများရရှိနိုင်သည့်အပြင် ဒေသခွဲတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများရရှိခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ခုခံနိုင်မည်ဖြစ်ပြီး စားနပ်ရိက္ခာနှင့် စွမ်းအင်အကျပ်အတည်းများ အပါအဝင် စိန်ခေါ်မှုမြောက်မြားစွာကို ကြံ့ကြံ့ခံနိုင်မည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် အနာဂတ်ကာလအတွက် ချမှတ်ခဲ့သော မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသခွဲကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့သည့်ဒေသခွဲမှသည် ချမ်းသာကြွယ်ဝသည့် ဒေသခွဲအဖြစ် ပေါ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်လျက်. . .။ ။

ရာမည(ကြေးမုံ)



ပြည်တွင်းရေးရာ

# သမိုင်းတစ်ကွေ့ ပြန်လည်သက်ဝင်ဗိုလ်ရှုသဘင်

ဝင်းဝင်းမော်၊ နန္ဒာဝင်း

၂၀၁၅ နှစ် ဇန်နဝါရီ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်။ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ရှုသဘင်အခမ်းအနားကို ပါလီမန် ဒီမိုကရေစီခေတ်တစ်လျှောက် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှ ၁၉၆၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့သည်။ လွတ်လပ်ရေးနေ့အထိမ်းအမှတ်နှင့် ဗိုလ်ရှုသဘင်အခမ်းအနားကို အတိတ်ပါလီမန် ဒီမိုကရေစီခေတ် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၄ရက်နေ့တွင်ကျင်းပသည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပထမဆုံးကျင်းပခဲ့ခြင်းဖြစ်သည်။ ယခုလာမည့် လွတ်လပ်ရေးနေ့၌ ဗိုလ်ရှုသဘင် အခမ်းအနားကို နေပြည်တော်၌ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။

မကြာမီကျင်းပတော့မည့် ဗိုလ်ရှုသဘင်အခမ်းအနားနှင့်စပ်လျဉ်း၍ ပြည်သူများ၊ မျိုးဆက်သစ်လူငယ် မောင်မယ်များ မျှဝေခံစားသိရှိနိုင်ရန် ဗိုလ်ရှုသဘင်အခမ်းအနားကို ကိုယ်တိုင်တွေ့မြင် သိရှိခဲ့ရသူ၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေးလောကတို့တွင်လည်း အများသိရှိပြီးဖြစ်သူများ၏ အမှတ်တရ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးသန်းတင် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

ကျွန်တော် အသက်(၁၆)နှစ်အရွယ်ကတည်းက တပ်ထဲရောက်ခဲ့ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ပါတယ်။ ဗိုလ်ရှုသဘင် အခမ်းအနားကိုလည်း တက်ဖူးပါတယ်။ တပ်ခွဲကို ဦးဆောင်ပြီး ဗိုလ်ရှုသဘင်ကို ဖြတ်ရတာ အလွန်ပျော်စရာကောင်းသလို၊ စိတ်ထဲမှာလည်း နိုင်ငံ့လွတ်လပ်ရေးရလို့သာ ဒီလိုပွဲမျိုးဆင်နွှဲခွင့်ရတယ်ဆိုပြီး ရဲစိတ်၊ ရဲမာန်တွေဖြစ်ပေါ်ခဲ့ရပါတယ်။

တိုင်းပြည်တစ်ပြည်ဟာ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်ဖို့အရေးကြီးပါတယ်။ လွတ်လပ်ရေးကိုဆက်လက်ထိန်းသိမ်းနိုင်ဖို့ စည်းလုံးညီညွတ်အောင်နေဖို့လိုတယ်။ နောင်လာနောက်သားတွေက ဒါကိုမေ့နေကြတယ်။ လွတ်လပ်ရေးရဲ့ အနှစ်သာရကို လူငယ်ကျောင်းသားတွေ မေ့လျော့လာသလို အသိနည်းလာကြပြီ။ ဒါတွေကိုအသိပညာပေးမှုတွေလည်းဆောင်ရွက်ဖို့ ဗိုလ်ရှုသဘင်အခမ်းအနားကို နေပြည်တော်မှာလုပ်မှာဆိုတော့ အတိုင်းထက်အလွန်ဝမ်းသာမိပါတယ်။

**ဦးသုဝေ၊ ဥက္ကဋ္ဌ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

လွတ်လပ်ရေးနေ့ဆိုတာ တိုင်းပြည်နဲ့လူမျိုးအတွက် အင်မတန်တန်ဖိုးရှိတဲ့နေ့ပေါ့။ လွတ်လပ်ရေးဆုံးရှုံးသွားတာကို ပြန်လည်ရအောင် ခဲရာခဲဆစ်တိုက်ပွဲဝင်ခဲ့ရတာကြောင့် တန်ဖိုးအင်မတန်ကြီးတဲ့နေ့ပေါ့၊ အဲဒီနေ့အတွက် အခမ်းအနားလုပ်တာပါ။ အခြားသောတိုင်းပြည်တွေမှာလည်း သူတို့တန်ဖိုးထားတဲ့နေ့တစ်နေ့ကို တခမ်းတနားကျင်းပကြတာရှိပါတယ်။ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဗိုလ်ရှုသဘင်ဆိုပြီးတော့ လွတ်လပ်ရေးရပြီး မကြာခင် စကျင်းပခဲ့တာပါ။ လွတ်လပ်ရေးနေ့က အမှတ်တရနေ့ကြီးပါ။

ဗိုလ်ရှုသဘင်က ၁၉၆၂ခုနှစ် နောက်ပိုင်းကတည်းက ရပ်သွားတာဆိုတော့ ကြာပြီပေါ့၊လွတ်လပ်ရေးနေ့ဆိုတာကို လူတွေကလည်း ကိုယ့်အခက်အခဲနဲ့ကိုဆိုတော့မေ့နေကြတာပေါ့။ အခုလို ခမ်းခမ်းနားနားပြန်ပြီးလုပ်ပေးခြင်းကလည်း စိတ်ဝင်စားမှုပိုစေတယ်။လွတ်လပ်ရေးနေ့ကို လူတွေက မမေ့လျော့ကြတော့ဘူးပေါ့။ ထိန်းသိမ်းဖို့အသိဉာဏ်ပိုလာခြင်းက တိုင်းပြည်အတွက် ပိုမိုကောင်းမွန်တာပေါ့။ လွတ်လပ်ရေးရဲ့ အနှစ်သာရကို လွတ်လပ်ရေးဆုံးရှုံးတဲ့အခါမှသိတာ။ လွတ်လပ်ရေးဆုံးရှုံးသွားတော့ ကျွန်ဖြစ်တဲ့ဘဝ၊ တိုင်းပြည်ထဲမှာလာအုပ်စိုးတဲ့သူကိုလည်း ကျွန်တော်တို့က သခင်ခေါ်ရတာ။ အဲဒီတော့ သူတို့ရဲ့အမိန့် အာဏာအောက်မှာ ပြားပြားဝပ်ဝပ်နေရတာ။ အဲဒါအပြင်ကို နိုင်ငံတကာနဲ့ဆက်သွယ်တဲ့အခါမှာ သိသာတယ်။ တကယ်ပဲ လွတ်လပ်တဲ့ခေတ်နဲ့ မလွတ်လပ်တဲ့ခေတ်မှာ လူရဲ့သိက္ခာ ဘယ်လောက် မြင့်သွားတယ်၊ နိမ့်သွားတယ်ဆိုတာအများကြီးသိသာပါတယ်။

ဖဆပလခေတ်မှာ မြန်မာနိုင်ငံက အရှေ့တောင်အာရှ မှာ အဆင့်အတော်မြင့်ခဲ့တယ်။ကုလသမဂ္ဂမှာ ဦးသန့်က အတွင်းရေးမှူးချုပ်ဖြစ်ခဲ့တဲ့အထိ နိုင်ငံရေးအဆင့်မြင့်တယ်။ စီးပွားရေးလည်း ကောင်းခဲ့တယ်။ တိုင်းပြည်ရဲ့ ထုတ်ကုန်ပစ္စည်းတွေကလည်း အဆင့်မြင့်တယ်။

နှစ်(၆၀)လောက်စနစ်ရဲ့အပြောင်းအလဲလေးမှာတောင် ကျွန်တော်တို့ ဘယ်လောက် ခံစားရသလဲ။ လွတ်လပ်ရင် ကိုယ့်တိုင်းပြည်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်နိုင်တယ်။ လွတ်လပ်ရေးရဲ့ သဘောကိုသိပါ။ ရရှိထားတဲ့လွတ်လပ်ရေးကို ခိုင်မြဲအောင် ဝိုင်းပြီးကြိုးစားကြဖို့ အရေးကြီးတယ်။ အားလုံးကြိုးစားရမယ်။ အစိုးရတစ်ခုတည်းလုပ်လို့ မရဘူး။ အစိုးရဆိုတာကလည်း လူထုက ရွေးတဲ့အစိုးရဖြစ်ရမှာဆိုတာကြောင့် ကောင်းတဲ့အစိုးရကိုလည်းရွေးပါ။ ကိုယ်ကိုယ်တိုင်လည်း ပါဝင်ကြပါ။ ကိုယ့်အစွမ်းအစရှိသလောက် နိုင်ငံကိုပြုစုမယ်၊ ထူထောင်မယ်ဆိုရင် နိုင်ငံက ထိပ်တန်းပြန်ရောက်လာမှာပါ။

**ဒေါ်ချိုချိုကျော်ငြိမ်း**
**အထွေထွေအတွင်းရေးမှူး ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)**

ကိုယ့်မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် အင်္ဂလိပ်ကျွန်ဘဝက လွတ်မြောက်အောင်လုပ်ပေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျွန်မတို့ အဖေအပါအဝင် မျိုးချစ်ပုဂ္ဂိုလ်တွေရဲ့စကားကို ကြားရတာကြောင့် လွတ်လပ်ရေးရဲ့တန်ဖိုးကို နားလည်တယ်။အဖေက ခဏခဏပြောတယ်။ "နင်တို့က ကျွန်ဘဝမှာ မမွေးလို့ လွတ်လပ်ရေးကို နားမလည်ဘူး " ဆိုပြီးပြောတယ်။ အဖေက လွတ်လပ်ရေးကို အရမ်းတန်ဖိုးထားတဲ့ သူဖြစ်တယ်။ကျွန်မကလေးဘဝတုန်းက ဗိုလ်ရှုခံအခမ်းအနားကိုတက်ဖူးတယ်။ကလေးဆိုတော့သိပ်နားမလည်ဘူး။ ဗိုလ်ရှုခံသဘင်နဲ့ ကင်းကွာသွားတော့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို လွမ်းသလိုတော့ ဖြစ်မိတယ်။ အခုပြန်လုပ်ပေးမယ်ဆိုတော့ အထူးပဲကျေးဇူးတင်တယ်။ အဲဒါကြောင့် အန်တီတို့ ပါတီက ဗိုလ်ရှုခံသဘင်ကို တက်ရောက်မှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးကို အခုခေတ် ကလေးတွေမပြောနဲ့ ကျွန်မတို့ကိုယ်တိုင်တောင်လွတ်လပ်ရေးရပြီးမှ မွေးခဲ့တာကြောင့် လွတ်လပ်ရေးရဲ့အရသာ၊ အနှစ်သာရကိုသိပ်မသိဘူး။ ကျွန်မတို့ အရွယ်ရောက်လာတော့ ကိုယ့်တိုင်းပြည်ကို ပိုပြီးချစ်တတ်လာတယ်။ ကလေးတွေကို ပြောချင်တာက ကိုယ့်မင်းကိုယ့်ချင်းနဲ့ နေခဲ့တဲ့ တိုင်းပြည်က သူများရဲ့ ကျွန်ဖြစ်ခဲ့တယ်။ အဲဒါကြောင့် ကိုယ့်ရဲ့တိုင်းပြည်ကိုပိုပြီးချစ်တတ်လာအောင် ပညာပေးဟောပြောပွဲတွေ လုပ်ပေးစေချင်တယ်။

အခုလို ဗိုလ်ရှုခံသဘင်ကျင်းပတာလည်း ဒီမိုကရေစီကိုဖော်ဆောင်နိုင်တဲ့ အစပိုင်းလို့ပဲ မြင်ပါတယ်။ ကျွန်မတို့က ခေတ်အဆက်ဆက်ဖြတ်သန်းလာတာကြောင့် လွတ်လပ်ရေးရပြီး နောက်ပိုင်းနဲ့ နှိုင်းယှဉ်ရင် အခုတက်လာတဲ့အစိုးရက အများကြီး လျှော့လျှော့ပေါ့ပေါ့ရှိတယ်။ အသံတွေကို အများကြီး နားထောင်ပေးတယ်။ ပြည်သူတွေဘက်က စဉ်းစားပေးတယ်လို့မြင်ပါတယ်။ သူတို့အနေနဲ့ တက်လာတဲ့ နှစ်ကလည်း သိပ်မကြာသေးတာကြောင့် အရာအားလုံး ဘက်ပေါင်းစုံက အဆင်ပြေအောင် မလုပ်ပေးနိုင်သေးဘူးပေါ့။ ဒါပေမယ့် သူတို့ရဲ့စေတနာကို မြင်နေရတယ်။ သူတို့ကြိုးစားပြီးတော့ ဆောင်ရွက်ပေးနေတယ်လို့ပြောချင်ပါတယ်။လူတွေက ပြောကြတယ်။ ဘာမှမဖြစ်သေးဘူးလို့ ဆိုကြတယ်။ မဟုတ်ပါဘူး။ လုပ်ပါတယ်။

အပြင်လောကကိုကြည့်တဲ့အခါ သူများတိုင်းပြည်တွေမှာ တိုးတက်နေတာကိုမြင်တဲ့အခါ ရင်ထဲမှာ ကိုယ့်တိုင်းပြည်ကို တိုးတက်စေချင်တယ်။ ကျွန်မတို့က အနောက်လည်း မမျှော်ဘူး၊ အရှေ့လည်းမမျှော်ဘူး။ ကိုယ့်တိုင်းပြည်ကိုပဲ တန်ဖိုးထားတယ်။ အခုပုဂ္ဂိုလ်တွေရဲ့ စေတနာမှန်တယ်လို့ ကျွန်မလက်ခံတယ်။

ကျွန်မက နိုင်ငံရေးအသိုင်းအဝိုင်းမှာ ကြီးပြင်းခဲ့တာကြောင့် အဖေတို့လို အုပ်ချုပ်ရေးကို တာဝန်ယူနေတဲ့သူတွေရဲ့ စေတနာကိုနားလည်တယ်။ တိုင်းပြည်ကိုစေတနာပါသော်လည်း လုပ်ကိုင်ဆောင်ရွက်ရတဲ့အပိုင်းမှာ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရတာတွေရှိပါတယ်။ ဘယ်အလုပ်မဆို ငရုပ်သီးထောင်းတာကအစ ပါးစပ်ကပြောတာ လွယ်ပေမယ့် လက်တွေ့လုပ်တဲ့အခါ ခက်တာပဲလေ။ တိုင်းပြည်တစ်ခုလုံးအုပ်ချုပ်ရတာ အင်မတန်ခက်ခဲပါတယ်။ အစိုးရတိုင်းကို ကိုယ်ချင်းစာပါတယ်။ ချီးမွမ်းတာထက် ကဲ့ရဲ့တာများပါတယ်။ ကျွန်မက



စည်သူဗိုလ်ကလေးတင့်အောင်



ဦးသန်းဦး(ပညာရေး)

လက်ရှိအခြေအနေကို ယခုထက် ပိုကောင်းပါစေလို့ပြောချင်တယ်။ ဒီမိုကရေစီအလင်းရောင်ကို မြင်နေရပြီလို့ဆိုလိုချင်ပါတယ်။ အခုဆိုရင် လွတ်လွတ်လပ်လပ်ရေးနိုင်တာတွေ့ရတယ်။

ဗိုလ်ရှုသဘင် အခမ်းအနားကို အခုလို ကျင်းပတာ ၂၀၁၅ မှာနောက်တက်လာတဲ့ အရပ်သားသမ္မတအတွက် လမ်းစဉ်ချမှတ်ပေးတယ် ၊ လမ်းပြခဲ့တယ်လို့မြင်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ အစိုးရတက်လာလာချင်း ရှေ့နှစ်တွေမှာ အကုန်လုံးတော့ ဘယ်လုပ်နိုင်မှာလဲလေ။ အရာရာတိုင်းကို လုပ်ပေးချင်တာတော့ ရှိမှာပါ။ အခုလို ဗိုလ်ရှုသဘင်ကျင်းပတော့ နောင်လာနောက်သား ကလေးတွေလည်း မြင်ဖူးတာပေါ့။

အရေးကြီးတာက ကိုယ့်တိုင်းပြည်နဲ့လူမျိုးတိုးတက်ဖို့ ဖြစ်တဲ့အတွက် ပူးပေါင်းပြီး တတ်သိသလောက် အကြံပေးမယ်။ ဝိုင်းပြီး တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ဦးသန်းဦး (ပညာရေး)**

လွတ်လပ်ခြင်းရဲ့ အထိမ်းအမှတ်အဖြစ် လွတ်လပ်ရေးနေ့မှာ အခုလို နိုင်ငံနဲ့ လူမျိုးရဲ့ ရပ်တည်ချက်ကို ဗိုလ်ရှုသဘင်အဆောင်အယောင်တွေအနေနဲ့ဖော်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်တဲ့ နိုင်ငံ၊ အဲဒီနိုင်ငံမှာအကြီးအကဲဟာ နိုင်ငံတော်သမ္မတဖြစ်တယ်။ နိုင်ငံတော်သမ္မတကို လွတ်လပ်တဲ့ နိုင်ငံတော် အလံအောက်မှာကိုယ့်နိုင်ငံရဲ့ လွတ်လပ်ခြင်းအထိမ်းအမှတ်ကို ကောင်းစွာဖော်ပြတာ ဗိုလ်ရှုသဘင်ရဲ့ အဓိပ္ပာယ်ဖြစ်တယ်။

ကျွန်တော်က မြန်မာနိုင်ငံ ကျွန်ဘဝဖြစ်ခဲ့တဲ့ အချိန်ကိုလည်းမီခဲ့တယ်။ သခင်၊ ကျောင်းသားအဖြစ်နဲ့လည်းနေခဲ့ရတယ်။ ဗိုလ်ရှုသဘင်အခမ်းအနားက ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ ကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ လွတ်လပ်ရေးနေ့ ကျင်းပတဲ့အခါ အရင်က သမ္မတအိမ်တော်၊ အခု ရန်ကုန်တိုင်းဒေသကြီးရဲ့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိတယ်။ သမ္မတ အိမ်တော် ဝင်းအပြင်ဘက် ၊ ရွှေတိဂုံဘုရားနဲ့ မျက်နှာချင်းဆိုင် ပြည်လမ်းပေါ်မှာဗိုလ်ရှုသဘင် အဆောက်အအုံကိုဆောက်တယ်။ထိုင်ဖို့ ထိုင်ခုံအဆင့်လိုက်ထားတယ်။တက်ရောက်ဖို့ ပရိသတ်တွေကိုဖိတ်ထားတယ်။

ရိုးရိုးအရပ်သားများက ဗိုလ်ရှုသဘင်ရဲ့ လက်ဝဲ၊ လက်ယာ၊ မျက်နှာချင်းဆိုင်တွေကကြည့်လို့ရတယ်။

မြန်မာနိုင်ငံမှာ ပထမဆုံးသမ္မတက ရှမ်းတိုင်းရင်းသား စဝ်ရွှေသိုက်၊ နောက်တော့မြန်မာလူမျိုး ဒေါက်တာဘဦး၊ ပြီးတော့ ကရင်တိုင်းရင်းသား မန်းဝင်းမောင်တို့ အဆက်ဆက်တာဝန်ယူဆောင်ရွက်ခဲ့တယ်။သမ္မတ စဝ်ရွှေသိုက်လက်ထက်မှာတော့ ရှမ်းတိုင်းရင်းသားဖြစ်တဲ့အတွက် ရှမ်းအဝတ်အစားနဲ့ ဗိုလ်ရှုခံတယ်။နောက်ထပ်သမ္မတဖြစ်တဲ့ ဒေါက်တာဘဦးက ဗမာအဝတ်အစား အဲဒီလိုဗိုလ်ရှုခံလေ့ရှိတယ်။

အခု အရပ်သားအစိုးရဖွဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဆိုတာ ပြန်ရှိလာခဲ့တယ်။ သမ္မတ ဦးသိန်းစိန်တာဝန်ယူတဲ့ အချိန်မှာဗိုလ်ရှုသဘင်ကိုပြန်လည်ကျင်းပတယ်ဆိုတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံတော် လွတ်လပ်ရေးရတဲ့နေ့မှာ နိုင်ငံတော်အကြီးအကဲက နိုင်ငံရဲ့ရပ်တည်ချက်ကို ပြရတာဖြစ်တယ်။

ဒီခေတ် လူငယ်တွေက ကျွန်ဖြစ်ခဲ့တာမသိဘူး။ လွတ်လပ်ရေးရခဲ့တာမသိဘူး။ ဒါမျိုးမဖြစ်အောင် ကိုယ်ရပြီးတဲ့ လွတ်လပ်ရေးကိုဆက်လက်ထိန်းသိမ်းဖို့ တာဝန်ရှိတယ်ဆိုတဲ့ အသိစိတ်ရဖို့လိုတယ်။ လွတ်လပ်ရေးနေ့မျိုးမှာသန္နိဋ္ဌာန်ပြုရမယ်။ နိုင်ငံတော်အကြီးအကဲကလည်း အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံဖြစ်တယ်ဆိုတာကို သံတမန်၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအလယ် ဝင့်ဝင့်ထည်ထည် ပြသရမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

အရင်ကဗိုလ်ရှုသဘင် အခမ်းအနားကိုကျင်းပခဲ့တာ ပါလီမန်မိုကရေစီခေတ် ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိဆိုတော့ ဒီမိုကရေစီအလေ့အကျင့်၊ ကျင့်စဉ်များဟာ ကာလတိုကလေးမှာပဲ ကျင့်သုံးလိုက်ရပြီး အတွေ့အကြုံလည်းနည်းနည်းပါးပါးပဲ ရလိုက်ပါတယ်။ ဒီအတွေ့အကြုံတွေကို အကောင်းဆုံးသင်ခန်းစာယူရမယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလို သူ့ကျွန်ဘဝပြန်မရောက်ရအောင် တစ်ဦးနဲ့တစ်ဦး စိတ်ရှည်သည်းခံပြီး ရပြီးတဲ့လွတ်လပ်ရေး အနှစ်သာရကို ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတယ်။ ကိုယ်နိုင်ငံရဲ့ လူဦးရေ၊ ပထဝီအနေအထား၊ သယံဇာတကြွယ်ဝမှုအရ ကြိုးစားရင် ကြီးပွားအောင်မြင်နိုင်တဲ့ အခြေအနေ



ဒေါ်ချိုချိုကျော်ငြိမ်း
အထွေထွေအတွင်းရေးမှူး
ဒီမိုကရက်တစ်ပါတီ(မြန်မာ)



ဦးသုဝေ(ဥက္ကဋ္ဌ)
ဒီမိုကရက်တစ်ပါတီ(မြန်မာ)

ကောင်းကိုဆိုက်ရောက်မယ်လို့ ကျွန်တော်မလွဲမသွေ ယုံကြည်တယ်။ တကယ်လုပ်ရင် အဟုတ်ဖြစ်မယ်။ တကယ်လုပ်ဖို့လိုတယ်။ ဒီမိုကရေစီလမ်းကြောင်း အမှန်ပေါ်မှာမတူညီတဲ့ အမြင်တွေ ဘယ်လိုပဲရှိရှိ သည်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့စိတ်နဲ့ ညီညီညွတ်ညွတ်နဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကမ္ဘာ့အလယ်မှာတင့်တယ်ထည်ဝါမှာ ဖြစ်ပါတယ်။

**စည်သူဗိုလ်ကလေးတင့်အောင်**

ဘဘက အဲဒီအချိန်တုန်းက အသက်(၃၀)ကျော်ပဲ ရှိမယ်ထင်တယ်။ လွတ်လပ်ရေးရပြီး နှစ်ပတ်လည် ၁၉၄၉ ခုနှစ်က မြို့တော်ခန်းမမှာ လုပ်တာမှတ်မိတယ်။ အဲဒီတုန်းက ဗိုလ်ရှုသဘင်လို့ မခေါ်သေးဘူး။ ၁၉၅၄ခုနှစ်ရောက်တော့ ပြည်လမ်းမှာ ဗိုလ်ရှုသဘင် အဆောက်အအုံဆောက်ပြီး ကျင်းပခဲ့တယ်။ ဒါကို ပြည်သူတွေက အလေးအမြတ်ထားပြီး ကြည့်ရှုအားပေးကြတယ်။ တိုင်းပြည်ရဲ့ အင်အား၊ စွမ်းအားပြသတဲ့ပွဲလိုပဲ ယုံမှတ်ရမယ်။ တိုင်းပြည်တစ်ပြည်လုံးက သာယာတယ်။ တပ်ရဲ့အင်အား၊ တို့ရဲ့စွမ်းအင်၊ စွမ်းအားဘယ်လောက်ရှိတယ်ဆိုတာ ပြတဲ့ပွဲမျိုးပဲ။ ဒီပွဲကို ဘဘတို့ စာထဲမှာဖတ်၊ မှတ်ဖူးတာကတော့ မြန်မာဘုရင်များ လက်ထက်ကတည်းက ကျင်းပခဲ့ဖူးတယ်။ ဗိုလ်ရှုသဘင်လို့တော့မခေါ်ဘူးထင်တယ်။ အရင် မြန်မာပြည်မှာပိုင်နက်က မြေပိုင်နက်၊ ရေပိုင်နက်ပဲရှိသေးတယ်။ လေလမ်းကြောင်းဆိုတာမရှိခဲ့တော့ ကုန်းလမ်းမှာ တိုင်းပြည်ရဲ့ စွမ်းအားဟာ ဆင်၊ မြင်း၊ ခြေလျင်တပ် ချီတက်ကြတဲ့အကြောင်း၊ ရေပြင်မှာလည်း လှေတပ်တို့လို အထောက်အကူပြုတဲ့ ပွဲတွေလုပ်တယ်လို့ သိရတယ်။ ဒါတွေကို ဘယ်လိုလုပ်သိရသလဲဆိုတော့ ဂီတနယ်ပယ်မှာ အင်မတန်အဓိပ္ပာယ်ရှိတဲ့ သီချင်းနှစ်ပုဒ်ရှိတယ်။ ဆရာမြို့မငြိမ်းရေးတဲ့ ရေခင်းတော်သီချင်းက ရေပြင်မှာ စွမ်းအားပြတဲ့ပွဲမျိုး၊ မြင်းခင်းတော်သီချင်းက မြင်းတပ်နဲ့ တပ်မတော်သားတွေ ချီတက်လာတာကို ပြည်သူ ပြည်သားတွေက အားပေးကြတာတွေကို စိတ်ဝင်စားအောင် ရေးထားတာဆိုတာထက် ဇာတိမာန်တက်ကြွအောင် အကြောင်းပြုပြီး ရေးသားခဲ့တဲ့သီချင်းလို့ မှတ်မိတယ်။ အခြေခံအချက်အလက်ကို စဉ်းစားရင် အလှအပ ပြသတာထက် ပင်ကိုအရည်အချင်း၊ တိုင်းပြည်ရဲ့စွမ်းအင်ပြသတဲ့ပွဲ၊

စာမျက်နှာ ၈ သို့ ❖

## ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြား





**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အတွင်းရှိ မြို့နယ်တို့မှ တောင်သူလယ်သမားကြီး စုစုပေါင်း ၅၀၀၀ ကျော် တက်ရောက်ကြသည့် တောင်သူလယ်သမားရေးရာ လူထုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓော စေတီတော်မြတ်ကြီးအနီးရှိ ကွင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြော ကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံ တောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသဘာပတိ ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကိုယ်စား သူရဦးအေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြား ရာတွင် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများ၏ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်နှင့် အစိုးရအဖွဲ့ အစည်းများကလည်း နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိနေပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အောင်မြင်မှု အများအပြားရှိသကဲ့သို့ စိန်ခေါ်မှုများစွာနှင့်လည်း ကြုံတွေ့နေရသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ယင်းသည်လည်း ဒီမိုကရေစီအသွင် ကူးပြောင်းစ နိုင်ငံတိုင်း ကြုံတွေ့ရသည့်အခက်အခဲများဖြစ်ခြင်းကြောင့် ကြောက်ရွံ့နောက်တွန့် မနေဘဲ စိန်ခေါ်မှုများကို အခွင့်အလမ်းကောင်းများအဖြစ် မှတ်ယူပြီး အောင်မြင် ကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း။

မတူညီမှုများ၊ ကွဲပြားခြားနားမှုများသည် ရှောင်လွှဲ၍မရသည့် ဒီမိုကရေစီ အသွင်သဏ္ဌာန်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွား ဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အလေးထားပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ မတူကွဲပြားမှုများက နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများကို အဟန့်အတားဖြစ်စေမည်ဆိုပါကလည်း အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ကာကွယ်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ တောင်သူ လယ်သမားများကိုယ်စား မေးမြန်းတင်ပြကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သုံးသပ်ဖြည့်စွက်ပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲ၌ တောင်သူ လယ်သမားများ၏ မြေယာပြဿနာများ၊ တောင်သူလယ်သမားများ၏ ဘဝ မြင့်မားရေးကိစ္စရပ် အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသီးသီး တင်ပြဆွေးနွေးပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆွေးနွေးချက်များသည် ယနေ့ ပကတိအခြေအနေကိုမူတည်ပြီး အယူအဆများကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြ၍ အားရကြိုဆိုပါကြောင်း။

တက်ရောက်လာကြသူများအားလုံး သိရှိပြီးဖြစ်သည့်အတိုင်း လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်းမှ ယနေ့အချိန်အထိ ပါတီစုံဒီမိုကရေစီနှင့်လူ့အခွင့်အရေး ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်သည့်အချိန်ဟု ပြောဆိုရမည်ဖြစ် ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီး ပွားရေးစနစ်ကိုကျင့်သုံးရာတွင် တောင်သူလယ်သမားများနှင့် ပတ်သက်၍ လယ်ယာမြေပြဿနာများနှင့် တောင်သူလယ်သမားဘဝမြင့်မားတိုးတက်ရေး ပြဿနာများကြုံတွေ့နေရပါကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြခဲ့ကြသည့်အတိုင်း လယ်ယာမြေအပါအဝင် မြေယာများကို အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပွင့်လင်းလာသည့်ခေတ်ကာလ၌ တောင်သူလယ်သမားအကျိုးဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြဋ္ဌာန်းပြီး ပြည်ထောင်စုအစိုးရကို တိုက်တွန်းဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း။

မြေယာပြဿနာများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရကလည်း မြေယာ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဒုတိယသမ္မတ ဦးစီး၍ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့် မြေယာစီမံခန့်ခွဲရေးကော်မတီများက ယနေ့ဖြစ်ပေါ်နေသည့် မြေယာပြဿနာများ ကို ဖြေရှင်းပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မည်သို့ပင် အခက်အခဲတွေ့တွေ့၊ စိန်ခေါ်မှုများတွေ့တွေ့ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆောင်ရွက်ပေးရမည့် အချိန် အခါဖြစ်ပါကြောင်း၊ ယနေ့ကာလ၌ မြေယာပြဿနာများကို ဖြေရှင်းမပေးနိုင်ခဲ့လျှင် မိမိတို့ လွှတ်တော်များနှင့် အစိုးရအဖွဲ့ တာဝန်မကျေရာရောက်မည်ဖြစ်ကြောင်း၊ ဥပဒေများပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေ၏အကျိုးသက်ရောက်မှုကို ခံစားစေလိုသည့် စိတ်စေတနာရှိရန် လိုအပ်ပါကြောင်း။

လယ်ယာမြေပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် ဥပဒေအရ အခက် အခဲရှိနေပါက သက်ဆိုင်ရာလွှတ်တော်များကို တင်ပြပါက မိမိတို့ဆောင်ရွက် ပေးမည်ကို ကတိပြုပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပေါင်း ၁၂၆ ခု ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ဆဲ ဥပဒေပေါင်း ၄၀ ကျော်ရှိပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး မိမိတို့လွှတ်တော် ကိုယ်စားလှယ်များ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်တို့ဖြင့်မလုံလောက်ဘဲ အားလုံး ပါဝင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ ဆန္ဒသဘောထားနှင့် နစ်နာချက်များကို တင်ပြရမည်ဖြစ်သော်လည်း ဥပဒေနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ တည်ဆဲဥပဒေ များကို နားမလည်၍ ဥပဒေချိုးဖောက်မိပါက ဥပဒေက ခွင့်လွှတ်မည်မဟုတ် ကြောင်း၊ ဥပဒေနားမလည်သည့်ပြည်သူများကို ဥပဒေနားလည်သူများက သွေးထိုးပေး၍ တရားစွဲဆိုခံရခြင်းများသည် ဝမ်းနည်းစရာပင်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းပြီးဥပဒေများကို တောင်သူလယ်သမားများ လက်တွေ့ခံစားနိုင်ရေး အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တောင်သူ ဦးကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

---

**❖ စာမျက်နှာ ၇ မှ**

အုပ်ချုပ်သူပုဂ္ဂိုလ်များရဲ့ စေတနာနဲ့ မေတ္တာ တိုင်းပြည်ပေါ်မှာ ဘယ်လိုထား တယ်ဆိုတာ ပြသပွဲလို့ မှန်းရပါ တယ်။

ပြည်လမ်းက လွှတ်တော်ရှေ့မှာ အဆောက်အအုံ ဆောက်ပြီးတော့ ပြည်လမ်းမကြီးတစ်လျှောက် တပ်ဗိုလ်၊ စစ်သမီးတွေချီတက်ကြတယ်။ ဒီအခမ်း အနားမှာတော့ ဗိုလ်ရှုသဘင် သီချင်း ဆိုပြီး အသံလွှင့်ခဲ့ဖူးတယ်။ ဘဘတို့ လည်းနောက်ပိုင်းကျတော့ တက်ခဲ့ဖူး တယ်။ ဒါကလည်း တို့တိုင်းပြည်မှာ လွတ်လပ်ရေးရပြီးနောက် ရထားတဲ့ လွတ်လပ်ရေးကို ဆုံးရှုံးမသွားအောင် ကာကွယ်နိုင်လောက်တဲ့ စွမ်းအင်ရှိ တယ်ဆိုတာပြချင်တဲ့သဘောလို့ယူဆ တယ်။ ဒါကြောင့် လွတ်လပ်ရေးနေ့မှာ ကျင်းပတာဖြစ်တယ်။

ဗိုလ်ရှုသဘင်အခမ်းအနားကို ပြန် ပြီးကျင်းပတာ တိုင်းပြည်မှာ ညီညွတ်မှု ကိုဦးတည်ပြီး လုပ်တယ်လို့တွေးလို့ ရပါတယ်။ ဘဘတို့က အနုပညာသမား ဖြစ်ခြင်းကြောင့် အနုပညာအနေနဲ့ မြင်တာ ကောင်းတယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

အခမ်းအနားတစ်ခုရဲ့လုပ်ဆောင် ချက်က လူကိုစိတ်ဝင်စားစေတာက တော့ အမှန်ပဲ။ အခု ဗိုလ်ရှုသဘင် လုပ်မယ်ဆိုတာ ကောင်းပါတယ်။ ကောင်းတယ်လို့ပြောရတာက စည်းလုံး ညီညွတ်မှုကို ယခုလိုအခမ်းအနားမျိုး၊ ပွဲလမ်းသဘင်နဲ့ တည်ဆောက်နိုင်တာ များတယ်လို့ ထင်တယ်။ ဟောပြော စည်းရုံးရုံနဲ့ မပြည့်စုံဘူးလို့ထင်တယ်။ လွတ်လပ်ရေးရဲ့တန်ဖိုး၊ အနှစ်သာရကို လူငယ်တွေသိအောင်၊ လူတွေစိတ်ဝင် စားအောင်လုပ်တဲ့နေရာမှာ ပွဲလမ်း သဘင်ကပိုပြီး ထိရောက်တယ်လို့ မြင်တယ်။

အဆိုတော် ဒေါ်တင်တင်မြ

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗိုလ်ရှုသဘင်လို့ ကြားလိုက်တာနဲ့ အဲဒီခေတ်၊ အဲဒီအခါက လူတိုင်း နှုတ်ဖျားမှာ ရေပန်းစားခဲ့တဲ့ သီချင်း တွေကို အမှတ်ရမိပါတယ်။ ဂီတာ တင်အုန်းရေးစပ်ခဲ့ပြီး မြသက်မူက သီဆိုခဲ့တဲ့ "ဗိုလ်ရှုသဘင်"သီချင်းက နာမည်ကြီး သီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါ တယ်။

အခုလို ဗိုလ်ရှုသဘင်ကိုပြန်လည် ကျင်းပနိုင်တာဟာ နိုင်ငံတော်အတွက် ဝမ်းသာဂုဏ်ယူစရာ အခမ်းအနား တစ်ခုပါ။

ဒီဗိုလ်ရှုသဘင်သီချင်းက အင်မတန် မှ ကျက်သရေမင်္ဂလာရှိပါတယ်။ သီချင်းရဲ့အစမှာ စည်တော်သံနဲ့ စထားပြီးတော့မှ တကယ်တေးသွား ကိုရောက်သွားတာ။ စာရေးဆရာရဲ့ အာဘော်အသံနဲ့ သီချင်းကို ရေးစပ် ထားတာဖြစ်တယ်။အကြောင်းအရာက လည်း စုံစုံလင်လင်ရှိတယ်။ နိုင်ငံတော် အတွင်းဝန်တွေ၊ တပ်မတော်သားတွေပါ မကျန် စုံစုံလင်လင် သောင်းသောင်း ဖြဖြ အလေးပြုကြတယ်ဆိုတဲ့ အခမ်းအနားသရုပ်ကိုဖော်ပြထားတဲ့ သီချင်းပါ။ သီချင်းကို ကြားပြီးတဲ့အခါ မြန်မာတွေရဲ့ မျိုးချစ်စိတ်တွေ ပေါ်ပေါက်လာတယ်။ နိုင်ငံတော် ကောင်းအောင် စောင့်ရှောက်နေကြတဲ့ အကြီးအကဲတွေကို လေးစားဂုဏ်ပြု တဲ့သီချင်းမျိုးလည်း ဖြစ်ပါတယ်။

---

# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ ဟောပြောပွဲကို နိုင်ငံခြားငွေကြေးစီမံခန့်ခွဲ မှု ဥပဒေနှင့်စည်းမျဉ်းများ (Foreign Exchange Management Law and Regulations) ခေါင်းစဉ်ဖြင့် ဒေါ်နော် အယ်ဖော၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဗဟိုဘဏ်နှင့် MICPA အသင်း ဦးဆောင်လမ်းညွှန်ကော်မတီဝင်များဖြစ်သည့် ဦးမော်သန်း၊ ဦးဝင်းသင်၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးကျော်တို့က ဒီဇင်ဘာ ၂၅ ရက်(ကြာသပတေး နေ့)တွင် နံနက်၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြ ပန်းခြံလမ်း အမှတ်(၁/၁၉)ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(ရန်ကုန်)သင်တန်း ကျောင်းရှိ ဟောပြောပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲသို့ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် များအတွက် CPE နာရီရရှိမည်ဖြစ်သည်။ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းသင်တန်းသို့ တက်ရောက်နေသော သင်တန်းသား သင်တန်းသူများ အနေဖြင့်လည်း ဟောပြောပွဲတက်ရောက်လိုပါက အသင်းရုံးခန်းသို့လာရောက် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၂၁၄၆၅၃၊ ၀၉- ၃၁၇၁၈၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းတည်ရှိရာ အထက် ဖော်ပြပါလိပ်စာအတိုင်း ဒီဇင်ဘာ ၂၄ ရက် နောက်ဆုံးထားပြီးစာရင်းပေးသွင်း နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လုံးဝ လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ဥတုရာသီ တောကိုမှီ၍

---

**● ကျောဖုံးမှ**

အဆိုပါ တိုက်ခန်းများတွင် ရှစ် ခန်းတွဲလေးထပ် ၂၇ လုံး၊ လေးခန်းတွဲ လေးထပ် အလုံး ၃၀ ပါရှိပြီး အခန်း ပေါင်း ၁၃၄၄ ခန်းပါဝင်သည်။

ထိုသို့ရောင်းချပေးရာတွင် ဝယ်ယူ ခွင့်ရရှိ၍ လျှောက်ထားသူဦးရေ ၁၀၅၇ ဦးအနက် ချမ်းမြသာစည် မြို့နယ် မြရည်နန္ဒာရပ်ကွက်၊ မြေကွက် ရောင်းမှား၊ ဝယ်မှားဖြစ်သူ ၁၅၂ ဦး၊ ပြည်ကြီးတံခွန်မြို့နယ် ကံကြီးကုန်း၊ ဇီးအုပ်တွင် ရောင်းမှား၊ ဝယ်မှားဖြစ်သူ ၂၂၃ ဦးနှင့် မြို့ကွက်သစ်အကွက်ရိုက် မြေကွက်များတွင် နေရာချထားမှု များထပ်နေ၍ အစားထိုးပေးမည့်သူ နှစ်ဦး၊ စုစုပေါင်း ၃၇၇ ဦးတို့အား ဦးစားပေးအနေဖြင့် စိစစ်ရွေးချယ် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ ဝယ်ယူခွင့်ရရှိရေးအတွက် ပင်စင်စား ၁၂၈၅ ဦး၊ တိုက်ပွဲကျ/မုဆိုးမ ၁၆ ဦး၊ မသန်စွမ်းလေးဦး၊ အောက်ခြေ ဝန်ထမ်း ၇၂၀၉ ဦးနှင့် သာမန်ပြည်သူ ၆၆၅ ဦး စုစုပေါင်း ၉၁၇၉ ဦး လျှောက်ထားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့)**

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၅၇)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်"(အပိုင်း-၄၀)
၁း၀၀ "အပူထဲမှာအေးအောင်နေ" တရားတော်(ဆရာတော် ဘဒ္ဒန္တအဂ္ဂသီရိ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) [ရေသူမလင်(အပိုင်း-၁)]
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၉၀)
၃း၄၅ ရင်ခုန်သံစည်းချက်များ
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ"(အပိုင်း-၉၁)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ Happy Beach (Season-2) [ရေသူမလင်(အပိုင်း-၂)]
၈း၁၅ ရသစုံညွှန်းတမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၅၈)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၄၁)
၁၀း၁၀ အနုပညာမိုးကောင်းကင်
၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား"(အပိုင်း-၅၈)
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်"(အပိုင်း-၄၁)

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**ပဲခူး ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၁ ရက် ညပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည်ရွှေမော်ဓော စေတီတော် အာရုံခံတန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့်ဆက်ကပ်ပူဇော်ပြီး စေတီတော်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကာ **(ယာပုံ)** ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့သည်။

**(သတင်းစဉ်)**





# ငြိမ်းချမ်းရေးတံခါးဝသို့ ရောက်ရှိလာသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC) ၌ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်းအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုအဖွဲ့ (NCCT) တို့၏ နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူသူများ တွေ့ဆုံဆွေးနွေးမှုသည် အရေးကြီးသည့် တွေ့ဆုံဆွေးနွေးမှုတစ်ခုဖြစ်ခဲ့သည်။

နှစ်ဖက်စလုံးမှ နည်းပညာပိုင်း (Technical)ဆိုင်ရာမှာ တာဝန်ရှိသည့် ပုဂ္ဂိုလ်များက ယင်းဆွေးနွေးပွဲ၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်း (NCA)၌ ဆွေးနွေးရန် ကျန်ရှိနေသည့်အချက်များအားလုံးကို အပြီးသတ် ဆွေးနွေးနိုင်ခဲ့သည်ဟု NCCT ဘက်မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ဆွေးနွေးပွဲအပြီး မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ယင်းသို့ ဆွေးနွေးနိုင်ခဲ့ခြင်းမှာ UPWC နှင့် NCCT တို့အကြား စက်တင်ဘာလနောက်ပိုင်း ဆွေးနွေးပွဲအပြီး တရားဝင်ဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်ခြင်း မရှိခဲ့သော်လည်း နှစ်ဖက်လုပ်ငန်းအဖွဲ့များအကြား အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ဖြစ်သည်ဟု UPWC ၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေက ဆိုသည်။

ယနေ့ ဆွေးနွေးပွဲသို့ NCCT မှ (၁) NCA ၌ ဆွေးနွေးရန် ကျန်ရှိနေသည့် အပိုင်းများကို ဆက်လက်ဆွေးနွေးရန်၊ (၂) လိုင်ဇာကဲ့သို့သော ကိစ္စရပ်များ ထပ်မံပေါ်ပေါက်ခြင်း မရှိစေရန်အတွက် နှစ်ဖက်ခေါင်းဆောင်များအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားရန်၊ (၃) ဩဂုတ်လအတွင်းက သဘောတူညီခဲ့သည့် ပူးပေါင်းစောင့်ကြည့်ရေး (Joint Monitoring)နှင့် နှစ်ဖက်တပ်မှူး၊ တပ်သားများ လိုက်နာရမည့် (Military Code of Conduct) ကိစ္စရပ်များအတွက် လုပ်ငန်းအဖွဲ့တွေ့ဆုံဆွေးနွေးရန်နှင့် (၄) လာမည့်တွေ့ဆုံဆွေးနွေးပွဲများမှစတင်၍ နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲတိုင်းတွင် နိုင်ငံတကာ အသိသက်သေများထားရှိရန် စသည့်အချက်လေးချက်ကို အဓိကထားဆွေးနွေးမည်ဟု သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလထဲမှာ ဖြစ်ပွားခဲ့တဲ့ လိုင်ဇာဗိုလ်သင်တန်းကျောင်းက ဖြစ်စဉ်အပါအဝင် ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေက ထိတွေ့တိုက်ခိုက်မှုတွေကို ကြည့်မယ်ဆိုရင် အဲဒီဒေသတွေမှာ အပစ်အခတ်ရပ်စဲရေးကိုခိုင်မာအောင် မလုပ်ဆောင်နိုင်သေးလို့ဆိုတဲ့အချက်ကို တွေ့ရမှာပါ။ အပစ်အခတ်ရပ်စဲရေး ခိုင်မာအောင်လုပ်ဖို့ဆိုရင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသက်သက်ကို သဘောတူရုံနဲ့ မလုံလောက်နိုင်ပါဘူး။ နှစ်ဖက်လိုက်နာရမယ့် စည်းကမ်းတွေကို သေသေချာချာသတ်မှတ်ပြီး ချိုးဖောက်မှုတွေဖြစ်လာခဲ့ရင် စောင့်ကြည့်ကြီးကြပ်စိစစ်နိုင်တဲ့ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းဖို့ကို ပီပီပြင်ပြင် အသက်သွင်းနိုင်ဖို့လိုပါလိမ့်မယ်"ဟု UPWC ၏ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ၎င်း၏အဖွင့်အမှာစကားတွင် ပြောကြားသည်။

ပြည်တွင်းငြိမ်းချမ်းရေးသာမကဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များပါ ဆွေးနွေးနိုင်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် မိမိတို့အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို အစပျိုးဆောင်ရွက်ရန် ဆန္ဒရှိသည်ဟုလည်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် လုပ်ငန်းအစည်းဝေးဖြစ်သောကြောင့် နှစ်ဖက်စလုံးမှ ဆွေးနွေးချက်များကို အတည်ပြုနိုင်ခြင်းမရှိသော်လည်း ခုနစ်ကြိမ်မြောက် ပြုလုပ်မည့် UPWC နှင့် NCCT တို့၏ တရားဝင်ဆွေးနွေးပွဲ၌ အတည်ပြုသွားနိုင်မည်ဖြစ်သည်။

"နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီမှာဆွေးနွေးထားတဲ့ဟာကို ခေါင်းဆောင်ပိုင်းကို ပြန်တင်ပြသွားမှာဖြစ်ပါတယ်။ နှစ်ဖက်အရာရှိကြီးတွေပါခြင်း၊ မပါခြင်းဟာ သိပ်ပြီးတော့ ကျွန်တော်တို့ကို မထိခိုက်စေပါဘူး။ အချိန်အကန့်အသတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တိုင်းရင်းသားတွေအနေနဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးကျင်းပချင်ပါတယ်ဆိုတာကို ကျွန်တော်တို့ တိုင်းရင်းသားဘက်က ယခင်ကတည်းက ပြောထားတာရှိပါတယ်"ဟု ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းက ပြောသည်။

UPWC နှင့် NCCT တို့၏ ခုနစ်ကြိမ်မြောက် တရားဝင်တွေ့ဆုံဆွေးနွေးမှုများကို လာမည့်ဇန်နဝါရီလအတွင်း ပြုလုပ်နိုင်ရန်မျှော်လင့်ကြောင်း UPWC ၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေနှင့် NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းတို့က ဆွေးနွေးပွဲအပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

"ဒီနေ့လုပ်တဲ့ အဓိကက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်း (NCA) ကို ပြီးအောင်ညှိနှိုင်းဖို့ပါ။ ဒီနေ့နှစ်ဖက်ခေါင်းဆောင်က ပထမ ဦးစားပေးအလုပ်ကို ပြီးအောင်ဆွေးနွေးတာ ညနေ ၄ နာရီထိုးခါနီးမှာ ပြီးသွားတယ်။ မနက်ဖြန်ဆွေးနွေးပွဲမှာ NCCT ဘက်မှ ခေါင်းဆောင်များ အဆိုပြုတဲ့ ဘယ်အချက်ကိုမဆို ဆွေးနွေးသွားမယ်လို့ ဝန်ကြီးဦးအောင်မင်းဘက်က ပြောထားပါတယ်"ဟု ဦးလှမောင်ရွှေက ပြောသည်။

တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးစာချုပ် စတုတ္ထမူကြမ်းအတွက် (UPWC) နှင့်(NCCT) တို့၏ တွေ့ဆုံဆွေးနွေးမှုတွင် NCCT ဘက်မှ ခေါင်းဆောင်များ အဆိုပြုလာသည့် အချက်လေးချက်အား ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး (UPWC) နှင့် (NCCT) တို့ သတ္တမအကြိမ်မြောက် တွေ့ဆုံမှုအား ၂၀၁၅ လွတ်လပ်ရေးနေ့နောက်ပိုင်းတွင် တွေ့မြင်ရနိုင်မည်ဟု ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်သည့် နှစ်ဖက်ကိုယ်စားလှယ်များက သုံးသပ်သည်။

**သတင်းဆောင်းပါး**
**ရဲခေါင်ညွန့်နှင့် မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

**❍ မြစ်ဆုံမှ**

အထက်တန်း ကျပ် ၃၂၀၀၊ မန္တလေး-ကောလင်း ရိုးရိုးတန်း ကျပ် ၃၉၀၀၊ အထက်တန်း ကျပ် ၇၆၀၀၊ မန္တလေး-နဘားရိုးရိုးတန်း ကျပ် ၅၁၀၀၊ အထက်တန်း ကျပ် ၁၀၁၀၀၊ မန္တလေး-မိုးညှင်း ရိုးရိုးတန်း ကျပ် ၆၂၀၀၊ အထက်တန်း ကျပ် ၁၂၃၀၀၊ မန္တလေး-ဟိုပင် ရိုးရိုးတန်း ကျပ် ၆၆၀၀၊ အထက်တန်း ကျပ် ၁၃၂၀၀၊ မန္တလေး-မိုးကောင်း ရိုးရိုးတန်း ကျပ် ၇၄၀၀၊ အထက်တန်း ကျပ် ၁၄၇၀၀ သတ်မှတ်ထားသည်။

အဆိုပါ ခရီးစဉ်အား ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ယူ ပြေးဆွဲပေးနေခြင်းဖြစ်ကာ အမှတ် (၃၇-၃၈)အစုန်၊ အဆန် ရထားလက်မှတ်ရောင်းချရာတွင် သုံးရက်ကြို၊ နှစ်ရက်ကြို၊ တစ်ရက်ကြိုနှင့် နေ့ချင်း လွတ်လပ်စွာ ရောင်းချပေးနေပြီး VIP အထူးအစီအစဉ်ဖြင့် ရောင်းချခြင်း မရှိကြောင်း သိရသည်။

ဝန်ဆောင်မှု အဆင့်မြှင့်တင်ထားသောမြစ်ဆုံ-မန္တလာ အထူးအမြန်ရထားခရီးစဉ်အတွင်း နေ့လယ်စာအား ရထားပေါ်တွင် ကျွေးမွေးခြင်း၊ ရထားတွဲများတွင် ၂၄ နာရီ ရေ၊ မီး မပြတ်စေရေး၊ သန့်စင်ခန်းများ အထူးသန့်ရှင်းစေရေး ဆောင်ရွက်ပေးမည့်အပြင် လေပန်ကာစနစ်၊ ချိုသာသော သံစဉ်၊ သီချင်းထုတ်လွှင့်မှုစနစ်များကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ရထားပေါ်တွင် စားသောက်တွဲပါရှိကာ သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်အောင် စီစဉ်ထားရှိပြီး အရေးပေါ် ဆေးဝါးများကိုလည်း ရောင်းချပေးမည်ဖြစ်သည်။

မီးရထားခရီးသည်များ လိုက်ပါစီးနင်းမှုနည်းပါးခဲ့သည့် အဆိုပါခရီးအတွင်း မြန်မာ့မီးရထားအနေဖြင့် အရှုံးဖြင့်ရင်ဆိုင်နေရကာ ယခုအခါတွင် ပုဂ္ဂလိကကုမ္ပဏီဖြစ်သော ကချင်ပြည်နယ် အများပိုင်ကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းကာလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ဝန်ဆောင်မှုများ အဆင့်မြှင့်ကာ စီစဉ်ပြေးဆွဲခြင်းဖြစ်သည်ဟု သိရသည်။

**(၀၀၂)**

**❖ မြန်မာယူ-၂၀မှ**

ဇန်နဝါရီ ၁၃ ရက်တွင် အင်ဒိုနီးရှားယူ-၂၃ အသင်းနှင့် ကစားမည်ဖြစ်ပြီး ယင်းအသင်းမှာ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းလည်းဖြစ်သည်။ မြန်မာယူ-၂၀အသင်းမှာ ၂၀၁၅ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရရှိထားသည့်အသင်းဖြစ်ပြီး ပြိုင်ပွဲမတိုင်မီပြင်ဆင်မှုများစွာ ပြုလုပ်ရန်စီစဉ်ထားသည်။

မြန်မာယူ-၂၀ အသင်းသည် ပဏာမကစားသမား ၂၄ ဦးဖြင့် နိုဝင်ဘာ ၁၇ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး မာရာဟာလင်ဖလားပြိုင်ပွဲကို ကစားသမား ၁၉ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ကစားသမားသစ် အနည်းငယ်ဖြင့် သွားရောက်ယှဉ်ပြိုင်ဖွယ်ရှိနေပြီး ယခုလကုန်ပိုင်းတွင် အပြီးသတ်လူစာရင်းကို ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ပြည်တွင်းအသင်းများနှင့် ခြေစမ်းပွဲငါးပွဲယှဉ်ပြိုင်ကစားခဲ့ရာ ငါးပွဲစလုံးအနိုင်ရရှိထားကြောင်း သိရသည်။

# နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ တရားပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

သာသနဟိတရေအသင်းနေပြည်တော်မှ ပင့်ဖိတ်စီစဉ်သော ဆရာတော် အရှင်ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)က တရားဟောကြားတော်မူမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက် (ဗုဒ္ဓဟူးနေ့)၊ ၈ ရက် (ကြာသပတေးနေ့)နှင့် ၉ ရက် (သောကြာနေ့)များတွင် ညစဉ် ၇ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ပြည်တွင်းရေးရာ



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်

**❁ အနည်းဆုံးမှ**

တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုတဲ့နှုန်းထားကိုမှ အားလုံးကို ဒီအတိုင်းဖြစ်ပါတယ်လို့ ကြေညာမယ်။ အဆင့်တွေကျန်သေးတယ်။ အခုမှလိုအပ်တဲ့အဖွဲ့တွေ ဖွဲ့စည်းပြီးပြီ။ အားလုံး ပြည်နယ်နှင့်တိုင်းဒေသကြီးအကုန်လုံးလိုက်ပြီး ဆွေးနွေးပြီးပြီ။ တတိယအဆင့်က ဘာလဲဆိုတော့ ဟိုလွန်ခဲ့တဲ့လက ပျဉ်းမနား နေပြည်တော်တစ်ဝိုက်မှာ လုပ်ကွက်လေးတွေ လုပ်ပြီး တစ်ယောက်ချင်း မေးခွန်းလေးတွေမေးတယ်။ အဲဒီမှာ အိမ်ထောင်စုတွေက တစ်ယောက်ချင်း မဖြေနိုင်ရင် နှစ်ယောက်ပေါင်းဖြေနိုင်တာရှိတယ် စသဖြင့် အဲဒီမေးခွန်းလေးတွေကို ဖြေရတာခက်တာရှိတယ်။ တချို့လျှော့ပစ်လိုက်တယ်။ အလွယ်ဆုံးနဲ့ အသုံးတည့်တဲ့မေးခွန်းလေးတွေ လုပ်ထားပြီး အခု အဲဒီမေးခွန်းလေးတွေအပေါ်မူတည်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအနှံ့ စစ်တမ်းကောက်တဲ့ အဖွဲ့လေးတွေ ဖွဲ့ထားပြီးပြီ။ အဲဒီမှာဌာနဆိုင်ရာပါမယ်။ အလုပ်သမားကိုယ်စားလှယ်၊ အလုပ်ရှင် ကိုယ်စားလှယ်ပါမယ်။ ကျွမ်းကျင်ပညာရှင်တွေပါမယ်။ လိုက်ကောက်ပြီးစာရင်းတင်မယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဇန်နဝါရီ၊ ဖေဖော်ဝါရီလ နှစ်လ ကောက်မယ်။ အဲဒီအပေါ်မှာ တက်လာတဲ့စာရင်းဇယားတွေ၊ ဒီကြားထဲမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေ ဆွေးနွေးလို့ရတဲ့ စာရင်းဇယားတွေ ဒီပေါ်မှာ ချိန်ထိုးပြီး အဆိုပြုမယ်။ အနည်းဆုံး အခကြေးငွေဆိုတာ ဖြစ်လာမယ်။ အဆိုပြုလွှာရပြီးရင် အဆိုပြုလွှာကို ပြည်သူကို အကုန်ချပြမယ်။ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်စရာရှိရင် ကန့်ကွက်ပါ။ အကြံပေးစရာ ရှိရင်ပေးပါ။ ဒါတွေအပေါ်မူတည်ပြီး ပြန်စဉ်းစားပြီးနောက်ဆုံးရလဒ်အပေါ် မူတည်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို တင်ပြအတည်ပြုပြီး အနည်းဆုံးအခကြေးငွေကတော့ဒါဖြစ်ပါတယ်။ ဒါလုပ်ငန်းစဉ်ပါ။ အလုပ်ရှင်တွေ ဆွေးနွေးချက်အပေါ် လူမှုရေးအကာအကွယ်ပေးဖို့ လူတစ်ယောက်နေထိုင်ဖို့ အခြေခံလိုအပ်ချက်တွေ စာရင်းဇယား ထွက်လာမယ်ဆိုရင် အလုပ်ရှင်ဘက်က လိုက်လျှော့ပေးဖို့ သဘောတူတယ်။ ဒီအပေါ် မှာ အလုပ်ရှင်တွေရဲ့စေတနာ၊ အလုပ်သမားတွေရဲ့လုပ်အား၊ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှု၊ အလုပ်သမားတွေရဲ့ မှန်မှန်ကန်ကန်လုပ်မှု ဒီအပေါ်မှာမူတည်ပြီး ဒါတွေကပေါင်းသွားမှာပါ။ နုတ်စရာမရှိတော့ဘူး။ အခြေခံလုပ်ခလစာဆိုတာ အနည်းဆုံးကို ပြောတာ။ အဲဒါတွေရဲ့ အပေါင်းတွေပဲ ရှိတယ်။ အပေါင်းဆိုတာ အလုပ်သမားတွေရဲ့ လုပ်အားပေးနိုင်မှု၊ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုအပေါင်း အလုပ်ရှင်တွေရဲ့ စေတနာအရ အပိုဆုကြေးတွေ ဒါတွေသည် အပေါင်းပဲ။ အဲဒါတွေကို စစ်တမ်းကောက်မှာပါ။ အလုပ်သမားတွေက အခြေခံလိုအပ်ချက်ကိုဖြည့်ဆည်းပေးဖို့ သူတို့ဘက်ကလည်း ဝန်မလေးဘူး။ ဒီကြားထဲရောင်းသူဝယ်သူ အသံတူအောင် လုပ်ဖို့ရှိသေးတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလ နောက်ဆုံးထားပြီး အလုပ်ရှင်ကော အလုပ်သမားကော အကြံပြုချက်တွေ တောင်းထားတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီးက မြို့နယ်ပေါင်း ၁၀၀ ကျော်မှာ စစ်တမ်းကောက်စရာရှိတယ်။ အဲဒါကို နှစ်လ အချိန်ပေးထားတယ်။ အချက်အလက်တွေစုံဖို့အရေးကြီးတယ်။ ဆွေးနွေးပွဲတွေမှာ ညှိနှိုင်းမှုတွေ အများကြီးလုပ်ခဲ့ပါတယ်။ အဆိုပြုချက်တွေကောက်ခံတာက ပထမအကြိမ်ဖြစ်ပါတယ်။ အလုပ်သမားတွေဘက်က ဘယ်လိုဆန္ဒရှိသလဲ၊ အလုပ်ရှင်တွေဘက်ကကော ဘယ်လိုဆန္ဒရှိသလဲဆိုတာ သိသွားပြီး အားလုံး သဘောတူတဲ့နေရာဒေသအလိုက် လုပ်ငန်းက သတ်မှတ်တာ အကောင်းဆုံးဖြစ်မယ်ဆိုတာ ဘုံသဘောတူညီချက်ဖြစ်တယ်။ စစ်တမ်းကောက်လို့ရတဲ့ အဖြေကို သူတို့ပြောတာဟုတ်ရဲ့လားဆိုပြီး လက်တွေ့ဘယ်လိုဖြစ်နေသလဲဆိုပြီး ဒီအပေါ်မှာ မူတည်ပြီး ပြန်ချိန်ဆမယ်။ အဲဒီအပေါ် ဝေဖန်တာ၊ အကြံပြုတာ၊ ကန့်ကွက်တာတွေ ရက်ပေါင်း ၆၀ နားထောင်ပြီး နောက်ဆုံး အတည်ပြုတာ တစ်ခုကို အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်မယ်။ နောက်ဆုံးတော့ အဖြေရအောင် လုပ်ရမှာပါ။ တွက်ချက်တဲ့အခါ မသိတာတွေ အများကြီးရှိတယ်။ ပြောင်းလဲတဲ့အချက်တွေ အများကြီးရှိတယ်။ ကုန်ဈေးနှုန်းတွေ၊ အလုပ်သမားစရိတ်တွေ အပြောင်းအလဲရှိတယ်။ အပြောင်းအလဲတွေရှိတယ်။ မသိကိန်းတွေလည်းရှိနေတယ်။ မသိကိန်းတွေကိုသိအောင် စစ်တမ်းကောက်တာပါ။ အဲဒီအပေါ်မူတည်ပြီး အဖြေထုတ်တာပေါ့။ဒါပေမယ့် လက်တွေ့အသုံးချနိုင်တဲ့ စာရင်းဖြစ်ရမယ်။ မြန်မြန်လုပ်လိုက်ပြီး အလုပ်သမားလည်း မလိုက်နာ၊ အလုပ်ရှင်လည်း မလိုက်နာရင် ဒီစာရင်းက ဘာလုပ်မလဲ။ ဒါတွေကို စိတ်ရှည်ရှည်နဲ့ သည်းခံပေးပါ။ လုပ်နေတာ ဆွေးနွေးပွဲပေါင်း (၂၇)ကြိမ်ရှိပြီ။ ဦးစီးကော်မတီဆွေးနွေးတာငါးကြိမ်ရှိပြီ။ အလုပ်ရှင်နဲ့အလုပ်သမားက သဘောတူညီချက်ရရင်တော့ အလွန်ကောင်းတဲ့ အခြေအနေပါ။ မရနိုင်သေးတဲ့အချိန်မို့ ညှိနှိုင်းနေရတယ်။ မှီငြမ်းပြုနိုင်တဲ့ အချက်အလက်တွေ ရှာနေရတာ။ နိုင်ငံတကာမှာလည်း ဒီလိုလုပ်နေရတာပါ။ ဂျပန်မှာ ဒီအလုပ်လုပ်တာ ရှစ်နှစ်ကြာတယ်။ ဒါတွေကို နားလည်ပေးကြပါ။ မြန်မြန်လုပ်ချင်တယ်။ မှန်ဖို့၊ လက်တွေ့ကျဖို့ အရေးကြီးပါတယ်။

**ဦးမြင့်စိုး (မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်တဲ့အခါဆွေးနွေးပွဲတွေမှာ ဆွေးနွေးသလို နိုင်ငံတကာအသိအမှတ်ပြုခံယူထားတဲ့အနည်းဆုံးအခကြေးငွေဆိုရာမှာ လူမှုရေးကို ကာကွယ်ပေးတဲ့ ငွေကြေး သတ်မှတ်တာမျိုးဆိုရင် လုပ်ငန်းရှင်တွေက သဘောထားပြောစရာမလိုပါဘူး။ လုပ်ငန်းရှင်ဆိုတဲ့ ခေါင်းစဉ်ကိုယူမိရင် လူမှုရေးကို အကာအကွယ်ပေးတဲ့အရာဆိုတော့ ပေးကိုပေးရပါမယ်။ အဲဒီဟာကို ပေးရမှာဖြစ်တဲ့အတွက် နိုင်ငံတကာအတွေ့အကြုံ၊ နိုင်ငံတကာသတ်မှတ်ချက်တွေနဲ့ သတ်မှတ်တာဆိုရင် ဘာမျှ အကြံပြု ပြောစရာ မရှိသလို ကန့်ကွက်စရာ မရှိပါဘူး။ အားလုံး လိုက်ပါဆောင်ရွက်ဖို့အတွက် အဆင်သင့်ဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းအနေနဲ့ အနည်းဆုံးအခကြေးငွေရှိတဲ့အတွက် အလုပ်ရှင်၊ အလုပ်သမားဆက်ဆံတဲ့အခါမှာ သတ်မှတ်ချက်လိုင်းတစ်ခုဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် ပြောဆိုဆက်ဆံလုပ်ရတာ ကောင်းလာမယ်။ နှစ်ဦးနှစ်ဖက် ပြောဆိုဆက်ဆံရေး ကောင်းလာတာဖြစ်တဲ့အတွက် ကုန်ထုတ်စွမ်းအားပေါ်မှာ အင်အားဖြစ်လာမယ်။ ကုန်ထုတ်စွမ်းအားဖြစ်လာတာနဲ့ တစ်ပြိုင်နက်တည်း အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ အလုပ်အကိုင်တွေက အောင်မြင်မှုတွေရပါမယ်။ အနည်းဆုံး အခကြေးငွေအပေါ်မှာ သတ်မှတ်တာက ပြည်သူရဲ့လိုအပ်ချက်ကို အခြေခံပြီး သတ်မှတ်တာဖြစ်တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေ အတွက်ကတော့ ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေယှဉ်လာရင် အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက်ဟာ အဟန့်အတားတစ်ခုမဟုတ်ပါဘူး။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် သေသေချာချာ အားလုံးပါဝင်တဲ့ သတ်မှတ်မှုမျိုးကို အခြေခံပြီး လုပ်နိုင်ရင်ကောင်းပါတယ်။ အဓိက အချက်က ကျယ်ကျယ်ပြန့်ပြန့် အခြေခံရမှာ ဖြစ်ပါတယ်။

**ဦးမြင့်ဇော်(အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေး)**

အလုပ်သမားတွေအတွက် အနည်းဆုံးအခကြေးငွေကို တစ်ပြေးညီသတ်မှတ်တယ်လို့ ဆိုရင်တော့ အလုပ်ရှင်တွေဘက်က စိုးရိမ်ကြောင့်ကြမှုတွေ အများကြီးဖြစ်ပေါ်လာနိုင်ပါတယ်။ စိုးရိမ်ကြောင့်ကြမှုဖြစ်လာတဲ့ အတိုင်းအတာအနေနဲ့ပြောရရင် နေရာဒေသအလိုက်မတူညီတဲ့ အတွက်ကြောင့်မို့ပါ။ ကျွန်တော်တို့ဒေသတွေမှာ အနည်းဆုံးလုပ်ခဟာ ထိုက်သင့်တဲ့အနေအထားနဲ့လုပ်ချင်တဲ့ အလုပ်သမားနဲ့ အဆင်ပြေတဲ့နှုန်းထားနဲ့ပေးနေရာက မြင့်မလား၊ နိမ့်မလား သေချာ မသိပါဘူး။ အဲဒီလိုဆိုခဲ့ရင် လိုက်လျောညီထွေမှုရှိနေရင် အလုပ်ရှင်ဘက်က စိုးရိမ်မှုတွေ မရှိနိုင်ပါဘူး။ တကယ်လို့သာ မြင့်မယ်ဆိုရင် အလုပ်ရှင်တွေဘက်က စိုးရိမ်မှုထိရောက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် SME တွေအနေနဲ့ လောလောဆယ်အပိုင်းမှာ ကျွန်တော်တို့ ဒေသတွေမှာ ကောင်းမလား၊ ဆိုးမလား သေချာမပြောနိုင်သေးပါဘူး။ အနည်းဆုံးလုပ်ခဟာ အလုပ်ရှင်ကော အလုပ်သမားကော အဆင်ပြေတဲ့ပုံစံဆိုရင်တော့ အကောင်းဆုံးဖြစ်နိုင်တယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့ဒေသမှာ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ စစ်တမ်းတွေ လာကောက်နေတာရှိပါတယ်။ ဒါပေမယ့် မှန်ကန်တဲ့စစ်တမ်းကောက်ယူရရှိဖို့လည်း အဓိကလိုပါတယ်။ သွားပြီးမေးလို့ ဖြေတဲ့အခြေခံအချက်အလက်တွေက အလုပ်သမားပဲ ဖြစ်ဖြစ်၊အလုပ်ရှင်ပဲဖြစ်ဖြစ်ပေါ့၊ တကယ်လို့ အလုပ်သမားကိုမေးရင် သူ့ရဲ့ စားဝတ်နေရေးပြေလည်မှုအတိုင်းအတာမှာ ပိုပြီးပြောခဲ့ရင် ဒီ data အချက်အလက်က မမှန်ကန်နိုင်ပါဘူး။ အဲဒါအဓိကအရေးကြီးပါတယ်။ အဲဒါကို မှန်ကန်အောင်ကောက်ယူနိုင်မယ့် ပုံစံဆိုရင်တော့ အနည်းဆုံးလုပ်ခ သတ်မှတ်တာ အဆင်ပြေမယ်လို့ ယူဆလို့ရပါတယ်။ အခုအခြေအနေမှာ ဒီအတိုင်း ပြောနေတာထက် ကောက်ယူထားတဲ့ စစ်တမ်းအနေအထားနဲ့ ပြန်ပြီး စဉ်းစားမယ်၊ ပြန်ပြီးအချိန်ယူပြီး ညှိနှိုင်းအဖြေရှာမယ်ဆိုရင် အကောင်းဆုံးအဖြေဖြစ်ပါလိမ့်မယ်။

**ဦးခင်မောင်မြတ် (MD - Asia General Electric)**

သတ်မှတ်ချက်တစ်ခု သတ်မှတ်လိုက်ပြီဆိုတာနဲ့ ဒီသတ်မှတ်ချက်ကို လိုက်နာရတော့မယ်။ ဒါပေမယ့် ဒီသတ်မှတ်ချက်တစ်ခုအပေါ်မှာ ကွဲပြားခြားနားတာတွေ အများကြီးဖြစ်နေတယ်။ မတူညီတဲ့ သဘာဝတွေကလည်း အများကြီးကွဲပြားနေတယ်။ ဒီအခါမှာ သတ်မှတ်ချက်ဆိုတာကို လုပ်သားထုကကော လုပ်ငန်းရှင်ကကော နှစ်ဦးနှစ်ဖက်နားလည်ကြဖို့လိုပါတယ်။ ကျွန်တော်တို့ သတ်မှတ်မှာက အနည်းဆုံး အခကြေးငွေ၊ ကမ္ဘာနှင့်အဝှမ်း နိုင်ငံတကာမှာ တိုင်းတာတွက်ချက်နေတဲ့ စံနှုန်းတွေရှိတယ်။ လူတစ်ယောက်အတွက် လိုအပ်တဲ့လိုအပ်ချက်နှုန်းကို တွက်ချက်ပြီး သတ်မှတ်တာ၊ လုပ်ခလစာ နည်းပါးစွာရနေတဲ့အလုပ်သမား တွေအတွက် အကာအကွယ်ပေးတဲ့ ဥပဒေ၊ ဒီကအလုပ်ရှင်တွေ ထင်နေကြတာက အနည်းဆုံး အခကြေး ငွေသတ်မှတ်လိုက်ရင် လစာတွေကို တိုးပေးရတော့မယ် ထင်နေတာ။ အလယ်အလတ်သင့်တင့်စွာရနေတဲ့ သူတွေအတွက် သက်ရောက်မှု (effect) ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် လုပ်အားကို မတရားဖိနှိပ်ခံရတဲ့သူတွေအတွက် အကာအကွယ်ပေးခြင်းသာ ဖြစ်တဲ့အတွက်ကြောင့်မို့ အဲဒီသတ်မှတ်တဲ့ နှုန်းထားသည်ပင် အခြေခံပေါ်မူတည်ပြီး သတ်မှတ်မှာဖြစ်ပါတယ်။ အနည်းဆုံးလုပ်ခသတ်မှတ်တာဖြစ်တဲ့အတွက်ကြောင့် အနည်းဆုံးကိုပဲပြောမှာဖြစ်ပါတယ်။ အနည်းဆုံးထက် ပိုများတဲ့သူတွေ၊ ကျွမ်းကျင်သူတွေ လစာပိုရလည်း ဒါတွေအတွက်က ဘာပြဿနာမှ မရှိပါဘူး။ ဒါပေမယ့် ဒီမှာရှိတဲ့ လုပ်သားထုကော ပိုင်ရှင်တွေကော များသောအားဖြင့်ထင်နေကြတဲ့ ခုနက ပြောနေကြတဲ့အမြင်လေးကိုပြောင်းဖို့လိုပါတယ်။ လုပ်ခသတ်မှတ်ချက်ဆိုတာဟာ ဒီကနေ့ရနေတဲ့ လစာတိုးရခြင်းကို သတ်မှတ်ခြင်းမဟုတ်ဘူး။ အနည်းဆုံးလုပ်ခသတ်မှတ်ချက်ဆိုတာ လုပ်အားခကို ခေါင်းပုံဖြတ်ခံနေရတဲ့လူတွေအတွက် အကာအကွယ်ပေးခြင်းသာဖြစ်တယ်။ အနိမ့်ဆုံး လုပ်ခရနေတဲ့သူတွေအတွက် အကာအကွယ်ပေးဖို့ သတ်မှတ်ခြင်းသာဖြစ်တယ်ဆိုတာကို သဘောပေါက်ဖို့လိုပါတယ်။ နောက်တစ်ခါ သတ်မှတ်ချက်ကလည်း အလယ်အလတ်ရတဲ့သူတွေနဲ့၊ အမြောက်အမြားရတဲ့ သူတွေအတွက် ပိုရအောင်သတ်မှတ်ပေးတဲ့ သဘောမဟုတ်ပါဘူး။ အနည်းဆုံးအခြေခံရနေတဲ့သူတွေကိုသာ သတ်မှတ်ပေးခြင်းဖြစ်ပြီးပိုရတဲ့သူတွေကိုလည်း ဖြတ်တောက်ဖို့ မဟုတ်ပါဘူး။ ဒီသတ်မှတ်ချက်အရ နိုင်ငံတကာမှာ သတ်မှတ်ထားတာက လူတစ်ယောက်ရဲ့ စားဝတ်နေရေးက ဘယ်လောက်လိုသလဲ၊ အဲဒီအပေါ်မှာ အခြေခံပြီး တွက်ချက်သတ်မှတ်မှာပါ။ လုပ်ခမညီတဲ့သူတွေ ဒီလိုလူတွေအတွက် အနည်းဆုံးဘယ်လောက်ဖြစ်သင့်သလဲဆိုတာ တွက်ချက်ပြီး သူတို့ဘက်က သတ်မှတ်ပေးမှာပါ။

**ဒေါ်ခိုင်ခိုင်နွယ်**
**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ**

အနည်းဆုံး အခကြေးငွေကို အပြည်ပြည်ဆိုင်ရာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အလုပ်လုပ်တဲ့ သူတစ်ယောက်ရဲ့အခြေခံအကျဆုံးလိုအပ်တဲ့ နေထိုင်စားသောက်မှု စရိတ်ပေါ့။ အဲဒီလို သတ်မှတ်ပါတယ်။ အခေါ်အဝေါ် နည်းနည်းရှုပ်ထွေးစေပါတယ်။ အနိမ့်ဆုံးလစာ သတ်မှတ်ချက်လို့ ပြောလို့ရတယ်။ အခြေခံလစာတစ်ခု၊ နောက်ဆုံးပေးနိုင်တဲ့ လစာကတစ်ခု၊ အဆင့်နဲ့သွားပါတယ်။ အာဆီယံနိုင်ငံတွေမှာ လေ့လာကြည့်လိုက်တဲ့အခါမှာ နိုင်ငံတစ်ခုနဲ့တစ်ခု အခြေခံတာ မတူပါဘူး။ သူတို့ပေးတဲ့ လစာအပေါ်မှာ အနိမ့်ဆုံးလစာကိုအခြေခံရင် အလုပ်လုပ်တဲ့ သူတစ်ယောက်ရဲ့ အခြေခံ အကျဆုံး လိုအပ်တဲ့နေထိုင်စားသောက်မှု လိုအပ်ချက်ပဲဖြစ်ပါတယ်။ အဲဒီအပေါ်မှာမှ တိုင်းပြည်ရဲ့ လုပ်သားဈေးကွက် အခြေအနေတွေပါလာမယ်။ ပြီးရင် အလုပ်အကိုင် ခန့်ထားမှု အနေအထားတွေပါလာမယ်။ ပြီးရင် ထုတ်လုပ်မှုတွေပါလာမယ်။ တိုင်းပြည်ရဲ့ စီးပွားတိုးတက်မှုတွေပါလာမယ်။ လူမှုစီးပွားရေးတွေပါလာမယ်။ နိုင်ငံတော်မှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်တာနဲ့ ဥပဒေနဲ့ စည်းနှောင်ထားခြင်းရှိပါတယ်။ အလုပ်ရှင် တစ်ယောက်က ဒီတာဝန်ကိုယူလိုက်ရပါတယ်။ ယူလိုက်တဲ့အခါ အလုပ်သမားတစ်ယောက်ကို စခန့်လိုက်တာနဲ့ ဒီအလုပ်သမား ကျွမ်းကျင်တာ၊ မကျွမ်းကျင်တာ မဆိုင်ပါဘူး။ အလုပ်သမားရဲ့ ကုန်ထုတ်လုပ်မှု အားနည်းတာ၊များတာကို ကြည့်လို့မရပါဘူး။ အလုပ်ရှင်က ပေးနိုင်တဲ့နှုန်းကို သတ်မှတ်ရတာဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ လူမှုရေး အကာအကွယ်ပေးတဲ့ သတ်မှတ်ချက်လေးတစ်ခုပေါ့။ ကျန်းမာရေး၊ ပညာရေး စသဖြင့်ပေါ့။ အခြေခံလစာရယ်၊ အနိမ့်ဆုံးလစာရယ်၊ နောက်ဆုံးရတဲ့လစာရယ်။ ဒီ သုံးခုက မတူပါဘူး။ တချို့နိုင်ငံတွေမှာ လူမှုစီးပွားရေးညွှန်းကိန်းတွေကို ထည့်တွက်ထားတဲ့အတွက် သူ့နိုင်ငံမှာတော့ အခြေခံ



ဦးမြင့်စိုး (မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)



ဦးမြင့်ဇော် (အေးငြိမ်းသီတာဆေးဝါး ထုတ်လုပ်ရေး)



ဦးခင်မောင်မြတ် (MD - Asia General Electric)



ဒေါ်ခိုင်ခိုင်နွယ် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင် များအသင်း ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၁၁ သို့ ◆

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် မျက်စိ၊ သွားနှင့် ခံတွင်း၊ အထွေထွေရောဂါများ အခမဲ့ကုသမှု ကြည့်ရှုအားပေး

**တောင်ကြီး ဒီဇင်ဘာ ၂၂**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွှန့်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များသည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက လွိုင်လင်မြို့ ပြည်သူ့ဆေးရုံတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမိသားစုနှင့် အလှူရှင်များ စုပေါင်းကျင်းပသော မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါများ အခမဲ့ဆေးကုသမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါ လွိုင်လင်မြို့ ပြည်သူ့ဆေးရုံတွင် မျက်စိရောဂါဝေဒနာ ၄၈၇ ဦး၊ သွားနှင့်ခံတွင်း ၉၉ ဦး၊ အထွေထွေရောဂါ ၆၂၅ ဦး စုစုပေါင်း ၁၂၁၁ ဦးရှိပြီး ဒီဇင်ဘာ ၁၉ ရက်တွင် မျက်စိဝေဒနာရှင် ၁၈ ဦး၊ ၂၀ ရက်တွင် ခုနစ်ဦးတို့ကို တောင်ကြီးမြို့သို့ပို့ခဲ့ပြီး လဲချားမြို့တွင် မျက်စိဝေဒနာရှင် ၇၅၉ ဦး၊ သွားနှင့်ခံတွင်း ၈၀၊ အထွေထွေရောဂါဝေဒနာရှင် ၇၂၅ ဦး စုစုပေါင်း ၁၅၆၄ ဦးရှိသည့်အနက် မျက်စိဝေဒနာရှင် ၂၆ ဦးအား တောင်ကြီးမြို့သို့ပို့ရန်နှင့် အထွေထွေရောဂါဝေဒနာရှင် ကိုးဦးတို့အား နေပြည်တော်သို့ပို့ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့်အဖွဲ့သည် လဲချားမြို့သို့ရောက်ရှိပြီး အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာခမ္မသာမိ၏ နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါက်တာခမ္မသာမိနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မုခ်ဦး ဆိုင်းဘုတ်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီးဒေါ်နန်းရွှေမှုန်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့်အဖွဲ့သည် ဒေါက်တာ ခမ္မသာမိ၏ နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့ အထိမ်းအမှတ်ဆရာတော် သမိုင်းပြတိုက် ဖွင့်ပွဲသို့တက်ရောက်၍ ပြတိုက်အတွင်း လှည့်လည် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်မိသားစုတို့က လှူဒါန်းသော လဲချားမြို့ ပြည်သူ့ဆေးရုံ သံဃာဆောင်အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွှန့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် သံဃာတော်များ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က သံဃာဆောင်ကမ္ပည်း ကျောက်စာတိုင်အား ပရိတ်ရည်၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး သံဃာဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့် အဖွဲ့ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းမိသားစုနှင့် အလှူရှင်များ စုပေါင်းကျင်းပသော မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါများ အခမဲ့ဆေးကုသမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင် ၅၀ တို့အား ဒေါက်တာ ခမ္မသာမိ၊ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ အလှူရှင်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ တာဝန်ရှိသူတို့က ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များကို မျက်မှန်များတပ်ဆင်လှူဒါန်းပေးပြီး မန္တလေးသို့ ပို့ဆောင်မည့် မျက်စိဝေဒနာရှင်နှင့် အထွေထွေရောဂါ ဝေဒနာရှင်များကို ဒေါက်တာခမ္မသာမိ၊ ဒုတိယ



သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်တို့က ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ တောင်ကြီးမြို့တွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ မျက်စိဝေဒနာရှင် ၁၉၃၅ ဦး၊ သွားရောဂါ ဝေဒနာရှင် ၁၃၀၊ အထွေထွေရောဂါဝေဒနာရှင် ၇၀၃ ဦး စုစုပေါင်းလူနာ ၂၇၆၈ ဦးတို့ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်မှ စ၍ ၂၂ ရက်အထိ တောင်ကြီး၊ လွိုင်လင်၊ လဲချားမြို့တွင် ကုသပေးခဲ့ကြသည့် လူနာစုစုပေါင်း ၅၄၈၆ ဦးတို့ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်မိသားစုနှင့် အလှူရှင်များ စုပေါင်းကျင်းပသော မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါများ အခမဲ့ကုသခြင်းတွင် ပါဝင်ဆောင်ရွက်ပေးသော အထူးကုဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ အလှူရှင်များအား ဂုဏ်ပြုညစာစားပွဲကို ဒီဇင်ဘာ ၂၁ ရက် ည ၇ နာရီခွဲက တောင်ကြီးမြို့ ချယ်ရီကွင်းဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင်များက လှူဒါန်းသော အလှူငွေ ကျပ်သိန်း ၃၀၀ ပေးအပ်ရာ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံ ရယူသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါအခမဲ့ကုသခြင်းတွင် ပါဝင်ဆောင်ရွက်ပေးသော အထူးကုဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ အလှူရှင်များကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ အထူးကုဆရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က အသီးသီးလက်ခံရယူကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

◆စာမျက်နှာ ၁၀ မှ

လစာရယ်၊ အနိမ့်ဆုံးလစာရယ် တူတတ်ပါတယ်။ ဒါပေမယ့်ဘယ်နိုင်ငံမှ အခြေခံလစာက အနိမ့်ဆုံးလစာ အောက်ကို မရောက်ရပါဘူး။ အခြေခံလစာက အနိမ့်ဆုံးလစာနဲ့တူရင်တူ၊ မတူရင် အထက်မှာပဲရှိရပါမယ်။ ဒုတိယအဆင့်အနေနဲ့ လုပ်ငန်းကဏ္ဍ မတူတဲ့အတွက် ထုတ်လုပ်မှုမတူပါဘူး။ ပထဝီဒေသ မတူတဲ့အတွက် ဖွံ့ဖြိုးမှုမတူနိုင်ပါဘူး။ လုပ်ငန်းကဏ္ဍအလိုက်လည်း အခြားလိုအပ်တဲ့အချက်တွေ အလုပ်ရှင်၊ အလုပ်သမားပေါင်းစုပြီး ညှိနှိုင်းလုပ်ရတဲ့အခြေအနေလည်း ရောက်ရပါမယ်။ အနိမ့်ဆုံးလစာ သတ်မှတ်တဲ့အခါ ခုနကပြောတဲ့ အချက်အလက်တွေ ပြည့်ရမယ်။ တိုင်းပြည်ရဲ့ လူမှုစီးပွားအခြေအနေ အရထည့်ရမယ်။ ဒီလုပ်ငန်းရဲ့အနေအထား အောင်မြင်မှု၊ မအောင်မြင်မှု အပေါ်မှာ ထပ်ပေါင်းပေးတာကတစ်ခု လိုတယ်လို့ ကျွန်မတို့ ဆွေးနွေးနေကြပါတယ်။ လုပ်ငန်းတစ်ခုအောင်မြင်ရင်တော့ အလုပ်ရှင်က အခြားလိုအပ်ချက်တွေနဲ့ အပိုဆုကြေးတွေကိုပေးနိုင်ရမှာပါ။

အနည်းဆုံးအခကြေးငွေ သတ်မှတ်မှုက ထုတ်လုပ်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလုပ် လုပ်နိုင်နိုင်၊ မလုပ်နိုင်နိုင် ပေးရမယ်ဆိုတဲ့ ဥပဒေနဲ့ လုပ်ထားတဲ့ လစာတစ်ခု ဖြစ်ပါတယ်လို့ကျွန်မတို့ ဆွေးနွေးခဲ့ကြပါတယ်။ အနည်းဆုံး အခကြေးငွေက သတ်မှတ်ပြီးရင် ဥပဒေရှိပြီးသား ဘာစာချုပ်မှ မလိုပါဘူး။ သဘောတူလိုက်တာနဲ့ အလုပ်ရှင်ကပေးကို ပေးရတော့မယ်။ မပေးရင် ရာဇဝတ်မှုသင့်ပါတယ်။

အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရ သုံးပွင့်ဆိုင် ဆွေးနွေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်း (၂၇)ကြိမ်၊ အမျိုးသားကော်မတီအဆင့် ညှိနှိုင်းဆွေးနွေးမှုများကို (၅)ကြိမ်ကျင်းပခဲ့ပြီး ဆွေးနွေးပွဲများမှ အနည်းဆုံး အခကြေးငွေကို လုပ်ငန်းအလိုက်၊ နေရာဒေသအလိုက်သတ်မှတ်နိုင်ရေး စာရင်းဇယားများ မှန်မှန်ကန်ကန်ကောက်ယူပြီး အမှန်တကယ် အကျိုးရှိမည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေး စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ(၂၀-၂၆) ထုတ်မြန်မာသံတော်ဆင့် အပတ်စဉ် သတင်းအတွဲ(၃) အမှတ်(၄၁) စာမျက်နှာ (၁၅)တွင် "နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်များသည် သတင်းရေးသားသူမှစကာ ပြည်ထောင်စုဝန်ကြီးအထိ တာဝန်ရှိ" ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတွင် "ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်များ၏ ကျင့်ဝတ်ဖောက်ဖျက်ရေးသားဖော်ပြချက်ကြောင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျှင် စာနယ်ဇင်းကောင်စီသို့ တိုင်ကြားနိုင်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ကြေညာထားသော်လည်း အစိုးရပိုင်သတင်းစာများ ကျင့်ဝတ်ဖောက်ဖျက်ရေးသားမှုများရှိပါက တိုင်ကြားနိုင်ရန် အစိုးရဘက်က အသိပေးကြေညာထားခြင်းမရှိသည့်အပေါ် မီဒီယာအကြား၌ ဝေဖန်မှုများလည်းဖြစ်ပေါ်လျက်ရှိသည်"ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နေ့စဉ်ထုတ်ဝေသော မြန်မာ့အလင်း၊ ကြေးမုံနှင့် သည်နယူးလိုက်အော့ဖ်မြန်မာ (ယခုGNLM) သတင်းစာတို့မှ စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များသည် အများပြည်သူ ဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ကထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ




နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်များသည် သတင်းရေးသားသူမှစကာ ပြည်ထောင်စုဝန်ကြီးအထိ တာဝန်ရှိ

(ယာယီ)က ထုတ်ပြန်သောစာနယ်ဇင်းကျင့်ဝတ်ပါ အချက်များကို လေးစားလိုက်နာလျက်ရှိကြောင်းနှင့် အဆိုပါစာနယ်ဇင်းကျင့်ဝတ်များနှင့် မကိုက်ညီသည့် ရေးသားဖော်ပြခြင်းများတွေ့ရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် သည်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၏ ဖုန်းနံပါတ်များနှင့် အီးမေးလ်လိပ်စာများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းဌာနနှင့် အထွေထွေမန်နေဂျာတို့၏ ဖုန်းနံပါတ်များကို ဖော်ပြထားသည့် ထုတ်ပြန်ကြေညာချက်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၅ ရက်နှင့် ၂၂ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် သည်နယူးလိုက်အော့ဖ်မြန်မာသတင်းစာသုံးစောင်တွင် **"စာနယ်ဇင်းကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ"**ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

၃။ အဆိုပါထုတ်ပြန်ချက်နှင့်အညီ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ၏ ရေးသားချက်များနှင့်ပတ်သက်၍ စာနယ်ဇင်းကောင်စီ(ယာယီ)မှတစ်ဆင့်ဖြစ်စေ၊ စာတည်းမှူးချုပ်များထံသို့ဖြစ်စေ တိုင်ကြားလာသည့်ကိစ္စများကိုလည်း စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ဖြေရှင်းပေးလျက်ရှိပါသည်။

၄။ သို့ဖြစ်၍ ဒီဇင်ဘာ (၂၀-၂၆) မြန်မာသံတော်ဆင့် အပတ်စဉ် သတင်းအတွဲ(၃)အမှတ်(၄၁)စာစောင်ပါ ကိုကိုလွင်(ဝိုင်းမော်)ရေးသားသည့်သတင်းသည် သတင်းအချက်အလက်များကို မှန်ကန်မှုရှိ/မရှိ ဆန်းစစ်ခြင်းမရှိဘဲ ရေးသားဖော်ပြခဲ့ခြင်းသာဖြစ်သည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**



စာနယ်ဇင်းကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသော ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့မှ စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များသည် အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်ပါအချက်များ၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်သော စာနယ်ဇင်းကျင့်ဝတ်ပါ အချက်များကို လေးစားလိုက်နာပြီး သတင်းများ ရေးသားဖော်ပြလျက်ရှိပါသည်။

အဆိုပါ စာနယ်ဇင်းကျင့်ဝတ်များနှင့် မကိုက်ညီသည့် ရေးသားဖော်ပြခြင်းများတွေ့ရှိပါက စာတည်းမှူးချုပ်(ကြေးမုံ) ဖုန်း-၀၆၇-၃၆၁၂၄၊ အီးမေးလ် themirrordailynpt@gmail.com၊ စာတည်းမှူးချုပ်(မြန်မာ့အလင်း) ဖုန်း-၀၆၇-၃၆၁၄၀၊ အီးမေးလ် mmalnpt.th@gmail.com၊ စာတည်းမှူးချုပ်(နယူးလိုက်အော့ဖ်မြန်မာ) ဖုန်း-၀၉-၂၅၀၂၀၄၆၅၂၊ အီးမေးလ် Wallace.tun@gmail.com၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းဌာန ဖုန်း-၀၆၇-၄၁၂၁၂၆ နှင့်အထွေထွေမန်နေဂျာ ဖုန်း-၀၆၇-၃၆၁၃၇၊ ၀၉-၈၃၀၆၃၅၈ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

လူမှုဘဝမြှင့်တင်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး

# အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွန်းလာရေး ညီလာခံများက အထောက်အကူပြု

မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထွန်းကားပြန့်ပွားရေးအတွက် နှစ်စဉ်မပျက်ကျင်းပသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို (၁၅) ကြိမ်မြောက်အဖြစ် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ MICC-2 တွင်ကျင်းပရာ ညီလာခံတက်ရောက်လာကြသော တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးဆရာများ၊ တိုင်းရင်းဆေးနှင့် နှီးနွှယ်ပတ်သက်ဆက်စပ်နေသော တိုင်းရင်းဆေးလောကသားများအား တွေ့ဆုံ၍ ၎င်းတို့၏ အမြင်များကို မေးမြန်းခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက"ဒီညီလာခံကို ရည်ရွယ်ချက်သုံးရပ်နဲ့ သုံးရက်ကျင်းပမှာဖြစ်ပါတယ်။ အဆိုပြုချက်ငါးရပ်တင်သွင်းခြင်းနဲ့ ထောက်ခံဆွေးနွေးခြင်းတို့ကို ပထမနေ့မှာဆောင်ရွက်သွားမှာပါ။ ဒုတိယနေ့နဲ့ တတိယနေ့တွေမှာတော့ နှီးနှောဖလှယ်ပွဲတွေပြုလုပ်သွားမှာပါ။ ဒီနှစ်မှာလည်း ခေတ်နဲ့လျော်ညီတဲ့အဆိုပြုချက်တွေကိုတင်ပြကြမှာဖြစ်ပါတယ်"ဟု ညီလာခံ၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဆိုင်ရာ နယကြီးလေးပါးနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ဦးသန်းညွန့်က တိုင်းရင်းဆေးမှာ ဒေသနာနယ၊ နက္ခတ္တနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရ



ဒေါက်တာထွန်းနိုင်ဦး။

နယဆိုတဲ့ နယကြီးလေးပါးကို အခြေခံရေးသားထားတဲ့ ဆေးကျမ်းတွေဟာအသက်ရှည်ရာ အနာမဲ့ကြောင်း ပြုစုထားတဲ့ ဆေးပညာရပ်တွေပဲဖြစ်ပါတယ်။ ဒီဆေးကျမ်းတွေကို လေ့လာကြည့်ရင် တစ်ထပ်တည်းပါပဲ။ သူ့နေရာနဲ့သူရေးသွားကြလို့ပါ။ ဒေသနာနယဆိုလဲ အပူ၊အအေး၊ လေ၊ သွေးဆိုတဲ့ ဓာတ်ကြီးလေးပါးကို အခြေခံရေးသားထားတဲ့ဆေးကျမ်းတွေ ဖြစ်ပါတယ်။

ထို့နောက် ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "မြန်မာ့တိုင်းရင်းဆေးပညာဟာ



ဦးသန်းညွန့်။

ကျွန်တော်တို့လူမျိုးရဲ့ အမျိုးသားအမွေအနှစ်ဖြစ်ပါတယ်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုတဲ့တိုင်းရင်းဆေးလုပ်ငန်း အမျိုးသားအမွေအနှစ်ကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ အခုဆိုရင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့တဲ့ မိရိုးဖလာ တိုင်းရင်းဆေးလုပ်ငန်းတွေကို ခေတ်နဲ့အညီ သုတေသနလုပ်ငန်းတွေနဲ့ တွဲဖက်လုပ်ဆောင်လာတဲ့အတွက် ရိုးရာလည်းမပျက်၊ လိုက်လျောညီထွေစွာနဲ့ တိုးတက်လာနေပြီဖြစ်ပါတယ်"ဟု ပြောပြသည်။

တိုင်းရင်းဆေးဝါးနှင့် ပတ်သက်



ဦးထွန်းရွှေ။

သော အာဆီယံစံချိန်စံညွှန်းနှင့်ပတ်သက်၍ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦးက "အာဆီယံစံချိန်စံညွှန်းဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းရင်းဆေးထုတ်လုပ်မှုအပိုင်းတွေမှာ စံထားတာတွေရှိတယ်။ ထို့အတူပဲ အာဆီယံနိုင်ငံတွေကိုယ်စီကိုယ်စီမှာလည်း သူတို့စံနဲ့သူတို့ရှိတယ်။ အဲဒီတော့ အာဆီယံနိုင်ငံတွေလက်ခံနိုင်လောက်တဲ့ စံတစ်ခုကို သတ်မှတ်နိုင်ဖို့ အာဆီယံနိုင်ငံတွေ ညှိနှိုင်းဆွေးနွေးပြီးသတ်မှတ်ကြမယ်။ ၂၀၁၅ ခုနှစ်လောက်မှာ လက်မှတ်ထိုးအတည်ပြုရတော့မယ်။ အာဆီယံနိုင်ငံတွေ သဘောတူထားတဲ့ စံထဲကို ဝင်နိုင်မှ ထုတ်လုပ်တဲ့ဆေးဝါးတွေကို အာဆီယံနိုင်ငံတွေအချင်းချင်း တင်ပို့နိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဆိုတာ တိုင်းပြည်တစ်ခု၊ နိုင်ငံတစ်ခုရဲ့ အမျိုးသားအမွေအနှစ်ဖြစ်တယ်။ နှစ်ပေါင်းများစွာ ပြည်သူလူထုက ယုံကြည်ကိုးစားလာတယ်။ သက်ဆိုင်ရာ နိုင်ငံအစိုးရတွေက အားပေးချီးမြှင့်မှုတွေ အစဉ်အမြဲရှိတယ်။ အင်မတန်နက်နဲသလို အင်မတန်မှလည်း ခိုင်ခံ့တယ်။ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နိုင်ငံတော်ရဲ့ အားပေးချီးမြှင့်မှုတွေ ဒီထက်ပိုမိုဆောင်ရွက်နိုင်ရင်



ဦးမောင်မောင်ဦး။

လျှင်လျှင်မြန်မြန် တိုးတက်လာမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့အတူ ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်ဝင်းက "မြန်မာ့တိုင်းရင်းဆေးပညာရပ်ဟာ ရှေးဘိုးဘွားများလက်ထက်ကစပြီး ကျမ်းဂန်အထောက်အထားခိုင်ခိုင်မာမာနဲ့ ယခုထက်တိုင် ယုံယုံကြည်ကြည်နဲ့သုံးစွဲနေခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားအမွေအနှစ်အဖြစ်ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်ရုံမက အထောက်အထားအခြေပြု အစွမ်းထက်တိုင်းရင်းဆေးဝါးများပေါ်ထွန်းလာရေးကို အခုလိုညီလာခံများက အထောက်အကူများစွာ ရရှိပါတယ်။ ဒီနှစ်အနေနဲ့ ထူးခြားချက်က ကုထုံးတွေ၊ နယကြီးလေးပါးနဲ့ လူနာချဉ်းကပ်ရောဂါသတ်မှတ်ခြင်းများကို တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ကြမှာဖြစ်တဲ့အတွက် များစွာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ညီလာခံသို့ တက်ရောက်လာသော မျိုးဆက်သစ်ဆေးပညာ ကျောင်းသူတစ်ဦးဖြစ်သူ မဟိဒ္ဓိတိုင်းရင်းဆေးဝါးမှ ခင်ရတနာရွှေစင်(ဆေးတက္ကသိုလ်နောက်ဆုံးနှစ်)က အနောက်တိုင်းဆေးနဲ့တိုင်းရင်းဆေးကို ယှဉ်ကြည့်မယ်ဆိုရင် အနောက်တိုင်းဆေးက နည်းပညာအရ အဘက်ဘက်ကတိုးတက်နေတဲ့အတွက် လက်လှမ်းတမီ ရှိနေပါတယ်။ သုတေသနလုပ်ငန်းတွေအဆက်မပြတ် ပြုလုပ်နေတဲ့အတွက် ဆေးပညာဘက်မှာရော၊ ခွဲစိတ်ပညာဘက်မှာရော၊ တခြားပညာရပ်တွေမှာပါ ကောင်းသထက်ကောင်းတဲ့ နည်းလမ်းတွေကတော့ ပေါ်လာမှာပဲ။ တိုင်းရင်းဆေးဆိုရင်လည်း နည်းပညာတွေမပေါ်ခင်ကတည်းက မိရိုး ဖလာအနေနဲ့သုံးစွဲလာကြတယ်။ ထုတ်လုပ်မှုနည်းစဉ်တွေကို အဆင့်မြှင့်တင်ပြီး ခေတ်မီနည်းစနစ်တွေနဲ့ ထုတ်လုပ်မယ်။ တိုင်းရင်းဆေးလောကသားတွေ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဈေးကွက်ပါ ထိုးဖောက်လာနိုင်ပြီးယုံကြည်မှုတွေလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်" ဟု ပြောသည်။

ညီလာခံတွင် နယကြီးလေးပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် အဆိုတင်သွင်းသော ကချင်ပြည်နယ်ပူတာအိုမြို့မှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်လဇွမ်ခေါ်နန်းနန်က" မြန်မာ့တိုင်းရင်းဆေးပညာမှာ ဆေးကောင်းရင် သန်းခေါင်းဆိုတဲ့စကားရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ ဝိဇ္ဇာဓရနယ ဆေးပညာနည်းစနစ်များနဲ့ ဖော်စပ်ထားတဲ့ဆေးများဟာ ရောဂါကုသတဲ့နေရာမှာရော၊ ကာကွယ်တဲ့နေရာမှာပါ သန်းခေါင်းအရွယ် အလွန်နည်းတဲ့ ပမာဏလောက်နဲ့ ထိရောက်စွာကာကွယ်ကုသပေးနိုင်လို့ ဒီဆေးကျမ်းကုထုံးနည်းစနစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပုံကို အဆိုအဖြစ်တင်သွင်းထားတာဖြစ်ပါတယ်"ဟု ပြောသည်။

**(ကြေးမုံ)**



ဦးကြည်ဝင်း။



ဒေါ်လဇွမ်ခေါ်နန်းနန်။



မခင်ရတနာရွှေစင်။

## လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ခြံစည်းရိုးတိုးချဲ့ကာရံရေးဆောင်ရွက်မှုတားဆီးနှောင့်ယှက်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းခြံစည်းရိုးတိုးချဲ့ကာရံရေးလုပ်ငန်းကို ယနေ့နံနက် ၈ နာရီခွဲက အဖွဲ့(၃)ဖွဲ့ခွဲ၍ စတင်ဆောင်ရွက်ခဲ့သည်။ အဖွဲ့(၃)သည် ယာယီခြံစည်းရိုးတိုးချဲ့ကာရံမည့် အင်ကြင်းတောင်အနီးသို့အရောက်တွင် ရွာသူရွာသား ၁၀၀ ခန့်အနက်မှ ရွာသား ၃၀ ခန့်က မြေထိုးယာဉ်ရှေ့၌ ဝမ်းလျားမှောက်လျက် တားဆီးမှုများ ပြုလုပ်ခဲ့ကြသည်။

အလားတူအဖွဲ့(၂)သည် လိပ်ခွံတောင်အနောက်ဘက်အနီးတွင် မိုးကြိုးပြင်ရွာမှ ဒေါ်ဝ(၃၇)နှစ်ပါ ရွာသူ ရွာသား ၂၀ခန့်၏ တားဆီးနှောင့်ယှက်မှုခံခဲ့ရပြီး မိုးကြိုးပြင်ရဲကင်းအနီးမှ စတင်၍ ခြံစည်းရိုးတိုးချဲ့ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့(၁)ကိုလည်း ဒေါ်ဝပါ ရွာသူ ရွာသား ၃၀ က လာရောက်ဟန့်တားသဖြင့် လုပ်ငန်းခေတ္တရပ်နားခဲ့ရသည်။

ထို့နောက် အဖွဲ့(၂)သည် လုပ်ငန်းခွင်ဆောင်ရွက်မည့်နေရာသို့ သွားရောက်စဉ် အတူပါရှိလာသည့် မြေကော်ယာဉ်နှင့် မြေထိုးယာဉ်တို့အား ဟန့်တားသည့်လူစုမှ ရွာသား ၁၅ ဦးခန့်က ဘန်ကာစိမ်းရဲကင်းနှင့် လိပ်ခွံတောင်အကြားမှ လေးခွများဖြင့် အနီးကပ်ပစ်ခတ်အကြမ်းဖက်လာသဖြင့် ကွပ်ကဲရေးအဖွဲ့မှ နှုတ်ဖြင့်သတိပေးပြီး အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြစ်သည့် ၁၂ ဗိုပြောင်းချောသေနတ်ဖြင့် သုံးချက်ခြောက်လန့်ပစ်ခတ်တားဆီးရာရွာသားများလူစုခွဲ ဆုတ်ခွာသွားခဲ့ကြသည်။

နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အဖွဲ့(၁)ခြံစည်းရိုးကာရံခြင်းလုပ်ငန်းခွင်နေရာသို့ တုံရွာနေဒေါ်သန်းမြဦးဆောင်ပြီး ရွာသူ ရွာသား ၄၀ ခန့်လာရောက်၍ ဟန့်တားမှုများပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူက ဆွေးနွေးဖြေလျှော့မှုများ ဆောင်ရွက်ခဲ့သော်လည်း ရွာသူ ရွာသားများက လက်မခံဘဲ တင်းမာစွာပြောဆိုခဲ့ကြသည်။

အင်ကြင်းတောင်အနီး ခြံစည်းရိုးကာရံနိုင်ရေးပြင်ဆင်နေသည့် အဖွဲ့(၃) နေရာတွင် ဟန့်တားနှောင့်ယှက်နေကြသော ရွာသူ ရွာသား ၁၀၀ ခန့်အား တင်းမာမှုများဖြေလျှော့ဆောင်ရွက်ခဲ့သော်လည်း အဆိုပါလူအုပ်စုမှ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းခွင်သုံးအချက်ပြအလံတိုင်ငယ်များအား အလုပ်သမားများထံမှ အတင်းဝင်ရောက်လုယက်ပြီး မီးရှို့ဖျက်ဆီးကာ လုပ်သား ၁၀ ဦးကို ဝိုင်းဝန်းပိတ်ဆို့ထိန်းသိမ်းထားခဲ့ကြသည်။

နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ထိန်းသိမ်းထားသော လုပ်သား ၁၀ ဦးပြန်လွှတ်ပေးရန် လုံခြုံရေးအဖွဲ့များမှ တောင်းဆိုခဲ့ရာ အဆိုပါရွာသူရွာသားများမှ ခြံစည်းရိုးတိုးချဲ့ကာရံခြင်းတွင် အသုံးပြုနေသော ယာဉ်၊ ယန္တရားများ ပြန်လည်ဆုတ်ခွာပေးရန်ပြန်လည်တောင်းဆိုခဲ့၍ တာဝန်ရှိသူများက တင်းမာမှုများကိုညှိနှိုင်းမရဘဲ အန္တရာယ်ဖြစ်မည့် အခြေအနေအထိ ရောက်ရှိလာသောကြောင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြစ်သည့် ၁၂ ဗိုပြောင်းချောသေနတ်ဖြင့် ထပ်မံ၍ ရှစ်ချက်ပစ်ခတ်လူစုခွဲခဲ့ရသည်။

ထို့နောက် ခြံစည်းရိုးတိုးချဲ့ကာရံခြင်း လုပ်ငန်းခွင်သို့ပါရှိလာသည့် ယာဉ်၊ ယန္တရားများအား မိုးကြိုးပြင်အလယ်ရွာနေ ရွာသူ ရွာသား ၂၀ ခန့်သည် လိပ်ခွံတောင်စောင်းပေါ်မှ လေးခွများဖြင့် ပစ်ခတ်ဟန့်တားခဲ့ရာသံဆူးကြိုးလိပ်များ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ်၏ ရှေ့ခန်းဝဲဘက်ခြမ်းတံခါးမှန်ထိမှန်ပျက်စီးခဲ့သဖြင့် လုံခြုံရေးအဖွဲ့မှ အဓိကရုဏ်းနှိမ်နင်းရေးလက်နက် ဖြစ်သည့် ၁၂ ဗိုပြောင်းချောသေနတ်ဖြင့် လေးချက်ပစ်ခတ်၍ ထပ်မံလူစုခွဲခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်တွင် ထိန်းသိမ်းခံထားရသော လုပ်သား ၁၀ ဦးအား ကောင်းမွန်စွာပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁၁ ဦးနှင့်ရွာသား ၉ ဦးဒဏ်ရာရရှိပြီး မိုးကြိုးပြင်အလယ်ရွာနေဒေါ်ခင်ဝင်း ဒဏ်ရာရသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဆေးပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံတွင် ရေဆေးပန်းချီထွန်းကားရေး၊ တိုးတက်မြင့်မားရေးဟူသော ရည်ရွယ်ချက်ဖြင့် ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ)၏ (၁၇) ကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှင်းဆီမြိုင် ပန်းချီပြခန်း၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း၊ (၁၈) ကြိမ်မြောက် ရေဆေးပန်းချီပြပွဲကို ရန်ကုန်မြို့ (၃၅)လမ်း "ဧရာဝတီ"ပြခန်း၌လည်းကောင်း ကျင်းပရန် စီစဉ်လျက်ရှိသည်။ ရေဆေးပန်းချီလက်ရာမှန် တင်သွင်းပြသလိုသူများ ပါဝင်ပြသနိုင်ရေးနှိုးဆော်ထားသည်။ အသေးစိတ်သိရှိလိုပါက ရေဆေးအကြည်လှုပ်ရှားမှုအသင်း (မြန်မာ) အတွင်းရေးမှူးပန်းချီလှထွဋ်အောင် ဖုန်း ၀၉-၅၄၀၂၂၇၅ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

**(ကြေးမုံ)**

# အာဆင်နယ် ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖို့ လုပ်ဆောင်ရမယ့်အချက်ငါးချက်

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့နှစ် Boxing day မှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့ပါတယ်။ အဲဒါဟာ ပထမဆုံး ၁၈ ပွဲကစားပြီး ၁၂ ပွဲနိုင်ပွဲရရှိထားတဲ့အချိန်ဖြစ်တယ်။ အဲဒီမှာ မန်စီးတီးနဲ့ တစ်မှတ်အကွာ၊ ချယ်လ်ဆီးကို နှစ်မှတ်အကွာနဲ့ လီဗာပူးကို သုံးမှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ထိပ်ဆုံးကနေ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်တယ်။

အခုရာသီမှာတော့ ပြီးခဲ့တဲ့နှစ်ကနဲ့ အတော်လေးကို ခြားနားသွားခဲ့ပါတယ်။ အခုပထမ ၁၇ ပွဲကစားအပြီးမှာ ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ အဆင့်(၆)နေရာမှာ ရပ်တည်နေပြီးတော့ ထိပ်ဆုံးက ချယ်လ်ဆီးကို မီဖို့ဆို ၁၂ မှတ်တောင်ကွာဟနေတာ တွေ့ခဲ့ရတယ်။ ဒါ့ကြောင့် အာဆင်နယ်အသင်း ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖို့ဆိုရင် သူတို့ရဲ့ အမှားအယွင်းဖြစ်ခဲ့မှုတွေကို မဖြစ်မနေပြုပြင်ဖို့လိုအပ်နေတဲ့အကြောင်း အချက်ငါးချက်ကို ထောက်ပြပြီး Sport Mail က သုံးသပ်ထားပါတယ်။

အဲဒီအချက်တွေကတော့ အာဆင်နယ်အသင်း အခုရာသီမှာ ရလဒ်တွေဆိုးရွားနေတာဟာ စိတ်ခါတ်ပိုင်းဆိုင်ရာရော၊ ကြံ့ခိုင်မှုအပိုင်းမှာပါ အားနည်းနေမှုတွေကြောင့်လို့ ဆိုထားပါတယ်။ ဒါ့ကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာ ပထမဦးစားပေးအဖြစ် ဗဟိုခံစစ်မှူးတစ်ဦးဝယ်ယူရမှာဖြစ်ပြီး အာစင်ဝင်းဂါးအနေနဲ့လည်း ပေါင်သန်း ၂၀ အထိသုံးစွဲဖို့လည်း စီစဉ်ထားတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။လက်ရှိမှာလည်း ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဝီရှီင်းယား၊ အာတီတာ၊ ရမ်ဆေး စတဲ့ကစားသမားတွေလည်း ဒဏ်ရာရထားတာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိသေးပါဘူး။

တိုက်စစ်ပိုင်းအတွက် ဝဲလ်ကော့၊ ချန်ဘာလိန်နဲ့ ဆန်းချက်ဇ်တို့ အကောင်းဆုံးတွဲဖက်ကစားနိုင်မှသာ အာဆင်နယ်အတွက် ရလဒ်ကောင်းမယ်လို့ ဆိုထားပြီး ဒဏ်ရာရနေတဲ့ ဝဲလ်ကော့ပါဝင်လာဖို့လည်း အာစင်ဝင်းဂါး မျှော်လင့်နေတာပါ။

တိုက်စစ်မှူးဝဲလ်ဘက်ဟာ အာဆင်နယ်ရဲ့ အဓိကကစားသမားလို့ သတ်မှတ်ခြင်းခံထားရပေမယ့် အိုလီဗာဂီရောက်အသင်းနဲ့အတူ ပြန်လည်ပါဝင်နိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အတွက် အားထားရတဲ့ တိုက်စစ်မှူးတစ်ဦး ပြန်လည်ပါဝင်လာခြင်းဟု ဆိုထားပါတယ်။ ဒါပေမယ့် တိုက်စစ်မှူးဂီရောက် အထောင်တိုက်စစ်ပိုင်းမှာ အကောင်းဆုံးကစားနိုင်မှသာ အာဆင်နယ်အတွက် အားဆေးဟု သုံးသပ်ထားပါတယ်။

လက်ရှိအာဆင်နယ်ရဲ့ ကွင်းလယ်ပိုင်းမှာ ဒဏ်ရာရရှိမှုမရှိသေးဘဲ အကောင်းဆုံးကစားနိုင်တာဆိုလို့ ဖလာမီနီတစ်ဦးတည်းရှိနေခြင်းဟာ အာဆင်နယ်ရဲ့ရလဒ်ကို အကောင်းဆုံးဖြစ်မလာနိုင်ကြောင်းနဲ့ ဝီရှီင်းယား၊ ရမ်ဆေး၊ အိုဇေး စတဲ့ကစားသမားတွေ အမြန်ဆုံးပါဝင်လာမှသာ အာဆင်နယ်နိုင်ပွဲတွေ ရရှိမှာဖြစ်ကြောင်း သုံးသပ်ထားပါတယ်။

အာဆင်နယ် ရလဒ်တွေဆိုးရွားနေတာဟာ နည်းပြအာစင်ဝင်းဂါးကြောင့်လို့ဆိုထားပြီးပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးလေးသင်းဝင်ဖို့ဆိုရင် နည်းပြအာစင်ဝင်းဂါး ဘာတွေဆက်လုပ်မလဲဆိုတာနဲ့ပဲ ဆိုင်တယ်လို့ ဆိုထားပါတယ်။ ဤကဲ့သို့ Sport Mail က အာဆင်နယ်ပြုပြင်ပြောင်းလဲရမယ့်အချက်တွေကို ထောက်ပြသွားပါတယ်။**(ငွေကြယ်)**






# လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ဂိုးလတ်ဘောလုံးပြိုင်ပွဲကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ အားကစားလလှုပ်ရှားမှုနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂိုးလတ်လူငယ်ဘောလုံးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ခရိုင်အားကစားကွင်း၌ ဒီဇင်ဘာ ၂၁ ရက်မှစ၍ ပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်းသိရသည်။

ယင်းအထိမ်းအမှတ်ပြိုင်ပွဲကို ရမည်းသင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကျင်းပပြီး လူငယ်ဂိုးလတ်ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်ပေါင်းစုံ၊ ကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ပွဲစဉ်အလိုက်စဉ်ဆက်မပြတ် ကျင်းပသွားကာ လွတ်လပ်ရေးနေ့တွင် ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား ဆုများချီးမြှင့်သွားမည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ရီးယဲလ်သို့ပြောင်းရွှေ့ရန် မာကိုရူးစ်သဘောတူညီမှုရရှိ

ဒေါ့မွန်အသင်း၏ ဂျာမနီလက်ရွေးစင်ကွင်းလယ်လူ မာကိုရူးစ်သည် လာမည့်ဇန်နဝါရီကာလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ မာကိုရူးစ်မှာ လာမည့်ဆောင်းရာသီကာလတွင် ဒေါ့မွန်အသင်းမှ ထွက်ခွာရန် ရေပန်းစားနေသူဖြစ်ပြီး ဥရောပအင်အားကြီးကလပ်များက ခေါ်ယူရန် အပြိုင်စောင့်ကြည့်နေခြင်းဖြစ်သည်။ သို့သော် မာကိုရူးစ်မှာ ပြီးခဲ့သည့်ရက်ပိုင်းက ရီးယဲလ်မက်ဒရစ်အသင်း၏ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ အသင်းပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း goal.com ကဖော်ပြခဲ့သည်။ ထို့ပြင် ၎င်းအား ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာစသည့်အသင်းများကလည်း ကြားဖြတ်ကြိုးပမ်းသွားရန် စီစဉ်နေပြီး ဒေါ့မွန်အသင်းထံ ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း ဗြိတိန်အားကစားဝက်ဘ်ဆိုက် BBC တွင် ဖော်ပြခဲ့သည်။ ထို့ပြင် မာကိုရူးစ်မှာ ပြီးခဲ့သည့်ရက်ပိုင်းက ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယင်းအပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခဲ့ခြင်းမရှိသလို ကစားသမားကိုယ်တိုင်မှာလည်း စပိန်မြေတွင် ကစားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ရီးယဲလ်အသင်းအနေဖြင့် ၎င်းအား အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ဒေါ့မွန်အသင်းအလိုရှိနေသည့် ယူရိုသန်း ၅၀ ခန့်အသုံးပြုရန် အသင့်ရှိနေကြောင်း စပိန်သတင်းစာ Marca က ဖော်ပြခဲ့သည်။ ရီးယဲလ်အသင်းမှ မာကိုရူးစ်အား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ပြင်ဆင်နေပြီး မြင့်မားသည့်လုပ်ခလစာငွေဖြစ်သည့် တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ ခန့်ကိုလည်း ပေးချေရန် စီစဉ်လျက်ရှိကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

တိပိဋကဓရ - ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ၏ သက်တော်နှစ် (၆၀) ပြည့်
အထိမ်းအမှတ် မော်ကွန်းတင် စာစောင်ထုတ်ဝေမည်

တိပိဋကဓရ - ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏သက်တော်နှစ်(၆၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့်စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ ကို ၁၃၇၆ခု၊ တပေါင်းလပြည့်ကျော်(၁၁)ရက်၊ ၁၅ . ၃ . ၂၀၁၅ (တနင်္ဂနွေနေ့) တွင် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ရေစကြိုဆရာတော်ဘုရား၏ သက်တော်နှစ်(၆၀)ပြည့် အထိမ်းအမှတ် မော်ကွန်းတင်စာစောင်ထုတ်ဝေမည်ဖြစ်ပါသဖြင့် ရေးသားပူဇော်လိုသော ကလောင်ရှင်များသည်(၃၁.၁.၂၀၁၅)နေ့ နောက်ဆုံးထား၍အောက်ပါစာစောင်ဖြစ်မြောက်ရေးကော်မတီသို့ပေးပို့ပါရန်မေတ္တာရပ်ခံအပ်ပါသည်။

စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (ဥက္ကဋ္ဌ) ☎ ၀၁ - ၅၈၀၈၄၅
ဦးချစ်ဆန်းဝင်း @ ဒီဖိုင်းချစ်ဆန်း (အတွင်းရေးမှူး) ၀၉ ၄၃၁၈၅၄၈၄၊ ၀၉ ၄၂၀၀၆၇၄၂၄
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ☎ ၀၁ - ၅၈၅၃၉၆၊ ၀၁ - ၅၈၅ ၀၃၄

**ပြည်ထောင်စုလွှတ်တော်**
**ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ**
**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)**

၁။ စီးပွားရေးပညာ ကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ဝန်ထမ်း (၄)ဦး အလိုရှိသည်။
(က) B.Com, M.Com ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)
(ခ) အသက်(၃၅)နှစ်အောက် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) လုပ်ငန်းအတွေ့အကြုံရှိသူများ ဦးစားပေးစဉ်းစားမည်။
(ဃ) အင်္ဂလိပ်ဘာသာ Four Skills ကျွမ်းကျင်သူဖြစ်ရမည်။
(င) ကွန်ပျူတာနှင့်အင်တာနက် ကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(စ) နှစ်စဉ်စာချုပ် ချုပ်ဆို၍ ငှားရမ်းခန့်ထားမည်။
၂။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ မျှော်မှန်းလစာ ဖော်ပြ၍ Jointpac.mmp@gmail.comသို့ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထားပြီး e-mail ဖြင့် ပေးပို့လျှောက်ထားနိုင်သည်။
၃။ ကိုယ်ရေးရာဇဝင်အချက်အလက်များအပေါ် မူတည်၍ သင့်တော်မည့်သူများကို လူတွေ့စစ်ဆေးရန် e-mail ဖြင့် အကြောင်းကြားမည်။
၄။ အသေးစိတ်သိလိုပါက ၀၆၇-၅၉၀၂၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ငွေဆောင်
NEW YEAR
စရိတ်ငြိမ်း
80000/-
Ph: 09-5024188
09-421078600
No-၁၁/၁၃၃၃ လှိုင်သာယာ ငွေဆောင်ဘုရားလမ်းဒီလိပ်တဲကျောင်း။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေထိပ်တန်း
ကျိုက်ထီးရိုး (နေ့စဉ်) စီးလုံးငှား လက်ခံသည်
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015,09-5403844
01-710436,09-5044830

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။
SGS Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၂၂)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၃–၂၀၁၄ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ် လီမိတက်" သည် "ပထမနေရာ" မှ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်းသိရှိရသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌအား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံးသယ်ပိုး ထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက် ထမ်းပိုးတိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း အပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းရှင် ၁၀၀၀ဦးအနက် လုပ်ငန်းရှင် ၁၀၀ဦး၏ အမည်စာရင်းအား အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ကျန်လုပ်ငန်းရှင် ၉၀၀ဦး၏စာရင်းများအား ပြည်တွင်းအခွန်များဦးစီးဌာန Websiteဖြစ်သည့် www.irdmyanmar.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့်မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် ၁၀၀ဦးစာရင်း**

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင် (၁၀၀၀)ဦး (မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်များ)**

| စဉ် | ကျသင့်ကုန်သွယ်လုပ်ငန်းခွန် | အခွန်ထမ်းဦးရေ |
|---|---|---|
| ၁ | ကျပ်သန်း ၁၀၀၀၀ အထက် | ၂ ဦး |
| ၂ | ကျပ်သန်း ၁၀၀၀၀ အောက် | ၂ ဦး |
| ၃ | ကျပ်သန်း ၅၀၀၀ အောက် | ၃၃ ဦး |
| ၄ | ကျပ်သန်း ၁၀၀၀ အောက် | ၅ ဦး |
| ၅ | ကျပ်သန်း ၉၀၀ အောက် | ၆ ဦး |
| ၆ | ကျပ်သန်း ၈၀၀ အောက် | ၆ ဦး |
| ၇ | ကျပ်သန်း ၇၀၀ အောက် | ၁၁ ဦး |
| ၈ | ကျပ်သန်း ၆၀၀ အောက် | ၁၅ ဦး |
| ၉ | ကျပ်သန်း ၅၀၀ အောက် | ၂၃ ဦး |
| ၁၀ | ကျပ်သန်း ၄၀၀ အောက် | ၃၀ ဦး |
| ၁၁ | ကျပ်သန်း ၃၀၀ အောက် | ၄၆ ဦး |
| ၁၂ | ကျပ်သန်း ၂၀၀ အောက် | ၁၁၆ ဦး |
| ၁၃ | ကျပ်သန်း ၁၀၀ အောက် | ၁၇၄ ဦး |
| ၁၄ | ကျပ်သန်း ၅၀ အောက် | ၅၃၁ ဦး |
| | **စုစုပေါင်း** | **၁၀၀၀ ဦး** |

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင် (၁၀၀၀)ဦး (မြန်မာကုမ္ပဏီ/ လုပ်ငန်းရှင်များ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | **ကျပ်သန်း ၁၀၀၀၀ အထက်** | | | | |
| ၁ | Myawaddy Trading Co.,Ltd. | အမှတ် ၁၈၉/၁၉၁၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂ | Dagon Beverages Co.,Ltd. | အမှတ် ၅၅၅(ခ)၊အမှတ် (၄)လမ်းမကြီး၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| | **ကျပ်သန်း ၁၀၀၀၀ အောက်** | | | | |
| ၃ | Denko Trading Co.,Ltd. | အမှတ် ၃၀/၃၁၊ရွှေပိတောက်ရိပ်မွန်၊ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄ | International Beverages Trading Co.,Ltd. | R-18/S-19၊ စစ်တောင်းလမ်း၊ ပညာ့ဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| | **ကျပ်သန်း ၅၀၀၀ အောက်** | | | | |
| ၅ | City Mart Holding Co.,Ltd. | အမှတ် ၁/၁၁၊ပဒုမ္မာကွင်းအရှေ့ဘက်တန်း၊ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၆ | New Day Energy Co.,Ltd. | အမှတ် ၅၄၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇ | Myanma Economic Holdings Co.,Ltd. | အမှတ် ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၈ | Asia Energy Trading Co.,Ltd. | အမှတ် ၁၁၆၊(၈၀×၈၁)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | CCTO | Trading | |
| ၉ | Ayar Jade Co.,Ltd. | အခန်း ၈၀၁၊ ရွှေလရောင်လမ်း၊ ရွှေဟသ်ာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၁၀ | Shwe Me' Co.,Ltd. | အမှတ်၁၇၉/၈၁၊ပထမထပ်၊အခန်း(၁၀၂)၊အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၁၁ | Benhur Trading Co.,Ltd. | အမှတ် ၁/၃၁၊ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၁၂ | Sein Ngwe Mya Trading Co.,Ltd. | အမှတ် ၄၁၀(လေးလွှာ)၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၁၃ | Six Winner Brothers Co.,Ltd. | အမှတ် ၉၊သီရိမွန် ၁၀လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၁၄ | Sein Lom Taung Tan Gems Co.,Ltd. | အမှတ် ၅၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၁၅ | U Kyu Family Trading Co.,Ltd. | အမှတ် ၁၇/၁၉၊လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၁၆ | Gold Uni Jewellery Co.,Ltd. | အမှတ် ၅၄၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၁၇ | Farmer Phoyar Zar Co.,Ltd. | အမှတ် ၁၈၇၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၁၈ | ဦးခင်မောင်လတ်+၁ | အမှတ် ၉၁၊ မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်း ဒေသကြီး | အရက်ပုလင်း သွတ်လုပ်ငန်း | |
| ၁၉ | Unity Gems Co.,Ltd. | အမှတ် ၁(G)၊အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၂၀ | Shu San Industry Co.,Ltd. | အမှတ် ၂၈၁၊ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Industrial | |
| ၂၁ | Khine Khine Phyo International Trading Co.,Ltd. | အမှတ် ၃၅၀/၃၅၂၊ပထမထပ်၊အခန်း၂၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၂ | Myint Mahar Trading Co.,Ltd. | အမှတ် ၄(အေ)၊ဘုရင့်နောင်လမ်းမကြီး၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၃ | Success & Success International Co.,Ltd. | အမှတ် ၂၄၂၊အထက်ပုဇွန်တောင်လမ်းမကြီး၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၄ | Mya Power Trading Co.,Ltd. | အမှတ် ၂၆၊ ပါရမီရိပ်သာ၊ ပါရမီလမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၅ | တော်ဝင်အထွေထွေ ရောင်းဝယ်ရေးသမ | အမှတ် E-5/A၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်း ဒေသကြီး | အထွေထွေ ရောင်းဝယ်ရေး | |
| ၂၆ | Kaytumadi Co.,Ltd. | အမှတ် ၁၈/၂၂၊ အပေါ်ဆုံးထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၇ | Moe Htet Gabar Co.,Ltd. | အမှတ် ၁၀၁၊ MAC တာဝါ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၂၈ | ဦးစိုးတင့် | စွမ်စော်ရပ်ကွက်၊မူဆယ်မြို့၊ ရှမ်းပြည်နယ် | ရှမ်းပြည်နယ် | စီးကရက်စက်ရုံ | |
| ၂၉ | Tunn Akaree Co.,Ltd. | အမှတ် ၂၁၆/၂၀၂(အေ)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၀ | Myan Shwe Pyi Tractors Limited | အမှတ် ၁၆၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၁ | Htoo Trading Co.,Ltd. | အမှတ် ၅၊ ပြည်လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၂ | Myanmar Imperial Jade Gems & Jewellery Co.,Ltd. | အမှတ် ၂၂၊ ပြည်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၃၃ | Thitsar Shwe War Co.,Ltd. | အမှတ် ၇၃(ဂျေ)၊ ယုဇနလမ်း၊ ဘုရင့်နောင်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၃၄ | Kha Yay Trading Co.,Ltd. | အမှတ် ၁၃၂၊ မဥ္ဇူလမ်းသွယ်(၃)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၅ | Zawgyi Premier Co.,Ltd. | အမှတ် ၇(အေ)၊ ယုဇနလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၆ | Aung Kan Bo Trading Co.,Ltd. | အမှတ် ၁၅၆၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးထောင့်၊ (၆၄)ရပ်ကွက်၊ ဇုန် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၃၇ | Ever Winner Gems Co.,Ltd. | အမှတ် ၃၅၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| | **ကျပ်သန်း ၁၀၀၀ အောက်** | | | | |
| ၃၈ | Shwe Gaung Gaung Gems Co.,Ltd. | အမှတ် ၂၁၆၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၃၉ | Nilar Yoma Trading Co.,Ltd. | အမှတ် ၁၈၉/၁၉၁၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄၀ | Europe & Asia International Co.,Ltd. | အမှတ် ၆၀၁/၆၀၃၊ ဝင်းရွှေဝါအိမ်ရာ၊ ဝါးတန်းလမ်းနှင့် ကျုံးကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄၁ | Tin Win Tun International Trading Co.,Ltd. | အမှတ် စီ/၁၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄၂ | Global Myanmar Trading Co.,Ltd. | အမှတ် ၁၀၃၊ ရဲတံခွန်တာဝါ၊ (၅၁၃)အောက်ကြည့်မြင်တိုင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| | **ကျပ်သန်း ၉၀၀အောက်** | | | | |
| ၄၃ | Apex Petroleum Co.,Ltd. | အမှတ် ၅၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄၄ | Fisheries & Marine Product 2000 Ltd | အမှတ် ၁၄၇၊ ၄၇လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၄၅ | Steel King Co.,Ltd. | အမှတ် ၂၉၆/ဘီ 1၊ ဧရာဝဏ်လမ်းမကြီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၄၆ | Mya Zaburit Swe Trading Co.,Ltd. | အမှတ် ၃၁၄၊ လက်ဝဲကြီး(တောင်)၊ ဒေးဝန်းအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | CCTO | Trading | |
| ၄၇ | Premier Coffee Co., Ltd. | အမှတ် ၁၀၈၊ဆိပ်ကမ်းသာလမ်း၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၄၈ | Chang Long Gems & Jewellery Co., Ltd. | အမှတ် ၂၁၆/၂၂၂၊ အခန်း ၁(အေ)ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| | **ကျပ်သန်း ၈၀၀ အောက်** | | | | |
| ၄၉ | Myanmar Si Thu Jewellery Co., Ltd. | အမှတ် ၂၃၇/၂၃၉၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၅၀ | Kaung Zaw Hein Co., Ltd. | အမှတ် ၂၇/၂၉၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၅၁ | Ayeyar Yadanar Gems & Jewellery Co., Ltd. | အမှတ် ၁၂၈/အေ-၂၊ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၅၂ | Green Land Food Industries Co., Ltd. | အမှတ် ၁၈၀၊ ဆိပ်ကမ်းသာလမ်း၊ ဇုန်(၃) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၅၃ | JDS Co., Ltd. | အမှတ် ၂၅၆/၂၆၀၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၅၄ | Sein Myo Daw Co., Ltd. | အမှတ် ၁၅(အေ)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| | **ကျပ်သန်း ၇၀၀ အောက်** | | | | |
| ၅၅ | Han Naing Soe International Co., Ltd. | အမှတ် ၁၊ ပါရမီရိပ်သာ၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၅၆ | International Group Of Entrepreneur Co., Ltd. | အမှတ် ၂၇(ဘီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၅၇ | Diamond Star Co., Ltd. | အမှတ် ၂၅၆/၂၆၀၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၅၈ | Myanmar Ta Kaung Gems Co., Ltd. | အမှတ် ၂၁၆/၂၂၂၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၅၉ | Yathar Cho Industries Co., Ltd. | အမှတ် ၁၀၄၊ နွယ်ခွေလမ်း၊ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Industria1/ Production | |
| ၆၀ | Shwe Kyauk Sein Yadanar Co., Ltd. | အမှတ် ၂၉၅/၃(စီ)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၆၁ | Myanmar Treasure Hotel & Resort Group Co., Ltd. | အမှတ် ၉၃/၉(A)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Hotel | |
| ၆၂ | Shwe Wah Myay (MDY) Gems & Jewellery Co., Ltd. | အမှတ် G-1၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၆၃ | 111 Gems & Jewellery Co., Ltd. | အမှတ် ၁၂၇၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၆၄ | ရွှေထွန်းကုမ္ပဏီ | အမှတ် သ-၃/၃၊(ခ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်း ဒေသကြီး | ပို့ကုန်/ သွင်းကုန် | |
| ၆၅ | Myat Noe Thu Co., Ltd. | တိုက်အေ/၅၀၈၊ ရွှေဂုဏ်သူအိမ်ရာ၊အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| | **ကျပ်သန်း ၆၀၀ အောက်** | | | | |
| ၆၆ | Annarwar Tun Co.,Ltd. | အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Production | |
| ၆၇ | Top Flight Co.,Ltd. | အမှတ် ၂၉၅၃/စီ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၆၈ | Aung Hein Min Gems Co.,Ltd. | အမှတ် ၂၁၆/၂၂၂၊ အခန်း ၇၀၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၆၉ | Shwe Taung Developmemt Co.,Ltd. | အလုံတာဝါ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇၀ | Ayer Shwe Wah Co.,Ltd. | အမှတ် ၅၊ ပြည်လမ်း၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇၁ | Smile World Co.,Ltd. | အမှတ် ၁၁၅/၁၁၇၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇၂ | Punyoma International Co.,Ltd. | အမှတ် ၅၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇၃ | Jing Hpaw Aung Jade & Jewellery Co.,Ltd. | အမှတ် ၆၁၅/၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Gems | |
| ၇၄ | Moon Ten Trading Co.,Ltd. | အမှတ် ၆၆၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |
| ၇၅ | Sin Phyu Kyun Co.,Ltd. | အခန်းအမှတ် ၁၀၀၃၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | CCTO | Trading | |

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

# ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းရှင် ၁၀၀၀ ဦးအနက် လုပ်ငန်းရှင် ၁၀၀ဦး၏ အမည်စာရင်းအား အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျန်လုပ်ငန်းရှင် ၉၀၀ဦး၏စာရင်းများအား ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့်မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့် လုပ်ငန်းရှင် ၁၀၀ဦးစာရင်း**

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်(၁၀၀၀)ဦးစာရင်း**

| စဉ် | ဝင်ငွေ | ဦးရေ |
|---|---|---|
| ၁ | သန်း ၁၇၀၀၀ အထက် | ၁ ဦး |
| ၂ | သန်း ၅၀၀၀ အောက် | ၃ ဦး |
| ၃ | သန်း ၄၀၀၀ အောက် | ၃ ဦး |
| ၄ | သန်း ၃၀၀၀ အောက် | ၄ ဦး |
| ၅ | သန်း ၂၀၀၀ အောက် | ၁၈ ဦး |
| ၆ | သန်း ၁၀၀၀ အောက် | ၆ ဦး |
| ၇ | သန်း ၉၀၀ အောက် | ၅ ဦး |
| ၈ | သန်း ၈၀၀ အောက် | ၄ ဦး |
| ၉ | သန်း ၇၀၀ အောက် | ၂ ဦး |
| ၁၀ | သန်း ၆၀၀ အောက် | ၁၀ ဦး |
| ၁၁ | သန်း ၅၀၀ အောက် | ၁၃ ဦး |
| ၁၂ | သန်း ၄၀၀ အောက် | ၁၉ ဦး |
| ၁၃ | သန်း ၃၀၀ အောက် | ၃၄ ဦး |
| ၁၄ | သန်း ၂၀၀ အောက် | ၈၈ ဦး |
| ၁၅ | သန်း ၁၀၀ အောက် | ၁၃၉ ဦး |
| ၁၆ | သန်း ၅၀ အောက် | ၆၅၁ ဦး |
| | စုစုပေါင်း | ၁၀၀၀ ဦး |

**၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင်(၁၀၀၀)ဦးစာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| | **သန်း(၁၇၀၀၀)အထက်စာရင်း** | | | | |
| 1 | Kanbawza Bank Ltd. | အမှတ် ၆၁၅၊ပြည်လမ်း၊ကမာရွတ်မြို့နယ် | CCTO | Bank | |
| | **သန်း(၅၀၀၀)အောက်စာရင်း** | | | | |
| 2 | Asia World Co., Ltd. | အမှတ် ၆၁/၆၂၊ဗဟိုစည်အိမ်ရာ၊ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ် | CCTO | Trading | |
| 3 | Shwe Taung Development Co., Ltd. | အလုံတာဝါ၊ကမ်းနားလမ်း၊အလုံမြို့နယ် | CCTO | rading | |
| 4 | Max (Myanmar) Construction Co.,Ltd. | ၁၊ရွာမကွေ့၊ ဘုရင့်နောင်လမ်း၊ လှိုင်သာယာမြို့နယ် | CCTO | Construction | |
| | **သန်း(၄၀၀၀)အောက်စာရင်း** | | | | |
| 5 | Global Treasure Bank Public Co.,Ltd. | ၆၅၄/၆၆၆၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ် | CCTO | Bank | |
| 6 | International Beverages Trading Co.,Ltd. | R-18/S-19၊ စစ်တောင်းလမ်း၊ ပညာ့ဝတီရိပ်သာ၊ ရန်ကင်းမြို့နယ် | CCTO | Trading | |
| 7 | Co-Operation Bank Co.,Ltd. | ၃၃၄/၃၃၆၊ ကမ်းနားလမ်း၊ လသာမြို့နယ် | CCTO | Bank | |
| | **သန်း(၃၀၀၀)အောက်စာရင်း** | | | | |
| 8 | Myanma Apex Bank Ltd | အမှတ် ၃၀၊ ရွှေပိတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ် | CCTO | Banking | |
| 9 | Elite Tech IT Services Co.,Ltd. | အမှတ် ၉(က)၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ် | CCTO | Services | |
| 10 | Denko Trading Co.,Ltd. | (၃၀/၃၁)၊ ရွှေပိတောက်ရိပ်မွန်၊ ကမာရွတ်မြို့နယ် | CCTO | Trading | |
| 11 | Eden Group Co.,Ltd. | အမှတ်၃၀၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ကမာရွတ်မြို့နယ် | CCTO | Construction | |
| | **သန်း(၂၀၀၀)အောက်စာရင်း** | | | | |
| 12 | Ayeyarwaddy Bank Ltd | အမှတ် (၁)၊ဘုရင့်နောင်လမ်း၊လှိုင်မြို့နယ် | CCTO | Banking | |
| 13 | Dagon Beverages Co.,Ltd. | ၅၅၅-ခ၊ အမှတ် ၄လမ်းမကြီး၊ ရွှေပြည်သာမြို့နယ် | CCTO | Production | |
| 14 | High-Tech Concrete (Technology)Co.,Ltd. | အမှတ် ၅၈၄၊ အလုံလမ်းနှင့်ကမ်းနား လမ်းထောင့်၊ လမ်းမတော်မြို့နယ် | CCTO | Services | |
| 15 | Asia Mega Link Co.,Ltd. | ၃၉/၄၀၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ် | CCTO | Industies | |
| 16 | First Private Bank Ltd. | အမှတ် ၆၁၉/၆၂၁၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ် | CCTO | Services | |
| 17 | T. Z..T.M Construction Co.,Ltd. | အမှတ် ၅၊ အခန်း ၆၀၂၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ အလုံမြို့နယ် | CCTO | Construction | |
| 18 | Elite Tech Manufacturing Co.,Ltd. | အမှတ် ၉(က)၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ် | CCTO | Industrial/ Production | |
| 19 | Small & Madium Industrial Development | ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Bank | |
| 20 | Rural Development Bank Ltd. | ၅၂၆/၅၃၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Banking | |
| 21 | Hlaiing River Golf & Country Club Co.,Ltd. | ၃၈၀၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ် | CCTO | Construction | |
| 22 | Diamond Star Co.,Ltd. | ၂၅၆/၂၆၀၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Production | |
| 23 | Shwe Me' Co.,Ltd. | ၇၉/၈၁၊ ပထမထပ်၊ အခန်း ၁၀၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Trading | |
| 24 | Ayar Jade Co.,Ltd. | အခန်း ၈၀၁၊ ရွှေလရောင်လမ်း၊ ရွှေဟသ်ာအိမ်ရာ၊ လှိုင်မြို့နယ် | CCTO | Trading | |
| 25 | Benhur Trading Co.,Ltd. | ၁/၃၁၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ် | CCTO | Trading | |
| 26 | Farmer Phoyarzar Co.,Ltd. | ၁၈၇၊ မြေညီထပ်၊ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တထောင်မြို့နယ် | CCTO | Trading | |
| 27 | Sein Ngwe Mya Trading Co.,Ltd. | အခန်း ၄၁၀၊ လေးလွှာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ် | CCTO | Trading | |
| 28 | Naing Group Construction Co.,Ltd. | အမှတ် ၁၁၇/၁၂၇၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Construction | |
| 29 | FMI Garden Development Co.,Ltd. | ၃၈၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ FMI Centre၊ ပန်းဘဲတန်းမြို့နယ် | CCTO | Construction | |
| | **သန်း (၁၀၀၀) အောက်စာရင်း** | | | | |
| 30 | Yathar Cho Industries Co.,Ltd. | အမှတ် ၁၀၄၊ နှယ်ခွေလမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ် | CCTO | Industrial/ Production | |
| 31 | City Mart Holding Co.,Ltd. | ၁-၁၁၊ ပဒုမ္မာကွင်းအရှေ့ဘက်တန်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ် | CCTO | Trading | |
| 32 | Green Land Food Industries Co.,Ltd. | အမှတ် ၁၈၀၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၃)၊ လှိုင်သာယာမြို့နယ် | CCTO | Production | |
| 33 | Myanmar Oriental Bank | အမှတ်၁၆၆/၁၆၈၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ် | CCTO | Banking | |
| 34 | Asia Metal Construction Co.,Ltd. | ၁၀၆၊ ပန်းဘဲခေါင်းမောင်ခတ်လမ်း၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့နယ် | CCTO | Construction | |
| 35 | SPA Project Management Ltd | အမှတ် ၁၊ ကွမ်းခြံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် | CCTO | Construction | |
| | **သန်း (၉၀၀)အောက်စာရင်း** | | | | |
| 36 | Asia Energy Trading Co., Ltd. | အမှတ် ၁၁၆၊ ၈၀×၈၁လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | CCTO | Trading | |
| 37 | Htoo Construction Development Group Co.,Ltd. | ၁၂/က၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ် | CCTO | Construction | |
| 38 | U Kyu Family Trading Co., Ltd. | ၁၇/၁၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် | CCTO | Trading | |
| 39 | Myanmar Treasure Hotel &Resort Gro up Co., Ltd.. | ၉၃/၉(A)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် | CCTO | Hotel | |
| 40 | Nawng Tung Co., Ltd. | အမှတ် ၉၆၊ ဓမ္မာရုံလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ် | CCTO | Trading | |
| | **သန်း (၈၀၀)အောက်စာရင်း** | | | | |
| 41 | A1 Construction Co., Ltd. | အမှတ် ၃၃၄၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ် | CCTO | Construction | |
| 42 | New Day Energy Co., Ltd. | အမှတ် ၅၄၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ် | CCTO | Trading | |
| 43 | Htoo Trading Co., Ltd. | အမှတ် ၅၊ ပြည်လမ်း၊ လှိုင်မြို့နယ် | CCTO | Trading | |
| 44 | Shwe Than Lwin Media Co., Ltd. | အမှတ် ၂၆၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ အောက်ပုဇွန်တောင်လမ်း၊ ဗိုလ်တထောင်မြို့နယ် | CCTO | Services | |
| | **သန်း (၇၀၀) အောက်စာရင်း** | | | | |
| 45 | Myanma Economic Holding Ltd. | အမှတ် ၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် | CCTO | Trading | |
| 46 | Myawaddy Trading Co.,Ltd. | အမှတ် ၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ် | CCTO | Trading | |
| | **သန်း (၆၀၀) အောက်စာရင်း** | | | | |
| 47 | Myanmar Citizen Bank Ltd | အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Banking | |
| 48 | Shu San Industry Co., Ltd. | အမှတ် ၂၈၁၊ ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ် | CCTO | Industrial | |
| 49 | U Kyu Family Grains & Mfg Co., Ltd. | ၁၇/၁၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ် | CCTO | Manufacturing | |
| 50 | Mya Power Trading Co., Ltd. | အမှတ် ၂၆-ပါရမီရိပ်သာ၊ ပါရမီလမ်းမကြီး၊ လှိုင်မြို့နယ် | CCTO | Trading | |
| 51 | Ayeyarwaddy Resort & Lodgestic Co.,Ltd. | အမှတ် (၁၁/အေ)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ် | CCTO | Hotel | |
| 52 | Thanlyin Estate Development Co.,Ltd. | ၃၈၀၊ အထပ် (၁၀/၁၁)၊ FMI Centre ပန်းဘဲတန်းမြို့နယ် | CCTO | Trading | |
| 53 | Asia Royal Co.,Ltd. | အမှတ် ၁၄၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ် | CCTO | Services | |
| 54 | Lighthouse Enterprises Ltd. | အမှတ် (၅၇/၅၈)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ် | CCTO | Trading | |
| 55 | Myanma Awba Group Co.,Ltd. | အမှတ် ၃၃၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ် | CCTO | Industrial/ Production | |
| 56 | Yangon City Bank Ltd | စက်ရုံလမ်းနှင့်ဗညားဒလလမ်းထောင့် မင်္ဂလာဈေးဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် | CCTO | Services | |
| | **သန်း(၅၀၀)အောက်စာရင်း** | | | | |
| 57 | Kaytumadi Co.,Ltd. | ၁၈/၂၂(အပေါ်ဆုံးထပ်)၊ ၂၃လမ်း၊ လသာမြို့နယ် | CCTO | Trading | |
| 58 | Khine Khine Phyo International Trading Co.,Ltd. | ၃၅၀/၃၅၂၊ ပထပ်၊အခန်း ၂၊အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ် | CCTO | Trading | |
| 59 | Global Myanmar Trading Co.,Ltd. | အမှတ် ၁၀၃၊ရဲတံခွန်တာဝါ၊ (၅၁၃)အောက် ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် | CCTO | Trading | |
| 60 | International Group Of Entrepreneur Co.,Ltd. | အမှတ် ၂၇(ဘီ)၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် | CCTO | Trading | |
| 61 | Myit Mahar Trading Co.,Ltd. | အမှတ် ၄(အေ)၊ဘုရင့်နောင်လမ်းမကြီး၊ ၂၇ ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | CCTO | Trading | |
| 62 | Tin Win Tun Int'l Trading Co.,Ltd. | အမှတ် စီ/၁၊ သီရိမင်္ဂလာဉယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ် | CCTO | Trading | |
| 63 | Eastern Yoma Estate Investment Co.,Ltd. | ၇၊ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်၊ | CCTO | Services | |
| 64 | Myat Noe Thu Co.,Ltd. | တိုက်(အေ/၅၀၈)၊ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ် | CCTO | Trading | |
| 65 | Fisheries & Marine Product 2000 Ltd. | အမှတ် (၁၄၇)၊၄၇လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် | CCTO | Production | |
| 66 | Myan Shwe Pyi Tractor Co., Ltd. | အမှတ်၇၊ သီရိရတနာရိပ်သာ၊ မိကျောင်းကန်အပိုင်း(၃)၊ ဝေဇယန္တာလမ်း၊သင်္ဃန်းကျွန်းမြို့နယ် | CCTO | Trading | |
| 67 | Aung Kan Bo Trading Co., Ltd. | အမှတ်၁၅၆၊ တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးထောင့်၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၃)၊ရွှေပြည်သာမြို့နယ် | CCTO | Trading | |
| 68 | Aung Chan Thar Construction Services Co., Ltd. | အမှတ် ၅၄(အေ)၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ် | CCTO | Construction | |
| 69 | Golden Alliance Treasure Enterprise Co., Ltd. | အမှတ် ၇၉/၈၁၊အခန်း ၂၀၁/၂၀၂၊ စင်ထရယ်တာဝါ၊အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Trading | |
| | **သန်း (၄၀၀) အောက်စာရင်း** | | | | |
| 70 | Tunn Akaree Co., Ltd. | အမှတ် ၂၁၆/၂၀၂(အေ)၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ် | CCTO | Trading | |
| 71 | Sein Myo Daw Co., Ltd. | အမှတ် ၁၅အေ၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ် | CCTO | Trading | |
| 72 | Triple 'A' Cement Int;Co., Ltd. | ၈၁(၃၀×၃၁)ကြား၊ ချမ်းအေးသာစံမြို့နယ် | မန္တလေး | ဘိလပ်မြေ ထုတ်လုပ်ခြင်း | |
| 73 | Shwe Taung International Co., Ltd. | အလုံတာဝါ၊ ကမ်းနားလမ်း၊ အလုံမြို့နယ် | CCTO | Export & Import | |
| 74 | United Paints Groups Production Co., Ltd. | အမှတ် ၁၇၄/၁၈၈၊ ဒုထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ် | CCTO | Industrial | |
| 75 | J.D.S Co., Ltd. | ၂၅၆/၂၆၀၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ် | CCTO | Trading | |

စာမျက်နှာ ၁၇ ကော်လံ ၄ သို့

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်စိုက်ပျိုးရေး နှင့်မွေးမြူရေးဝန်ကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ထန်တလန်၊ ဒီဇင်ဘာ ၂၂**

ချင်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းသည် ဟားခါးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ဆောက်လုပ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးမှူးများ လိုက်ပါ၍ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ထန်တလန်မြို့နယ် ခွာဘုံ-လောင်တလန်-လုံကျွဲပီး ကျေးရွာချင်းဆက်လမ်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ကွင်းဆင်းဆောင်ရွက်ရာတွင် ရှေ့ဆက်ဆောင်ရွက်ရန်လိုအပ်သည့် ဦးစားပေးအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ထန်တလန်မြို့နယ် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတတ်နိုင်ရေးအတွက် အဓိကလိုအပ်သည့်ကဏ္ဍများဖြစ်သော ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း၊ သောက်သုံးရေရရှိရေး၊ မီးလင်းရေး၊ လယ်ရေသွယ်မြောင်းလုပ်ငန်း၊ တံတားဆောက်လုပ်ခြင်းနှင့် အထက်တန်းပြ ဆရာ ဆရာမများငှားရမ်းခြင်း စသည့်ကဏ္ဍများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ်သန်း ၅၂၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေကျပ် ၁၁၅၉ ဒသမ ၀၅ သန်း စုစုပေါင်းကျပ်သန်း ၁၆၇၉ ဒသမ ၀၅ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းနှင့် အလုံလမ်းကြားရှိ သိပ္ပံလမ်းအတွင်း၌ ဟောင်းနွမ်းလျက်ရှိသော လျှပ်စစ်ကြိုးများအား ခေတ်မီကာဗာပါရှိသည့် လျှပ်စစ်ကြိုးအသစ်များဖြင့် အလုံမြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်ချက်အရ လိုက်လံလဲလှယ်ခြင်းများ ဆောင်ရွက်နေကြောင်းသိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ရွှေတိုင်လွင်

# တောင်သူများသီးနှံအထွက်တိုးရန် ဝက်လက်မြို့တွင် သဘာဝမြေဩဇာသုံးစွဲနည်း သင်တန်းဖွင့်

**ဝက်လက်၊ ဒီဇင်ဘာ ၂၂**

တောင်သူများသီးနှံအထွက်တိုးရန်နှင့် ဓာတုပစ္စည်းတစ်မျိုးတည်းသာ အသုံးမပြုဘဲ သဘာဝနည်းများကို တွဲဖက်အသုံးပြုတတ်စေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ပိုးမွှားရောဂါ သဘာဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက မြို့မစခန်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် ဝက်လက်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းငွေက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး စိုက်ပျိုးရေးဦးစီးဌာန ရွှေဘိုခရိုင်ဦးစီးမှူး ဦးဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိသုံးရက်ကြာဖွင့်လှစ်ပေးပြီး ဝက်လက်မြို့နယ်အတွင်းမှ တောင်သူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ဆေးသုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနည်းစနစ်နှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်၊ ဒေသနှင့်ကိုက်ညီသောမျိုးများကို ရွေးချယ်စိုက်ပျိုးနည်းစနစ်များ၊ မြေပြဿနာ၊ မြေနှင့်ဓာတ်မြေဩဇာသုံးစွဲနည်းတို့ကို တာဝန်ရှိသူများက အသီးသီးပို့ချဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**နန်းမြင့်(ဝက်လက်)**

# ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေး

**ဖြူး၊ ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်လုံးကျွတ် ဆင်ခြေထောက်ရောဂါကြိုတင်ကာကွယ်ရေးဆေးတိုက်ကျွေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းကို ဖြူးမြို့ မြို့မအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးသောက်ခြင်းဖြင့် ကာကွယ်နိုင်သော ဆင်ခြေထောက်ရောဂါဖြစ်ပွားမှုနှုန်းမရှိအောင်ကာကွယ်နိုင်မှုနှင့် အကျိုးရလဒ်များကို အကျယ်တဝင့်ဟောပြောပြီး ဆေးတိုကကျွေးနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဆေးတိုက်အဖွဲ့များက ရပ်ကွက်တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်တိုင်ရာရောက် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ကာကွယ်ဆေးများကို လိုက်လံတိုက်ကျွေးမွေးခဲ့ကြသည်။

ဖြူးမြို့နယ်တွင် ဆင်ခြေခောက်ထောက်ရောဂါကာကွယ်ရေး မြို့နယ်လုံးကျွတ်တိုက်ကျွေးရေးအစီအစဉ်အရ ဆေးတိုက်အဖွဲ့များက ဒီဇင်ဘာ ၁၇ ရက်မှစ၍ သက်ဆိုင်ရာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ကာကွယ်ဆေးများတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**

# ကမ္ဘာ့ကြီးကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဆိပ်ဖြူ၊ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကမ္ဘာ့ကြီးကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၃ ကတ်နှင့် အိမ်ထောင်စုစာရင်း ၁၃၂ စောင်တို့အား ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကမ္ဘာ့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပေးအပ်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဉာဏ်ဝင်းက ကျေးရွာပြည်သူများလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေးမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**တွံတေး၊ ဒီဇင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် တကလဲ့ကျေးရွာအုပ်စုတွင် မိုးပွင့်အဆင့်(၇)စီမံချက်အရ ရန်ကုန်တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီဌာန ညွှန်ကြားရေးမှူး ဦးကြည်လင်း၊ ရန်ကုန်တောင်ပိုင်းနှင့် အနောက်ပိုင်းခရိုင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ အိမ်ထောင်စု ၆၅ စုအား စိစစ်ရေးကတ်ပြား ၃၆၆ ကတ်အား နေ့ချင်းပြီးပြုလုပ်ပေးခဲ့သည်။ **ကိုသက်(တွံတေး)**

**KKK**
Car Rental
ခရီးစဉ်မျိုးစုံအတွက်ကားမျိုးစုံငှားရန်ရှိသည်
၀၉-၂၅၉၂၆၆၂၂၄ , ၀၉-၂၅၄၃၄၃၁၃၁

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်၊ ရတနာမွန်အိမ်ရာ၊ တိုက်(၁၅၂)၊ အခန်း(၀၀၃)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးမင်းခင်[၁၄/ကပန(နိုင်)၀၀၉၅၁၄]ဒေါ်ကျူတီ[၁၄/ကပန(နိုင်)၀၉၉၁၈၃] ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမင်းဆွေမြင့်[၈/မကန(နိုင်)၀၂၁၇၂၆]၊ ဒေါ်ခင်စောဦး [၁၂/ရကန(နိုင်)၀၂၉၂၄၁]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ကရဏာလမ်း၊ အမှတ်(၉၂၈/က)၊ ပေ(၂၀)×ပေ(၆၀)၊ ဒေါ်ဖြူ (Q/RGN-၀၀၄၃၂၄) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ဖြူထံမှ အရပ်ကတိ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထား ပြီးပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဦးဒါယာဂျမ်း [၇/ကတခ(ပြု)၀၀၀၉၅၅]ထံမှ ကျွန်မ ဒေါ်သီသီအောင် [၁၂/သဃက(နိုင်)၀၂၁၂၀၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ မြေကွက်နှင့် သက်ဆိုင်သူ မည်သူမဆိုခိုင်လုံသော စာချုပ်စာတမ်း အထောက် အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်သီသီအောင်
ဖုန်း-၀၁ ၅၆၀၉၃၁
အမှတ်(၁၈၄)၊ ကောလိယလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy၊ ကျွဲရှိုင်း ၊Aloe Vera အချိုရည်၊ ရေခဲမုန့်၊ ပုလဲမစ်ရှိတ်၊ အခေအးဆိုင်ပွင့်နည်း၊ ယိုမျိုးစုံ ၊ တော်ဖီ၊ ဒိုင်မျိုးစုံ၊ sauce၊ ကိတ်၊ ပေါင်မုန့်မျိုးစုံ နှင့် မုန့်ဖုတ်နည်းသင်တန်း

| | | | |
|---|---|---|---|
| 1 | (24.12.14)မှ(29.12.14) | 3 | (30.12.14)မှ(4.1.15) |
| 2 | (27.12.14) မှ(1.1.15) | 4 | (2.1.15) မှ(7.1.15) |

MASTER အရောင်းဆိုင်
01-248014
09-73181875
01-379071
VCD
MASTER စားသောက်ကုန်သင်တန်း
အမှတ်(၁၀၇)၊ ၂၇-လမ်း(လယ်)ရန်ကုန်။ 01-389340, 09-36224199,09-320 20005

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၁၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်ညွန့်[၁၂/ပဘတ(နိုင်)၀၁၁၁၃၇]ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ထိုက်ထိုက်မွန်[၁၂/ဥကတ(နိုင်)၀၃၅၄၅၅]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၉၃၃ ခုနှစ် တည်ထောင်သည်
ရွှေမုန်းကောင်
အမှတ်တံဆိပ်



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR-007525(0614)
**အကြောပြေ မျက်စိကြည်ဆေး**
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

**သင့်သွေးဖြင့်အသက်ကယ်ပါ**

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မခင်မိုးမိုး[၁၄/မမန(နိုင်)၂၄၀၅၃၀]ကိုင်ဆောင်သသည် မိဘ၏ဆိုဆုံးမမှုကို မလိုက်နာခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဦးမျိုးဦး-ဒေါ်စိန်အေး
အမှတ်(၁၂၅)၊ (၄)လမ်းမကြီး၊ အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့။


အင်းယားကန်ဘေးမှာ အမြင့်ဆုံးထိုးထွက်လာမည့် ရတနာ ...
DIAMOND
INYA PALACE
အရောင်းဖွင့်ပွဲအခမ်းအနားကို စတင်ကြပါပြီ
DIAMOND INYA PALACE SHOW FLAT
7% Discount
Loose Furniture Gift Voucher
Payment System
Diamond Inya Palace Site / Show Flat / Sales Office :


ဘာပဲလိုလို
Everything U Need
The YANGON DIRECTORY
2015
OUT NOW!
DELIVERED DIRECT TO YOU
The YANGON DIRECTORY ရန်ကုန်လမ်းညွှန် 2015
1,816
Colour Pages
Over
640
Business Headings
Over
5,600
Advertisements
Over
65,000
Listings
Map & Guides
135,000
COPIES
ထွက်ပြီ
HOT LINE: 01-8619277 SALES: 01-250700 www.yangondirectory.com


RICH LIFE
KITCHEN CENTER
အိမ်ရှင်မတိုင်းအတွက်
RICH LIFE KITCHEN CABINET
High-Gloss Painting MDF Board
SHOWROOM : 1017(C), Pyay Road, Saw Bwar Gyi Gone, Insein Township, Yangon.
09 250440315, 09 43181157, 09 250190379, 09 420255330

**ယနေ့ မာတိကာ**


လယ်ယာမြေဂေဟာစနစ်နှင့် အော်ဂဲနစ်စိုက်ခင်းများ — စာမျက်နှာ - ၂

သမိုင်းတစ်ကွေ့ ပြန်လည်သက်ဝင် ဗိုလ်ရှုသဘင် — စာမျက်နှာ - ၇

အာဆင်နယ် ထိပ်ဆုံးလေးသင်း စာရင်းဝင်ဖို့ လုပ်ဆောင်ရမယ့် အချက်ငါးချက် — စာမျက်နှာ - ၁၃




# မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာများ မဲစနစ်ဖြင့် စတင်ရောင်းချ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာများကို ချထားပေးခဲ့ရာ ဝယ်ယူခွင့်ရရှိသူများအား တိုက်ခန်းနေရာများကို လူကိုယ်တိုင်မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၄၈လမ်းနှင့် ယုဇနလမ်းထောင့်ရှိ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ**(အပေါ်ပုံ)** ရှင်းလင်းဆောင်၍ ကျင်းပသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ●

# မြစ်ဆုံ-မန္တလာ မန္တလေး-မြစ်ကြီးနားမီးရထားခရီးစဉ် ပုဂ္ဂလိကလွှဲပြောင်းပြေးဆွဲ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်ကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အမှတ် ၃၇ အဆန် မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားဖြင့် မန္တလေးဘူတာကြီးမှ စတင်ပြေးဆွဲကြောင်း သိရသည်။ အလားတူ မြစ်ကြီးနားမှ မန္တလေးသို့ အမှတ် ၃၈ အစုန် မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားဖြင့် နံနက် ၁၁ နာရီခွဲတွင် မြစ်ကြီးနားဘူတာမှ စတင်ထွက်ခွာမည်ဖြစ်ပြီး နံနက် ၅ နာရီ ၂၀ မိနစ်တွင် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်မည်ဖြစ်သည်။

မန္တလေးမှထွက်ခွာသော မီးရထားခရီးစဉ်သည် မြစ်ကြီးနားမြို့သို့ နံနက် ၄ နာရီ တွင် မြစ်ကြီးနားဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး အဆိုပါခရီးစဉ်အတွက် ရိုးရိုးတန်း ကျပ် ၈၃၀၀၊ အထက်တန်း ကျပ် ၁၆၅၀၀ ဖြစ်သည်။ မြစ်ဆုံ-မန္တလာ အထူးအမြန်ရထားသည် မန္တလေး-မြစ်ကြီးနား ခရီးစဉ်အတွင်း ရွှေဘို၊ ကောလင်း၊ နဘား၊ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဘူတာများတွင် ရပ်နားပေးမည်ဖြစ်ကာ မန္တလေး-ရွှေဘို ရိုးရိုးတန်းကျပ် ၁၇၀၀၊ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ○



သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

# မြန်မာယူ-၂၀ အသင်း ယှဉ်ပြိုင်မည့် မာရာဟာလင်ဖလားပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်

မြန်မာယူ-၂၀ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၅ ခုနှစ် မာရာဟာလင်ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာယူ-၂၀အသင်းနှင့်အတူ အင်ဒိုနီးရှားယူ-၂၃ အသင်း၊ အင်ဒိုနီးရှားကလပ် မီဒန်အသင်း၊ ဩစတြေးလျကလပ်ပဲ့သ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာယူ-၂၀ အသင်းမှာ ဇန်နဝါရီ ၉ ရက်တွင် ဩစတြေးလျကလပ်ပဲ့သ်အသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်တွင် အင်ဒိုနီးရှားကလပ် မီဒန်အသင်းနှင့် ကစားရမည်ဖြစ်သည်။ နောက်ဆုံးပွဲစဉ်အဖြစ် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖









Hot Line No-09-30500100 www.facebook.com/themirrordaily themirror.npt@gmail.com

# အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍသစ်

# C L A S S I F I E D S



## Nine 2 Coffee Shop တွင် ဝန်ထမ်းအလိုရှိသည်

၁။ မြေအိုးမြီးရှည်+ရှမ်းခေါက်ဆွဲ+အသုပ်စုံ ကျွမ်းကျင် မ (၂) ဦး
၂။ Cashier ကျွမ်းကျင် မ (၂) ဦး
၃။ ထမင်းချက် ကျွမ်းကျင် မ (၂) ဦး
၄။ အထွေထွေ (၃) ဦး

နေ+စား (ငြိမ်း) စီစဉ်ပေးမည်။

ဆက်သွယ်ရန်လိပ်စာ- ၇/၈ လမ်းဆုံ၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း- ၀၉ ၄၉၃၂၀၀၂၈၊ ၀၉ ၂၅၃၈၆၂၃၃၁၊ ၀၉ ၉၇၈၁၁၂၆၃၆

## Our Style Company Group Ltd

No.388/398(7B/8လွှာ)ဆင်မင်းကွန်ဒို၊ ဆင်မင်းလမ်းနှင့်ကမ်းနားလမ်းထောင့်၊ အလုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၁၄၁၅၊ ၀၉-၄၂၀၅၂၅၅၁၊ Email.0urstyle.hr@gmail.com

1. Site Manager - M(2)Posts
2. ရုံးအုပ် - M(2)Posts
3. Accountant - M/F(5)Posts
4. Office Staff - M(8)Posts
5. Storekeeper - M(3)Posts
6. Driver (ယာဉ်ကြီး၊ ယာဉ်ငယ်) - M(10)Posts

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ၊ နယ်သွားရောက်နေနိုင်သူ (ကျား)ဖြစ်ရပါမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံ၊ စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်(သို့) Emailဖြင့် ၃၁-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအမြန်အလိုရှိသည်

MMTM Co,.ltd (ရုံးချုပ်)

အမှတ်(၅၆/၅၇)၊ (၆)လမ်း၊ လှိုင်ရတနာမွန် အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၀၁-၅၁၉၆၃၈၊ ၀၁-၅၁၉၆၄၅

**HR Manager, Age ( 30 ~ 50 ) M (1) Post**

ဘွဲ့ရ၊ HRDip(or) Certificate လက်မှတ်ရရှိပြီးသူ၊ လုပ်သက်အတွေ့အကြုံ (၃) နှစ်နှင့်အထက်၊ လျှောက်ထားလိုပါက သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့်အတူ အထက်ပါ လိပ်စာအတိုင်း (၂)ပါတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

## ဝန်ထမ်းအလိုရှိသည်

**1. Japan ဆရာမ** မ (၁)ဦး

- ဂျပန်စာ N3 Level ရှိရမည်။ သင်ကြားရေးတွင် အတွေ့အကြုံရှိရမည်။ အချိန်ပြည့် အလုပ်လုပ်နိုင်ရမည်။

**2. Secretary** မ (၁)ဦး

- ရုပ်ရည်ပြေပြစ်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။ အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။ မြန်မာစကားကို ယဉ်ကျေးစွာ ပြောဆိုဆက်ဆံနိုင်ရမည်။ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ၂၆-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ (E-mail မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်)

လျှောက်လွှာတင်ရန်-

**အမှတ်(၁၅/၁၇)၊ ၇-A၊ MPT ကွန်ဒို၊ (၆)လွှာ၊**
**ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၂၃၀၅၅၄၅၊ E-mail:gba.myanmar@gmail.com**

## ဝန်ထမ်းအမြန်အလိုရှိသည်။

OK Myanmar Co.Ltd

အမှတ်(၁၅၆)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း ၀၉-၄၉၂၀၂၉၁၈၊ ၀၆၇-၄၂၀၈၁၃

**(1)Technician** Male (3) Post

- ❖ အခြေခံပညာ အထက်တန်း (သို့) ဘွဲ့ရပြီးသူဖြစ်ရမည်။
- ❖ အသက်(၂၀ မှ ၂၅) နှစ်အတွင်းဖြစ်ရမည်။
- ❖ Commercial Aircon System, Cancooler,Freezerများနှင့် ပက်သက်၍ အတွေ့အကြုံရှိသူဖြစ်ရမည်။

**(လက်ရှိလုပ်ငန်းကိုင် လုပ်ကိုင်နေသူအား ဦးစားပေးမည်။)**

**(2)Receptionist** Female (3) Post

- ❖ ဘွဲ့ရရှိပြီးသူဖြစ်ပြီး ရုပ်ရည်ချောမောပြေပြစ်ရမည်။
- ❖ အသက် (၂၀) မှ (၂၅) နှစ်အတွင်းဖြစ်ရမည်။

**(အတွေ့အကြုံမရှိသူများလည်းလျှောက်ထားနိုင်ပါသည်။)**

**(3)Accountant** Female (3) Post

- ❖ ဘွဲ့ရ၊ LCCI Level II အောင်မြင်ပြီး လုပ်ငန်းအတွေ့အကြုံ ရှိသူဖြစ်ရမည်။
- ❖ အသက် (၂၀ မှ ၃၀) နှစ်အတွင်းဖြစ်ရမည်။

**(4)Driver** Male (2) Post

- ❖ (ခ)လိုင်စင်၊ Autogear မောင်းနှင်နိုင်သူဖြစ်ပြီး၊ အရက်သေစာ သောက်စားခြင်း မရှိသူဖြစ်ရမည်။
- ❖ ယာဉ်မောင်း သက်တမ်း (၂)နှစ်အထက်ရှိသူဖြစ်ပြီး အသက် (၄၅) နှစ်အောက်ဖြစ် ရမည်။

**စိတ်ပါဝင်စားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ အထက်ပါ လိပ်စာအတိုင်း လိုအပ်သော စာရွက်စာတမ်း အပြည့်အစုံနှင့်တကွ အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။**

## ဝန်ထမ်းအလိုရှိသည်။

Office Staff ကျား/မ(၂)ဦး

- အသက်(၂၀ မှ ၃၀)နှစ်၊ ဘွဲ့ရ၊ Word,Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်

Driver(ကျွမ်းကျင်) ကျား(၃)ဦး

- အသက်(၂၅ မှ ၄၀)နှစ်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ် ၊

အထွေထွေဝန်ထမ်း ကျား(၁၀)ဦး

- အသက်(၂၀ မှ ၃၀)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်

အမှတ်(၄၅)၊သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။

ဖုန်း - ၀၉-၇၃၀၂၇၇၃၃

## ဝန်ထမ်းအလိုရှိသည်

မုန့်မျိုးစုံ ဖြန့်ချီရေးအတွက်

ရောင်း/မောင်း ကျား (၇) ဦး

အခြေခံပညာအထက်တန်းအောင်ပြီးလုပ်ငန်းအတွေ့အကြုံရှိရမည်။ မြို့တွင်း/နယ်ဝေး အစုံသွားနိုင်ရမည်။ လစာ–150000၊ နေထိုင် စားသောက်စရိတ်ငြိမ်းအပြင် လုပ်ငန်းအပေါ် ကြိုးစားအားထုတ်မှုကို ကြည့်ပြီး Percentage ပေးမည်။ လျှောက်ထားလိုသူများ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ C.V Form၊ ဓာတ်ပုံ(2)ပုံနှင့် အောက်ပါလိပ်စာအတိုင်း (31-12-2014) ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လိပ်စာ** – တိုက် (16)၊ အခန်း (A-1)၊ ဦးဝိစာရလမ်း၊ (41)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ၊ ရန်ကုန်။ ဖုန်း – 09-25039978 , 09-420320366

## ဝန်ထမ်းအလိုရှိသည်

## M.T.P Construction Co., Ltd.

(၃၁-၁၂-၂၀၁၄)နောက်ဆုံးထားလျှောက်ထားရန်

- ✤ Assistant Chief Engineer (B.E Civil) (၂) ဦး
- ✤ Project Engineer (Civil) (၅) ဦး
- ✤ Site Engineer (Civil) (၁၀)ဦး
- ✤ QC Engineer (Civil) (၂) ဦး
- ✤ QS Engineer(Civil) (၂) ဦး
- ✤ Surveyor (၂) ဦး

အမှတ်(၂၃၃/၂၃၅)၊ ပထမထပ်၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၈၈၄၁၅ ၊ ၃၈၆၈၀၂ ၊ ၀၉-၅၁၂၅၃၀၁

## Build Trust & Loyalty Co.,ltd

**အမှတ်-၄၉(က)၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**Tel-၀၁-၅၂၄၄၃၉၊ ၀၉-၄၂၀၀၇၀၈၈၆**
**(ပြည်တွင်း၌သာခန့်ထားရန်)**

1. Marketing Manager (ကျား/မ)၂ဦး
   တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ရမည်။ (MBA ဘွဲ့ဖြစ်ပါက ပိုမိုဦးစားပေးမည်။) လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက် ရှိရမည်။
2. Production Manager (ကျား/မ) ၂ဦး
   တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့် အထက်ရှိရမည်။ (ပုံနှိပ်လုပ်ငန်း နားလည်ကျွမ်းကျင်သူကို ပိုမိုဦးစားပေးမည်။
3. Marketing Executive (ကျား/မ) ၂ဦး
   တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ အထက်ပါရာထူးများအတွက် အင်္ဂလိပ်စာ ကောင်းမွန်စွာရေးသားပြောဆိုနိုင်ရမည်။ Microsoft Excel နှင့် Power Point ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
4. Marketing Supervisor (ကျား/မ) ၄ဦး
   တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။။
5. Promoter (ကျား/မ)၃၀ဦး
   အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း
   အခြေခံပညာအထက်တန်းအောင်ရမည်။ နယ်သို့ ခရီးသွားလာနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်နှင့်အတူ သက်ဆိုင်ရာ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပတ်စ်ပို့ပုံတစ်ပုံနှင့်တကွ အထက်ပါလိပ်စာ (သို့မဟုတ်) poethinzakhaing @btlmyanmar.comသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## Myanmar Oriental Sunrise Co.,Ltd

**No(151), (16) Street(upper), Lanmadaw Township**
**Ph-01-217070, 09-30279999, 09-30267777**

**Accountant** - Female (3) Posts

(B.Com, BA(Eco), LCCI II,III) အောင်မြင်ပြီး၊ စာရင်းအတွေ့အကြုံ(၂)နှစ်အထက်

**Office Staff** - Female (5) Posts

(Any Graduate, သွက်လက်၍ လုပ်ငန်းကိုစိတ်ဝင်စားသူ၊ ရုံးတွင်းပြင်ပသွားလာနိုင်သူ အတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

**သန့်ရှင်းရေး** - အမျိုးသမီး (၂)ဦး

(အသက် 25-35 လမ်းမတော်မြို့နယ်အနီးနေထိုင်သူ ဦးစားပေးမည်။)

လျှောက်ထားလိုသူများသည် (2) ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

## တရုတ်စကားပြန်အလိုရှိသည်

-တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
-Internet email ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
လှိုင်သာယာ၊ (ရုံးရှေ့မှတ်တိုင်အနီး)
ဖုန်း-09-5302027, Email-gksai777@gmail.com

## ဝန်ထမ်းအလိုရှိသည်

**GOLDEN CONERSTONE INVESTMENT PTE.,LTD.**

**အမှတ်(၆၂)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ (ဆင်ရေတွင်းမှတ်တိုင်)**

**Ph : 01 511335, 09253785091**

**၁။ စာရင်းကိုင်** ကျား/မ (၁) ဦး

အသက် (၂၀)နှစ်နှင့် (၃၅)နှစ်ကြား ဖြစ်ရမည်။ မြန်မာ-တရုတ် အပြော၊ အရေး ကျွမ်းကျင်သူဖြစ်ရမည်။ အခြေခံအင်္ဂလိပ် ကျွမ်းကျင်ရမည်။ Microsoft Word, Excel ကို ကောင်းမွန်စွာ အသုံးပြု၍စာရင်းများကို ရေးဆွဲနိုင်ရမည်။ LCCI စာရင်းကိုင်လက်မှတ်ရရှိထားသူ ဦးစားပေးမည်။ ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေး ကောင်းမွန်သူဖြစ်ရမည်။ အစမ်းခန့်ကာလ (၁)လ။ လစာ (၃၀၀၀၀၀/-)၊ (နေစရိတ်ငြိမ်း)။

**၂။ စကားပြန် (မြန်မာ-တရုတ်-အင်္ဂလိပ်)** ကျား/မ (၈)ဦး

အသက် (၂၀)နှစ်နှင့် (၃၅)နှစ်ကြားဖြစ်ရမည်။ မြန်မာ-တရုတ် အပြော၊ အဆို၊ အရေး ပြေပြစ်ကျွမ်းကျင်ရမည်။ အခြေခံအင်္ဂလိပ် ပြောဆိုနိုင်ရမည်။ ကွန်ပျူတာ ကျွမ်းကျင်ရမည်။ ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြီး ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။ အပင်ပန်းခံနိုင်ပြီး သွက်လက်ထက်မြက်သူဖြစ်ရမည်။ စကားပြန်အတွေ့အကြုံကြွယ်ဝသူ ဦးစားပေးမည်။ အစမ်းခန့်ကာလ (၁)လ။ လစာ (၂၅၀၀၀၀/- မှ ၃၅၀၀၀၀/-)။ (နေစရိတ်ငြိမ်း)။

**၃။ (၁၀-၁၄-၁၈)ဘီး ကားကြီးယာဉ်မောင်း** ကျား (၂၀) ဦး

ယာဉ်မောင်းသက်တမ်း (၅)နှစ်အနည်းဆုံးရှိရမည်။ ရန်ကုန်မြို့တွင်းလမ်းကြောင်းကို ကျွမ်းကျင်ပြီး ကားနောက်လိုက်ကိုယ်တိုင်ခေါ်ဆောင်ထားရမည်။ ယာဉ်မောင်းလိုင်စင်သက်တမ်းရှိသူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ စိတ်ထားဖြူစင်ပြီး ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။ ယာဉ်မောင်းကျွမ်းကျင်ပြီး အလုပ်ကိုတိကျ၊ မှန်ကန်၊ မြန်ဆန်စွာ လုပ်ကိုင်နိုင်သူကို ဦးစားပေးမည်။ အစမ်းခန့်ကာလ (၁)လ။ အခြေခံလစာ + % (၅၀၀၀၀၀/- အထက်)။

**၄။ ဖော(လ်)ကလီ (Forklift Truck)** ကျား (၁၀)ဦး

ဖော(လ်)ကလီ (Forklift Truck)ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်ပြီး ပစ္စည်းများကို လျှင်မြန်စွာသယ်ယူနိုင်သူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ သွက်လက်၊ ဖျတ်လတ် ဉာဏ်ကောင်းပြီး ဆက်ဆံရေးကောင်းမွန်ရမည်။ ဖော(လ်)ကလီ(Foklift Truck)ကို မောင်းနှင်နိုင်သော အတွေ့အကြုံကြွယ်ဝသူ ဦးစားပေးမည်။ အစမ်းခန့်ကာလ (၁)လ။ အခြေခံလစာ + % OT (၃၀၀၀၀၀/- အထက်)

**၅။ စက်ပြင်** ကျား (၂) ဦး

အဆင့်မြင့်သော စက်မှုပြင်ဆင်ရေးသင်တန်းပြီးစီးရမည်။ စက်ယန္တရားများ ပြုပြင်ခြင်း ကျွမ်းကျင်ရမည်။ စက်ပစ္စည်းများကို နားလည်သူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ စိတ်ထားဖြူစင်ပြီး ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။ လုပ်ငန်းကို တိကျ၊ မှန်ကန်၊ မြန်ဆန်စွာ လုပ်ကိုင်နိုင်ရမည်။ စက်ယန္တရားကြီးများကို ပြုပြင်ခြင်းလုပ်ငန်း အတွေ့အကြုံကြွယ်ဝသူကို ဦးစားပေးမည်။ အစမ်းခန့်ကာလ (၁)လ။ လစာ (၅၀၀၀၀၀/- အထက်)။

**၆။ အိမ်ဖော်** မ (၂) ဦး

အသက် (၂၅)နှစ်နှင့်အထက် ဖြစ်ရမည်။ ကုမ္ပဏီသန့်ရှင်းရေးကို အဓိကလုပ်ဆောင်ရမည်။ တရုတ်ဟင်းလျာများ ချက်ပြုတ်တတ်သူကို ဦးစားပေးမည်။ ရုပ်ရည်ပြေပြစ်ပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ အစမ်းခန့်ကာလ (၁)လ။ လစာ (၁၀၀၀၀၀/-) (နေစရိတ်ငြိမ်း)။

**၇။ Marketing** ကျား/ မ (၁၀) ဦး

ဘွဲ့ရဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ရမည်။ အင်္ဂလိပ်နှင့် မြန်မာ အရေး/အပြော ကျွမ်းကျင်သူဖြစ်ရမည်။ ရန်ကုန်၌နေသူကို ဦးစားပေးမည်။ ရုပ်ရည်ပြေပြစ်သူဖြစ်ရမည်။ ဆက်ဆံရေးကောင်းမွန်ပြီး ဇွဲရှိသူဖြစ်ရမည်။ ပြဿနာများကို ပြေလည်ဖြေရှင်းနိုင်သူဖြစ်ရမည်။ Marketing အတွေ့အကြုံ ကြွယ်ဝသူကို ဦးစားပေးမည်။ အစမ်းခန့်ကာလ (၁) လဖြစ်သည်။ အစမ်းခန့်ကာလအတွင်း လစာ တစ်သိန်းခွဲပေးမည်။ အစမ်းခန့်ကာလကျော်လွန်ပါက လစာနှင့် ရာခိုင်နှုန်း စုပေါင်း လစာ ငါးသိန်းရမည်။ (အစမ်းခန့်ကာလကျော်လွန်လျှင် ကုမ္ပဏီနှင့် နှစ်နှစ် စာချုပ်ချုပ်ဆိုမည်)။ ဘွဲ့လက်မှတ်နှင့်တကွ လျှောက်ထားရမည်။

လျှောက်ထားလိုသူများသည် နိုင်ငံသားမှတ်ပုံတင်မိတ္တူ (၁)စုံ၊ သန်းခေါင်စာရင်းမိတ္တူ (၁)စုံ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ (၁)စုံ၊ ဓါတ်ပုံ (၅)ပုံ၊ ပညာအရည်အချင်းနှင့်ပတ်သက်သော အောင်လက်မှတ်မိတ္တူ (၁)စုံ၊ အထက်ပါ စာရင်းကိုင်နှင့် စကားပြန်တို့သည် တရုတ်ကျောင်း အလယ်တန်းအဆင့်ရှိရမည်။ မြန်မာကျောင်း (၁၀)တန်းနှင့်(၁၀)တန်းအောင် (သို့မဟုတ်) ဘွဲ့ရဖြစ်ရမည်။ အထက်ပါယာဉ်မောင်းသည် ယာဉ်မောင်းလိုင်စင်မိတ္တူ (၁)စုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။

## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)အဆောက်အအုံ ပြန်လည်မွမ်းမံဆေးသုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် တင်ဒါပုံစံများကို ၂၂-၁၂-၂၀၁၄ ရက်တွင် ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ စီမံဌာန၊ ဖုန်း-၀၆၇-၄၁၄၈၁၈တွင် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် တင်ဒါပိတ်မည့်ရက်မှာ ၂၁-၁-၂၀၁၅ ရက် ၁၂း၀၀ နာရီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)
## ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ဘွိုင်လာစစ်ဆေးရေး)မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၁၂-၁-၂၀၁၅ ရက်မှ ၂၀-၂-၂၀၁၅ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသူမည်သူမဆို ၉-၁-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန - အမှတ်(၁၉၂)၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၅၃၄၀၂၉၁၊
၀၉-၅၅၀၇၀၀၉

## မြန်မာ့သစ်လုပ်ငန်း
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
## ၁/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံးဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ စက်မှုကုန်ကြမ်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၃၀-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့)၊ ၁၁း၀၀ နာရီ

(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ပျဉ်းကတိုး/သစ်ယာသစ်လုံး - ၆၁၈. ၇၉၈ တန်
- အုပ်စု(၂/၃)သစ်လုံး - ၈၇၃. ၄၂၂ တန်
(သင်းဝင်၊ ယင်းတိုက်၊ စကားဝါ၊ ထောက်ကြံ့ပါဝင်)
အုပ်စု(၄)မျောက်ချော သစ်လုံး-၁၉. ၀၈၂ တန်

(ဂ) ရောင်းချမည့်နေရာ - လက်ထောက်အထွေထွေမန်နေဂျာရုံး၊ အစည်းအဝေးခန်းမ၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatiber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ အောက်ဖော်ပြပါဖုန်းနံပါတ်များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ပြည်တွင်းရောင်း/စက်ရုံချုပ် - ၀၁-၃၇၂၀၂၃
ဒုတိယအထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး - ၀၄၂-၂၄၃၉၂/၂၄၃၈၉
လက်ထောက်အထွေထွေမန်နေဂျာ၊ ဧရာဝတီတိုင်းဒေသကြီးရုံး - ၀၄၂-၂၄၆၉၁/၂၄၆၉၃

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအတွက် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

| | | |
|---|---|---|
| (၁) | Hand Tools Kits for Workshop (Electrical, Mechanical and Constructional Hand Tools Kids 212 PCS) | (1)No. |
| (၂) | Motor 1 Hp, single phase for Ground Tank | (2)Nos. |
| (၃) | GPS | (2)Nos. |
| (၄) | Mixer Setler (Solvent Extraction Equipment) | (1)No. |
| (၅) | Vibrating Screen with machine | (1)No. |
| (၆) | Wireless Outdoor(CPE) | (2)Nos. |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ)ဖြင့် အောက်တွင်ဖော်ပြထားသည့်နေရာများ၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂၉-၁၂-၂၀၁၄ ရက်တွင် နောက်ဆုံးထား၍ ဖော်ပြထားသည့်လိပ်စာများသို့ ရုံးချိန်အတွင်း ပေးပို့ရမည်ဖြစ်ပြီး၊ ၃၀-၁၂-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများဝယ်ယူလျှင် တင်ဒါစပေါ်ငွေ(Earnest Money) ကျပ် ၅၂၀၀ိ/-(ကျပ်ငါးသောင်းနှစ်ထောင်တိတိ)ကို တစ်ပါတည်းပေးသွင်းရမည် ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၆၀၂၆၄၊ ၆၀၃၀၅**
**၀၉-၆၅၂၅၄၀၅၊ ၆၅၂၅၄၀၆**


VALUESTAR EDUCATION CENTRE

English Language
2015 တွင် ဖွင့်လှစ်မည့် တန်းခွဲသစ်များ

| | | | |
|---|---|---|---|
| IELTS (Speaking & Listening) | 3.1.2015 | Sat-Sun | 7:00-9:00am |
| Spoken English | 6.1.2015 | Tue,Wed & Thu | 7:00-8:30 am |
| Spoken English | 3.1.2015 | Sat-Sun | 11:00-1:00pm |
| General English | 3.1.2015 | Sat-Sun | 1:00-3:00pm |

တန်းခွဲအားလုံး (8 Weeks) သင်တန်းများဖြစ်ပြီး လူဦးရေ ကန့်သတ်ထားပါသည်။

အမှတ်(၁၅)၊ ပထမထပ်၊ဦးထွန်းလင်းခြံလမ်းထိပ်၊လှည်းတန်း၊ကမာရွတ်။
09 - 5043580 , 09 - 5200547 , 01- 526534, 513526.


## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆေးရုံကြီးများတွင် အသုံးပြုရန် မိလ္လာစုပ်ယာဉ်(ဂါလန် ၈၀၀ ဆံ့)တစ်စီးအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄း၃၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးဦးစီးဌာန**
**ရုံးအမှတ်(၄)၊ နေပြည်တော်**
**ဖုန်း-၄၁၁၁၆၁၊ Fax:၄၁၁၄၇၈**

## တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးရှိ (က)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေလီလမ်းနှင့်ပုဏ္ဏမီလမ်းအကြား၊ (ခ)ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေလီလမ်းနှင့် ကမ်းနားလမ်းအကြား၊ (ဂ)ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၂)ရပ်ကွက် Town Centre အပိုင်း(၃)နှင့် (ဃ) သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်းအနီးတို့တွင် အကျိုးတူအိမ်ရာစီမံကိန်း ဆောင်ရွက်ရန်အတွက် ၂၉-၁၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့သော အိတ်ဖွင့် တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ တင်ဒါပိတ်ရက်အား ၁၆-၁-၂၀၁၅ ရက်သို့ ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

**အသေးစိတ်သိရှိလိုပါက စုံစမ်းရန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၂၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | 5(Q)Laboratory Equipments/Local Purchase/IRR/2014-2015 | Laboratory Equipments (8)Items |

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၉-၁-၂၀၁၅ ရက်(သောကြာနေ့) ၁၆း၀၀ နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသော အောက်ပါလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Network Structure | (1)Lot |
| (ခ) | Desktop Computer | (16)Sets |
| (ဂ) | UPS | (16)Nos |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၁-၂၀၁၅ ရက်၊ (၁၅း၀၀) နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
## အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ (၁၄)ရပ်ကွက်အနီး ဧရိယာ(၉.၃)ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်းရှိ ၁၆ ခန်းတွဲ ၃ထပ်တိုက်(၇)လုံး၊ ၆ ခန်းတွဲ ၄ထပ်တိုက်(၈)လုံးနှင့် လူနေဆိုင်ခန်း ၂ ခန်းတွဲ ၄ ထပ်တိုက်(၅)လုံး စုစုပေါင်းအဆောက်အအုံ (၂၀)လုံးတည်ဆောက်ခြင်းလုပ်ငန်း၊ လမ်း၊ ရေမြောင်း၊ Box Culvert လုပ်ငန်းနှင့်လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများအား တင်ဒါခေါ်ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်-

(၁) တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်နေ့ရက် - ၂၃-၁၂-၂၀၁၄ ရက် (အင်္ဂါနေ့)

(၂) တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့)

(၃) တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
**စီမံကိန်းဌာနခွဲ၊ နေပြည်တော်**
**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၅၂၇**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက် (ကြာသပတေးနေ့)၊ "ခရစ္စမတ်နေ့"သည် အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MORNING NINNI V.7 သင်္ဘောသည် ၂၅-၁၂-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် Secant Pile လုပ်ငန်း (လုပ်ငန်းပမာဏ ၂၀၀၀ မီတာ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - ၂၂-၁၂-၂၀၁၄ ရက်၊ ၉း၃၀ နာရီ
တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊ အချိန် - ၃၁-၁၂-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊ အချိန် - ၉-၁-၂၀၁၅ ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
## (၁၁)ကြိမ်မြောက် B.E/B.Arch/B.Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း - ၁၄-၂-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၅-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၅၀၀ိ/-
(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၀၀၀ိ/-
(ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ ×နှစ်လက်မ) အရွယ်ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၅-၁-၂၀၁၅ရက်နေ့မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြို လေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇန်နဝါရီလ၊ ၁၇ – ၁၈၊ (၄၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇန်နဝါရီလ (၁၇၊ ၁၈)ရက်တွင် ဦးရေ(၅၅၇၀)ပြည့် ၄၃–ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/–ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန – **သီတဂူ ရွှေပြည်ဟိန်း ကျေးဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကသံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း– ၀၁–၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉ ရွှေဗိုလ်တိုင်ကမ္ဘာ့ဇဘဏ် အရှင်ခေမာသီရိလက်ခံ (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်

## "မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

## ဦးဇော်ဝင်းလှိုင် AWARAT YADANAR

Container & Cargo General Transport Service

ချစ်ခင်ပွန်း ကိုဇော်ရဲ့ (23.12.2014) ရက်နေ့တွင် ကျရောက်သော "မွေးနေ့မင်္ဂလာ" ရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး ချစ်သားသမီးများနှင့်အတူ ကျန်းမာ ၊ ချမ်းသာ ပျော်ရွှင်မှု များစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်.....

| | |
|---|---|
| ချစ်ဇနီး | အေးအေးမာ (ဓဝရတ် စိန်ရွှေရတနာဆိုင်) |
| ချစ်သား ကြီး | ဖွဲ့လင်းထက်(Myanmar Imperial Collage ,HND) |
| ချစ်သမီးလတ် | သိမ့်ထက်ငြိမ်းစု (I.S.M(Grade -10)) |
| ချစ်သမီးလေး | မေမြတ်သူငြိမ်း(I.S.M (Grade -6)) |


**သန္တိ မေတ္တာ စေတနာ သာသနာ သုခ ချမ်းသာ မုဒ္ဒဂယာ ဘုရားဖူးအဖွဲ့**

သံဝေဇနိယ လေးဌာန၊ သွားကြ ဖူးမြော်မည်။ သံဝေဂများ ရယူပွား၊ လားကြနတ်တို့ပြည်။ မြတ်စွာစိန္တေ ဟောမိန့်ခြွေ၊ မှတ်စေလိုပါသည်။ သုခချမ်းသာ ရစေရာ၊ လိုက်ပါပို့ပါမည်။ ဆွမ်းပွဲအလင်းတိုင်မီး ဆက်ကပ်ပြီး၊ ခရီးထွက်ခွာမည်။ ပဋ္ဌာန်းတရားရွတ်ဆိုထား၊ ပွားများပူဇော်မည်။ ဒေသစုံစွာလိုက်ပို့ကာ၊ ရောက်မှာသေချာသည်။ သုခတိုးပွားချမ်းသာများ၊ မလားပါယ်ရှာဆီ...။

**၄ ပေဖော်ဝါရီလမှစ၍ ခရီးစဉ်များစတင်ပါမည်။ မိတ်ဟောင်းမိတ်သစ်များ စာရင်းပေးသွင်းနိုင်ပါသည်။**

ရန်ကုန် အမှတ်–၅၂(ဒုတိယထပ်)၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်။ မန္တလေး 09-2051359

09-420090399, 09-31089825, 09-250647821, 09-31629031



အကောင်းဆုံးကိုရွေးချယ်အပ်နှံတတ်သောမိဘများကြောင့်

ကျောင်းသားအင်အားအများဆုံးနှင့်သင်ကြားမှုအကောင်းဆုံးပုဂ္ဂလိကတက္ကသိုလ်

**VICTORIA UNIVERSITY COLLEGE**

"၂၀၁၅ - ကျောင်းသား၊ ကျောင်းသူသစ်များကို ကြိုဆိုပါသည်၊"

1. Construction & the Built Environment (Civil Engineering)
2. Electrical and Electronic Engineering
3. Mechanical / Mechatronic Engineering
4. Business (HR / Management / Finance / Marketing)
5. Computing and System Development
6. Health & Social Care

- တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများသည် အထက်ဖော်ပြပါ ဘာသာရပ်များအနက် နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (QCF Level 5) ရရှိရန် ၂ နှစ်ခွဲကြာ သင်ယူရမည်။
- Victoria University College မှ HND ရရှိသူတိုင်း B.E(Hons:), B.Sc(Hons:), B.A (Hons:)ဘွဲ့ကို ဗြိတိန်အစိုးရပိုင် University of Wolverhampton မှ မြန်မာနိုင်ငံ Victoria University College သို့ လာရောက်သင်ကြားမည့် Top Up Degree တန်းတွင် (၁)နှစ်သာ ဆက်လက်သင်ယူရမည်။ ယင်းတက္ကသိုလ်မှတိုက်ရိုက်ဘွဲ့ချီးမြှင့်မည်။
- နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း Victoria University College ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။
- VUC သည် ဗြိတိန်အစိုးရပိုင် UoW ၏တရားဝင်အသိအမှတ်ပြု ဖြစ်သည့်အပြင် Pearson BTEC နှင့် Public Private Partnership ပြုလုပ်ထားသည့်တစ်ခုတည်းသော Centre ဖြစ်ပါသည်။
- ၂၀၁၅ ဇန်နဝါရီတန်းခွဲသစ်များ သို့ တက်ရောက်ရန်အတွက် - ဝင်ခွင့်လျှောက်လွှာနှင့် အတူ အောင်မြင်ကြောင်း အထောက်အထား မူရင်းနှင့် မိတ္တူ၊ ပတ်(စ်)ပို့ဓါတ်ပုံ (၃)ပုံ နှင့်အတူ စတင်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားရေးရာဌာန -

အမှတ်(၁၆၆)အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊

ဖုန်း- 01-383132, 383133, 095104748, 09259271094


## ထိမ်းမြားမင်္ဂလာညည်ခံပွဲကျေးဇူးတင်လွှာ

၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၂၂ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျွန်တော်၊ကျွန်မတို့၏ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ နှင့် မင်္ဂလာညည်ခံပွဲများသို့ မေတ္တာစေတနာရှေ့ထားလျက် နွေးထွေးခင်မင်ရင်းနှီးစွာ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်း ညည်ပရိသတ်အပေါင်း နှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လှပ၍ ကြည်နူးပျော်ရွှင်ဖွယ်ကောင်းသော မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက် မှကူညီ ဆောင်ရွက်ပေးကြပါသောကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**SAM ဇင်မောင်လတ် + PATRICIA ဝင်းဖြူဖြူ**

## မင်္ဂလာဦးဆုတောင်းလွှာ

နှစ်ဖက်သောမိဘတို့၏ ချစ်ခြင်းမေတ္တာနှင့်ယှဉ်လျက် ဝတ္တရားရှိသည် နှင့် အညီ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ထိမ်းမြားမင်္ဂလာပြုကြသော ချစ်သား **မောင်ဇင်မောင်လတ်** နှင့် ချစ်သမီး **မဝင်းဖြူဖြူ** တို့၏ မင်္ဂလာဦး နေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်ခရီးလမ်းတစ်လျှောက်ထာဝရဘုရားသခင်ထံတော်မှ ကျေးဇူးတော်ကောင်းချီးမင်္ဂလာများစွာ ရရှိခံစားရပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နှစ်ဖက်သောမိဘများ**

**DR. မျိုးဟန် + DR.ခိုင်သဇင်လတ်**

**ဦးဝင်းအောင် (Woodland) + Dr. ခင်ဝင်းကြည်**

# Congratulations

Congratulations and God Bless to Patricia Win Phyu Phyu, only daughter of U Win Aung (Woodland) & Dr. Khin Win Kyi and Sam Zin Mg Latt, son of Dr. Myo Han & Dr. Khaing Thazin Latt on your marriage on 22nd Dec, 2014.

From,

Aunty Greta & Uncle Anthony


**မြေကွက်ရောင်းမည်**

ပေ(၆၀×၆၀)၊ မြေဖို့ပြီး မဟော်ဂနီလမ်း၊ ဇေယျာမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့။

စုံစမ်းရန်ဖုန်း-၀၉၇၃၇၉၀၁၅၁၊ ၃၁၄၀၀၀၇၉၊ ၀၅၇-၂၇၃၂၂

**ခြံရောင်းမည်**

သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်(VIP 1)၊ ပေ(၄၀×၁၁၅)၊ (ခြံဝင်းခတ်ပြီး)

ဆက်သွယ်ရန်ဖုန်း-၀၉-၈၆၃၆၉၃၄

**မြေကွက်ဝယ်လိုသည်**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်း

09 255781353

09 250644566

09 254046497

SiES TOURISMSCHOOL

ဦးကျော်စိုးလှိုင် သင်ကြားသည်။

ဧည့်လမ်းညွှန် ဝင်ခွင့် အမှတ်စဉ်(၄၈)

အမှတ်စဉ်(၄၆–၄၇)မှာ (၄၁)ယောက်တိတိ ဝင်ခွင့်ရခဲ့တဲ့ သင်တန်း

Hledan, Insein Road ,09-5406533

27thDec စမည်

